www.dhammaransi.com

သဗ္ဗေသင်္ခါရာအနိစ္စာ, ဒုက္ခာ, အနတ္တာဟု ဘုရားရှင်
ဟောကြားတော်မူအပ်သော တရားတော်အရ
သင်္ခါရတရားတို့ပြုပြင်စီရင်ပုံ
သင်္ခါရချုပ်ငြိမ်းရန်ကျင့်ပုံ
သင်္ခါရချုပ်ငြိမ်းပြီး နိဗ္ဗာန်ဆိုက်ပုံကိုပြဆိုသော

ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရား
စာစု

# သင်္ခါရဘာဇနီကျမ်း

သာသနာရေး ဦးစီးဌာန သို့
အရှင်ကော[illegible] မှ
လှူဒါန်းပါသည်။

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၃၄၉၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့

www.dhammaransi.com

# နိဒါန်း

သဗ္ဗေသင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

ဤ–ဒေသနာတော်အရ အလုံးစုံ ဖြစ်ပျက်သမျှသော တေဘူမိက သင်္ခါရတရားတို့သည် အတည်မမြဲ ဆင်းရဲဒုက္ခ, စိုးမရသည်တို့ကို ဝိပဿနာပညာ, မဂ်ပညာဖြင့် ထင်လာ မြင်လာအောင် နှလုံးသွင်းနိုင်ပါက ဧကန်မုချ ဒုက္ခဝဋ္ဋ အကြောင်းစုမှ စင်ကြယ်ရာ–စင်ကြယ်ကြောင်း လမ်းကောင်းကို တွေ့ကြရပေမည်။

ထို့ကြောင့်– ဤ**"သင်္ခါရဘာဇနီ"** မည်သော ကျမ်းကို ထိုထို သင်္ခါရတို့၏ တရားကိုယ်, သဘာဝ, အရကောက်, တို့ကို ရှင်းလင်းစွာ ဖော်ပြခြင်း။

ထို-ကံ, သင်္ခါရတို့ကို အားထုတ်သော ပုဂ္ဂိုလ်တို့၏ လားရောက်ရာဌာန ပြုကြဘွယ်အမှု အကျိုးပေးပုံ အစုစုတို့ကို သေချာစွာ ထုတ်ပြခြင်း။

ကုသလကမ္မသင်္ခါရတို့ကို ပြုကြသဖြင့် အဆင့်ဆင့် မြင့်ရာမြင့်ရာတက်၍ မဂ်, ဖိုလ်, တိုင်အောင် ရောက်ကြပုံတို့ကို ထုံးပုံနှင့်တကွ အကျယ်ဖွင့်ပြခြင်း။

အကုသလာကမ္မသင်္ခါရအမှု ပြုကြသူတို့လည်း အမျိုးမျိုးသော ဒုက္ခ၊ ကမ္မကရဏာတို့ဖြင့် အနှိပ်အစက်ခံရပုံ ငရဲကြီး ငရဲငယ် အသွယ်သွယ်တို့၌ ဆင်းရဲဒုက္ခ မချိလှအောင် ခံရပုံတို့ကို ကြောက်ဖွယ်ဘနန်း ကြက်သီးဖျန်းမှု ဖြစ်စေရအောင် ပုံသက်သေ ထုတ်ဆောင်လျက် ကွက်ကွက်ကွင်းကွင်း ထင်လင်းအောင် ပြဆိုခြင်းတို့ဖြင့် ပညာရှိပုဂ္ဂိုလ်တဦး ထုတ်ဆို ရေးသားစီရင်ခဲ့သည် ဖြစ်ပါကြောင်း။

H.139-A

www.dhammaransi.com

# နိဒါန်း

ယင်းကဲ့သို့ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ အမြဲမပြတ် ကြည့်ရှုအပ်သော အလွန်ကောင်းမွန်သော ကျမ်းစာကို ကျွန်ုပ်တို့ **ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်** က သိုက်မြိုက်ကောင်းမွန်စွာ အထားအသို,အဖြတ်အတောက်,ရှေ့နောက်ဝါကျပဒသမ္ဗန္ဓ ကျနကောင်းမွန်စွာ စီစဉ်လျက် ပုံနှိပ်ထုတ်ဝေလိုက်ပါကြောင်း။

ထို‘‘**သင်္ခါရဘာဇနီကျမ်း**’’ကို သတိပညာဖြင့် ကောင်းစွာ ကြည့်ရှု သုံးသပ်တော်မူကြကုန်သော သူတော်ကောင်းတို့သည် အားထုတ်အပ်သော တရားတို့ကို အားထုတ်၍ ပယ်အပ်သော တရားတို့ကို ပယ်နိုင်ကြပြီးလျှင် ကြောက်မက်ဖွယ် အသွယ်သွယ်တို့ကို ကြောက်လန့်အောင်နှလုံးပြုခါ ပွါးများအပ်သော သမထ,ဝိပဿနာတို့ကို လေးစားစွာ ပွါးများ၍ သင်္ခါရတရားအပေါင်းတို့၏ ကင်းပြတ်ချုပ်ငြိမ်း လက်စသိမ်းရာ, မဟာအသင်္ခတဓာတ်မြတ်သော နိဗ္ဗာန်သို့ ရောက်နိုင်ကြပါစေသောဝ်။

‘‘ဟံသာဝတီ’’

www.dhammaransi.com

# မာတိကာ


စာမျက်နှာ

ကမ္မသင်္ခါရ ...... ...... ...... ၂
အကျိုးပေးစဉ်အားဖြင့် ကံတနည်း ...... ...... ၅
အကျိုးပေးရာအားဖြင့် ကံတနည်း ...... ...... ၈
စိတ္တသင်္ခါရ ...... ...... ...... ၁၁
ဥတုသင်္ခါရ ...... ...... ...... ၁၃
အာဟာရသင်္ခါရ ...... ...... ...... ၁၃
သဗ္ဗသင်္ခါရာအရ—သင်္ခါရပေါင်း ...... ၁၃
သင်္ခါရကြောင့်ဖြစ်သော ရုပ် ...... ...... ၁၄
သင်္ခါရကြောင့်ဖြစ်သော ပဋိသန္ဓေ ...... ...... ၁၅
အားထုတ်ရာတရား ...... ...... ...... ၁၇
ကံသင်္ခါရ ပြုပြင်နှိပ်စက်ပုံနှင့် ကံသင်္ခါရကို ဖြစ်ကြောင်း
ဒါနကထာ ...... ...... ...... ၁၈
စေတနာသုံးတန် အပြစ်အကျိုး ...... ...... ၁၉
တနည်း စေတနာသုံးပါး ...... ...... ၂၃
သီလကထာ ...... ...... ...... ၂၉
ပဉ္စသီလကြောင့် တပြည်တောင်လုံးချမ်းသာပုံ ...... ၃၆
ရှစ်ပါးသီလအကျိုး ...... ...... ...... ၃၇
ဘာဝနာကထာ ...... ...... ...... ၄၅
ဗုဒ္ဓါနုဿတိအကျိုး ...... ...... ...... ၄၆
ဒါန,သီလ,ဘာဝနာ-တို့၌ ဥပမာများ ...... ၅၄
ပွါးစေအပ်သောတရားတို့၏ ဥပမာများ ...... ၅၇
အဆုံးအမတော် ...... ...... ...... ၆၁
ယာဉ် ၃—ပါးတို့၌ လက္ခဏာ စသည် ...... ၆၃
ခန္ဓာ ၅—ပါး၌ လက္ခဏာစသည် ...... ၆၄

www.dhammaransi.com

# မာတိကာ


| | စာမျက်နှာ |
|---|---|
| ခန္ဓာ ၅-ပါးတို့၏ ဥပမာ ...... ...... | ၆၅ |
| ဘုံပုဂ္ဂိုလ် ...... ...... ...... ...... | ၆၆ |
| အရင်းအနှီးရှာရာဌာန ...... ...... ...... | ၆၇ |
| မကောင်းကျင့်သူတို့၏လားရာဘုံ ...... ...... | ၆၉ |
| သေခြင်း ၄–ပါး ...... ...... ...... | ၇၁ |
| နိမိတ် ၃–ပါး ...... ...... ...... | ၇၄ |
| ဒေဝဒူတသုတ်လာ အဓိပ္ပါယ် ...... ...... | ၇၅ |
| ၃၂–ဖြာ ကံကြမ္မာ ...... ...... ...... | ၇၇ |
| သံဝေဂလင်္ကာများ ...... ...... ...... | ၈၃ |
| မဟာဒုက်ဝတ္ထု ...... ...... ...... | ၈၆ |
| ပဏ္ဍိတသာမဏေဝတ္ထု ...... ...... | ၉၂ |
| အကုသိုလ်ကျိုးရုပ်ဝတ္ထု ...... ...... | ၉၆ |
| သဒ္ဒါရုံ၏ဂုဏ်ကျေးဇူး ...... ...... | ၁၀၉ |
| လောဘာဂတိအကျိုး ...... ...... ...... | ၁၁၁ |
| အကုသိုလ်ဥပပီဠကကံအကျိုး ...... ...... | ၁၁၂ |

www.dhammaransi.com



# သင်္ခါရဘာသာဋီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

(ဗုဒ္ဓပ္ပဏာမ)

## သင်္ခါရပါဠိအနက်

သဗ္ဗေ သင်္ခါရာ အနိစ္စာ။
သဗ္ဗေ သင်္ခါရာ ဒုက္ခာ။
သဗ္ဗေ ဓမ္မာ အနတ္တာ။ ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ကံ,စိတ်,ဥတု,အာဟာရ–တည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင်စီရင်အပ်ကုန်သော ရုပ်, နာမ်, ခန္ဓာ တရားအစု အပေါင်း တို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ကံ,စိတ်,ဥတု,အာဟာရ–တည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင်စီရင်အပ်ကုန်သော ရုပ်, နာမ်, ခန္ဓာ တရားအစု အပေါင်း တို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။

www.dhammaransi.com



သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ ရုပ်, နာမ်, ခန္ဓာ, နိဗ္ဗာန်, ပညတ်,ဟု ဆိုအပ်သော တရားအပေါင်းတို့သည်။ အနတ္တာ၊ အတ္တ မဟုတ်ကုန်။ ဝါ၊ တစုံတယောက်သောသူမှ အစိုးရသော တရား မဟုတ်ကုန်။ ဝါ၊ အလိုသို့လိုက်သော တရား မဟုတ်ကုန်။

ဤကား-ပါဠိ၏အနက် တည်း။

## အဓိပ္ပါယ်

**အဓိပ္ပါယ်ကား**…သဗ္ဗေ ဟူသောပုဒ်၌ များသောအနက်ရှိ၏။ ။ အဘယ်ကဲ့သို့များသောအနက်ရှိသနည်း။ ။ ကံ,စိတ်,ဥတု,အာဟာရ–ဟူ၍ အကြောင်းတရား လေးပါးတည်း။

## ကမ္မသင်္ဂါရ

ထို လေးပါးတို့တွင်–

**ကံ**……ကံသည် ဥဒ္ဒေသ[၁] အားဖြင့် ကုသလာ ဓမ္မာ။ အကုသလာ ဓမ္မာ–ဟူ၍ ဘုရားဟောတော် မူသောကြောင့် နှစ်ပါးတည်း။ ။ထိုနှစ်ပါးတို့တွင် ကုသလာဓမ္မာဟူသော ပဌမပုဒ်၏ အရဖြစ်သော စိတ္တုပ္ပါဒ်[၂] ကား–ကုသိုလ် နှစ်ဆဲ့တခု, စေတသိက် သုံးဆဲ့ရှစ်ခု–ဤသို့အားဖြင့် နှစ်ရပေါင်း၍ ငါးဆဲ့ကိုးခု ဖြစ်၏။ ။ အကုသလာ ဓမ္မာဟူသော နောက်ပုဒ်၏ အရဖြစ်သော စိတ္တုပ္ပါဒ် ကား–အကုသိုလ်စိတ် တဆဲ့နှစ်ခု, စေတသိက် နှစ်ဆဲ့ခုနစ်ခု–နှစ်ရ ပေါင်း၍ သုံးဆဲ့ကိုးခုဖြစ်၏။

ဤသို့ ကုသိုလ်အကုသိုလ်နှစ်ခုပေါင်း၍ ကိုးဆဲ့ရှစ်ခုဖြစ်၏။ ဤ ကိုးဆဲ့ရှစ်ခုသည် သဗ္ဗေပုဒ်သို့ကား ဝင်၏၊ ဝင်ရာ တွင် ကုသိုလ်စိတ် ၂၁-ခုနှင့်ရှိသောစေတနာ ၂၁-ခု, အကု သိုလ်စိတ် ၁၂-ခုနှင့်ရှိသော စေတနာ ၁၂-ခုကိုသာ ကုသိုလ် ကံ အကုသိုလ်ကံဟု မှတ်ယူရမည်။

---

၁။ ဥဒ္ဒေသ-အကျဉ်းပြခြင်း။

၂။ စိတ္တုပ္ပါဒ်-စိတ်၊ ထိုစိတ်နှင့်တကွဖြစ်သောစေတသိက်တရားများ။

www.dhammaransi.com



**ဖြစ်ရာဒွါရ**.....ထိုကိုးဆဲ့ရှစ်ချတို့၏ ဖြစ်ရာဒွါရကား—ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ-ဟူ၍ သုံးပါး အပြား ရှိ၏။ ထိုသုံးပါးတို့တွင် ကာယဝိညတ်သည် ကာယဒွါရ မည်၏။ ဝစီဝိညတ်သည် ဝစီဒွါရ မည်၏။ စိတ်သည် မနောဒွါရမည်၏။

**ဖြစ်သောစရိုက်**....ဖြစ်သော စရိုက်ကား—ကာယ ဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါး၊ မနောဒုစရိုက် သုံးပါး-အားဖြင့် ဒုစရိုက် ဆယ်ပါး။ ။ကာယသုစရိုက်သုံးပါး၊ ဝစီသုစရိုက် လေးပါး၊မနောသုစရိုက် သုံးပါး-အားဖြင့် သုစရိုက် ဆယ်ပါး။ ။ဤသို့လျှင် ဒုစရိုက်ဆယ်ပါး၊ သုစရိုက်ဆယ်ပါး-ဖြစ်၍ ဒွါရ၌ဖြစ်သောစရိုက်သည် ၂၀-ဖြစ်၏။ ထို ၂၀-တို့တွင်-

(၁) ပါဏာတိပါတ၊အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ—ဤသုံးပါးကား ကာယဒုစရိုက် ကာယကံလည်း ဟူ၏။

(၂) မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ—ဤလေးပါးကား ဝစီဒုစရိုက် ဝစီကံလည်း ဟူ၏။

(၃) အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ—ဤသုံးပါးကား မနောဒုစရိုက် မနောကံလည်း ဟူ၏။

(ဤ-ဒုစရိုက်ဆယ်ပါးကိုကြဉ်လျှင် သုစရိုက်ဆယ်ပါး ဖြစ်၏။)

ဤသို့ အကုသိုလ်စရိုက်။ ၀၊ အကုသိုလ်ကံ ဆယ်ပါး။ ကုသိုလ်စရိုက်။ ၀၊ ကုသိုလ်ကံ ဆယ်ပါးဟူ၍ ဒွါရ၌ဖြစ်သော စရိုက်ကံသည် နှစ်ဆယ်အပြားရှိ၏။ ။ဤနှစ်ဆယ်နှင့် ယခင်မူလရင်း ဖြစ်သော ကိုးဆဲ့ရှစ်ပါးပေါင်း၍ တရာ့တဆဲ့ရှစ်ပါး ဖြစ်၏။

**ပုည ကိရိယာ**.....ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ။

ဤဆယ်ပါးကား-ပုညကိရိယာ တရားဆယ်ပါးတည်း။

ထိုဆယ်ပါးတို့တွင် ဒါန၊အပစာယန၊ ဝေယျာဝစ္စ၊ ဤသုံးပါးကို ကာယသုစရိုက်။ ။ဓမ္မဒေသနာ၊ဘာဝနာ၊ ပတ္တိဒါန၊ ပတ္တာ

နှမောဒနံ၊ ဤလေးပါးကို ဝစီသုစရိုက်။ ။သီလ၊ဓမ္မဿဝနံ၊ဒိဋ္ဌိဇုကမ္မ၊ ဤသုံးပါးကို မနောသုစရိုက်ဟု ဝိတဏ္ဍာဝါဒီ ပုဂ္ဂိုလ်တို့ဆိုကြ၏။(ကျမ်းဂန်တို့၌ကား သည်ကဲ့သို့မဆို။)

**ကံ၊တနည်း**……ထိုတရားတဆဲ့ရှစ်ပါးတို့ကြောင့်ဖြစ်ပြန်ရသော ကံတနည်းကို ပြဆိုပေအံ့။ ။ထိုသို့သော ကံ၏ အကျိုးဆက်ကြောင့် ဝိပါက် ပဋိသန္ဓေ ကဋတ္တာရုပ်ကို ဖြစ်စေခြင်းသည် ဇနကကံမည်၏။ ။ထိုပဋိသန္ဓေမှစ၍ အစဉ်အတိုင်း မြဲမြံခိုင်ခံ့အောင် ထောက်ပံ့ခြင်းသည် ဥပတ္ထမ္ဘကကံမည်၏။ ။ ထိုသို့ထောက်ပံ့သော ကုသိုလ်ကံကို အကုသိုလ်ကံနှိပ်စက်ခြင်း။ ထောက်ပံ့သော အကုသိုလ်ကံကို ကုသိုလ်ကံနှိပ်စက်ခြင်းသည် ဥပပီဠကကံမည်၏။ ။ကုသိုလ်ကံအကျိုးပေးဆဲ၌ အကုသိုလ်ကံ ကပ်၍ဖြတ်ခြင်း။အကုသိုလ်ကံအကျိုးပေးဆဲ၌ ကုသိုလ်ကံ ကပ်၍ ဖြတ်ခြင်းသည် ဥပဃာတကကံမည်၏။

ဤကား-ကိစ္စအားဖြင့် လေးပါးတည်း။

**ပမာတန္တု**…ထိုလေးပါးတို့တွင် ပမာ[၁]တန္တု[၂]ကိုဆိုပေအံ့။ ။ အကြင်လယ်ထွန်ယောကျ်ားသည် ကြိုးစားအား ထုတ်၍ လယ်ကိုထွန်သကဲ့သို့ မိမိပြုအပ်သောကုသိုလ် အကုသိုလ် ကို လုံးပန်းကြသဖြင့် လယ်ညက်၍ ထွန်ရေးရသောအခါ မျိုးစေ့ ကြဲသောအခါတို့နှင့်ကား ဇနကကံနှင့်တူ၏။ ။မျိုးကြဲသည်မှစ၍ ခြံကာခြင်း ရေသွင်းခြင်းကို ပြုသည်နှင့်ကား ဥပတ္ထမ္ဘကကံနှင့် တူ၏။ ထိုသို့ လုံ့လထုတ်ဆဲ မိုဃ်းခေါင်၍ ကောက်ပင်တို့သည် ညှိုးလေ သည်နှင့်ကား ဥပပီဠကကံနှင့်တူ၏။ ထိုသို့လုံ့လပြုဆဲ၌ တောမီးလောင်၍ လယ်ကိုလောင်သည်နှင့်ကား ဥပဃာတကကံ နှင့်တူ၏။

ဤကားပမာတန္တုတည်း။

---

၁။ ပမာ-(ပါဠိပျက်)နှိုင်းယှဉ်ခြင်း။
၂။ တန္တု-(ဝေါဟာရ)နှိုင်းယှဉ်ခြင်း။

www.dhammaransi.com



**ကုသိုလ်အရာ၌**……ပုဂ္ဂိုလ် အားဖြင့် ပြဆိုပေအံ့- ဒေဝဒတ်ကို သာကီဝင်မင်းမျိုးတို့၌ ပဋိသန္ဓေ ကဋတ္တာရုပ်ကိုဖြစ်စေခြင်းသည် ကုသိုလ်ဇနကကံ မည်၏။ ။ထိုပဋိသန္ဓေမှသည် ကြီးမားမြင့်မြောက် အရွယ်သို့ရောက်လျှင် ဘုရားသခင်ထံ၌ ရဟန်းပြု၍ ဈာန်သမာပတ်ကို ရသည်တိုင်အောင် ဥပတ္ထမ္ဘကကံ မည်၏။ ။ဘုရားသခင်ကို ပြစ်မှား၍ ဈာန်သမာပတ်လျှောကျသည်မှ စ၍ မြေမျိုသည့်အရပ်တိုင်အောင် ဥပပီဠကကံ မည်၏။ ။ထိုအရပ်၌ ရောက်၍ မြေမျိုလေသောအခါသည် ဥပဃာတကကံ မည်၏။

**အကုသိုလ်အရာ၌ကား**……ဇမ္ဗုကသည် တိတ္ထိတက္ကတွန်းအမျိုး၌ ပဋိသန္ဓေကဋတ္တာရုပ်ကို ဖြစ်စေခြင်းသည် အကုသိုလ်ဇနကကံ။ ။ပဋိသန္ဓေမှစ၍ အချိန်အရွယ်ရောက်သည့်တိုင်အောင် မစင်ကိုစားခြင်း မြေ၌အိပ်ခြင်း အဝတ်မဝတ်ခြင်း ဤသို့သော အကုသိုလ်တရားသည် မြတ်စွာဘုရားတရားတော်ကို နာရသောအခါတိုင်အောင် အကုသိုလ် ဥပတ္ထမ္ဘကကံ။ ။မြတ်စွာဘုရားတရားတော်ကိုနာ၍ ဇာတိဿရဉာဏ်ကို ရ၍ ဂေါတြဘူတိုင်အောင် ကုသိုလ်ဥပပီဠကကံ။ ။ဂေါတြဘူမှ တက်၍ သောတာပတ္တိမဂ်သို့ရောက်သောအခါ အကုသိုလ်အကျိုးကို ကုသိုလ်ကံကပ်၍ဖြတ်သော ဥပဃာတကကံမည်၏။

ဤကား ကိစ္စအားဖြင့်ဖြစ်သော လေးပါးသောကံတည်း။
လေးပါး၏သရုပ်,ဥပမာ,ပုဂ္ဂိုလ်ကိုပြသောနည်းမှတ်လေ။

**အကျိုးပေးစဉ်အားဖြင့်ကံတနည်း**…… တနည်းလည်း ဂရုကံ။ အာသန္နကံ။ ။အာစိဏ္ဏကံ။ ။ကဋတ္တာကံ-ဟူ၍ အကျိုးပေးသော အစဉ်အားဖြင့် လေးပါးရှိ၏။ ထိုလေးပါးတို့တွင်—

www.dhammaransi.com



**ဂရုကံ**……ဂရုကံဟူသည်ကား အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံ၊ ကုသိုလ်အရာ၌ မဟဂ္ဂုတ်လောကုတ္တရာကံ။

**အာသန္နကံ**……အာသန္နကံ ဟူသည်ကား သေခါနီးဆဲဆဲ၌ ပြုအပ်အောက်မေ့အပ်သော ကုသိုလ်ကံ အကုသိုလ်ကံ။

**အာစိဏ္ဏကံ**……အာစိဏ္ဏကံဟူသည်ကား မပြတ်မလပ် လေ့ကျက်အပ်သော ကုသိုလ်ကံ အကုသိုလ်ကံ။

**ကဋတ္တာကံ**……ကဋတ္တာကံဟူသည်ကား ရံခါကုသိုလ် ရံခါအကုသိုလ်ကိုပြုလိုကာမတ္တဖြစ်သောကံ-ဤသို့ လေးပါးသောလက္ခဏာရှိ၏။

**ပမာတန္တို**……ထိုလေးပါးတို့၏ ပမာတန္တိုကား-ဂရုကံသည် ကေသရာခြင်္သေ့မင်းနှင့် တူ၏၊ ကေသရာခြင်္သေ့မင်းကို တစုံတခုသော သတ္တဝါတို့သည် မတိုးမဖောက်နိုင်သကဲ့သို့ တစုံတခုသောကံမျှ မတတ်နိုင်ရာ။ ။အာသန္နကံကား နွားအိုနှင့်တူ၏။ နွားအိုသည် စားကျက်ကပြန်သောအခါ နောက်ဆုံးကျ၍ ခြံဝ၌သာ အိပ်ရလေသည်။ခြံဖွင့်သောအခါ သူတကာတို့၏ ရှေ့ဦး စွာ ထွက်ရလေ၏။ ထို့အတူနီးသောအဖြစ်ရှိ၏။ ။ အာစိဏ္ဏကံကား မပြတ်ကိုယ်၌ ဝတ်ဆင်အပ်သော ပုဆိုးအဝတ်နှင့်တူ၏။ မပြတ်မလပ် အောက်မေ့အပ်သော ကြောင့်တည်း။ ။ ကဋတ္တာကံကား ခေါက်၍ ကောင်းမွန်စွာ ထားအပ်သောပုဆိုးသစ်အဝတ်သစ်နှင့် တူ၏၊ ရံခါရံခါ အလိုရှိမှ ဝတ်ဆင်သကဲ့သို့တည်း။

**ပုဂ္ဂိုလ်အားဖြင့်ကား**……ထိုတွင် ပုဂ္ဂိုလ်အားဖြင့်ကား အဇာတသတ်မင်းသည် ဇမ္ဗူဒိပ်တကျွန်းလုံးတွင် အတုမရှိသော သဒ္ဓါတရားနှင့်ပြည့်စုံသည် ဖြစ်၍ ဘုရားသခင်နှင့် နေ့ညဥ့်မပြတ် အကျွမ်းဝင်ခြင်း ကိုးကွယ်ခြင်း တို့ဖြင့် မဂ်ဖိုလ် ရလောက်အောင် ကုသိုလ် ပြုပါသော်လည်း အဘကို

www.dhammaransi.com



သတ်သော ဂရုကံကို မတားမြစ်နိုင်ချေ ငရဲ၌ ခံရချေသည်။ ။ အရှင်အင်္ဂုလိမာလထေရ်သည် များစွာသော သတ္တဝါတို့ကို သတ်ဖြတ်၍ လက်ညှိုးကိုဖြတ်သော အပြစ်တည်းဟူသော အတိုင်းမသိသော အကုသိုလ်ကံ ရှိပါလျက် လောကုတ္တရာသို့ ရောက်၍ ရဟန္တာဖြစ်လေက အကြွင်းမဲ့ကုန်လေ၏။

ဤကား-ထင်ရှားသိအပ်သော သက်သေတည်း။

အာသန္နကံသည် အဘယ်သူကို ထောက်၍သိရအံ့နည်း၊ တမ္ဗဒါဌိက သူသတ်ကြီးသည် တသက်လုံး လူကိုသတ်လျက် အရှင်သာရိပုတ္တရာကို ဆွမ်းလှူ၍ တရားနာရသော နေ့၌ သေလေ၍ နတ်ပြည်၌ ဖြစ်ရခြင်း။ ။ဓမ္မိကတံငါသည်သည် သေခါနီးဆဲဆဲ၌ အရှင်အနုရုဒ္ဓါကို ပင့်လျက် တရားနာရ၍ နတ်ပြည်၌ ဖြစ်ရခြင်း။ ။မလ္လိကာ မိဖုရားသည် ဘုရားကို မပြတ် ဆည်းကပ်ကိုးကွယ်လျက် သေခါနီး၌ တကြိမ် လင်ကို ပြစ်မှားမိသော အပြစ်ကို အောက်မေ့မိ၍ မဟာအဝီစိသို့ ကျခြင်း။ ။သိရိဓမ္မာသောကမင်းကြီးသည် ပိဋကတ်သုံးပုံကိုဆောင်၍ ဇမ္ဗူဒိပ်ကျွန်းအလုံးကိုနှံ့အောင်စေတီပုထိုး၊ ရေတွင်း၊ ရေကန်၊ သိမ်၊ ကျောင်း—စသည်တို့ကို လှူခြင်း။ သားတော် သမီးတော် တို့ကို ရဟန်းဖြစ်စေခြင်း။ ဤသို့အထူအထယ် ကျယ်ဝန်းကြီးမားသော ကုသိုလ်ကံ ရှိပါလျက် သေခါနီး အမျက်ထွက်၍ စပါးကြီးမြွေဖြစ်ရခြင်း။ ။ ဤသက်သေ ဝတ္ထုကျမ်းဂန်တို့ကို ထောက်၍သိရ၏။

အာစိဏ္ဏကံ အကျိုးကြောင့် ဓမ္မိကဥပါသကာသည် မပြတ်မလပ် ရှစ်သိတင်း ဥပုသ်ဆောက်တည်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား နိစ္စဘတ်ပြုလျက် ကုသိုလ်ကို မပြတ်ပြု၍ သေခါနီးသောအခါ နတ်ပြည်ခြောက်ထပ်က ရထားခြောက်ဆူတို့သည်လာ၍ အလုအယက်တင်ကြရာ တုသိတာ နတ်ပြည်သို့ ပါလေခြင်း။ ။ဂေါဃာတကနွားသတ်သမား,စုန္ဒဝက်ထိုးသမား-တို့သည် မသေခင် ခုနစ်ရက်ကပင် နွားလို ဝက်လို အော်၍

www.dhammaransi.com



ရှစ်ရက်နေ့မှ သေ၍ မဟာအဝိစိငရဲ၌ ဖြစ်ရခြင်း ဤသို့သော ကျမ်းဂန်သက်သေကိုမှီ၍ သိရာ၏။

ကဋုတ္တာကံအကျိုးကား ယေဘုယျ¹အား.ဖြင့် များလှသေး၏။ သုဂတိ ဒုဂ္ဂတိ နှစ်ပါးလျော်ရာ လျော်ရာ ကျလေ၏။

ဤကား-အကျိုးပေးသော အစဉ်အားဖြင့် လေးပါးတည်း။

**အကျိုးပေးရာအားဖြင့် ကံတနည်း**……ဒိဋ္ဌဓမ္မဝေဒနီယကံ။ ။ ဥပပဇ္ဇဝေဒနီယကံ။ ။ အပရာပရိယဝေဒနီယကံ။ ။အဟောသိကံ–ဟူ၍ အကျိုးပေးသော ဌာနအားဖြင့် လေးပါးတည်း။

ထိုလေးပါးတို့တွင်–

**ပဌမတန္တုကား**……သူရင်းငှါးလုပ်သော ယောက်ျားသည် ယနေ့ပင်လုပ်သော အခကို ယနေ့ပင်ရ၍ သုံးစားသည်နှင့်ကား ဒိဋ္ဌဓမ္မဝေဒနီယကံနှင့်တူ၏။ ။လယ်လုပ်ယာခုတ်သော သူတို့သည် မိုးဦးကလုပ်၍ မိုးနှောင်းမှစားရ သုံးဆောင်ရသည်နှင့်ကား ဥပပဇ္ဇဝေဒနီယကံနှင့် တူ၏။ ။ဘိုးဘွား လက်ထက် မိဘလက်ထက်က သည်-ကိုယ့်လက်ထက် တိုင်အောင် အဆက်မပြတ် သုံးဆောင်ရသော အမွေဥစ္စာရပ်နှင့်ကား– အပရာပရိယဝေဒနီယကံနှင့် တူ၏။ ။မြစ်တဘက်၌နေသော သူသည် မြစ်တဘက်၌နေသောသူကို တစုံတခုသော ဝတ္ထုဖြင့် ပစ်လိုက်၍ ပေးသည်ကို ထိုသူ့လက်သို့ မရောက်ဘဲ ရေလယ်၌ ကျသကဲ့သို့ကား–အဟောသိကံနှင့် တူ၏။

ဤကားပဌမတန္တုတည်း။

**ပုဂ္ဂိုလ်အားဖြင့်ကား**……ပုဏ္ဏ သူဆင်းရဲသည် အရှင်သာရိပုတ္တရာကိုမျက်သစ် တံပူ ရေလှူ၏။ မယားကလည်း ယာဂုလှူ၏။ ထိုလှူသောနေ့၌ တလပတ်လုံးထွန်

၁။ ယေဘုယျ-များသောအားဖြင့်။

www.dhammaransi.com



သော ထွန်ချေးတို့သည် ရွှေသားအတိဖြစ်လေခြင်း။ ။သီတင်းသည် ဥပါသကာသည် အရိယာဥပုသ်ကို မြတ်စွာဘုရား ဆုံးမတိုင်း တောသို့သွား၍ ပဉ္စောင်ပင်အောက်၌ စောင့်ရှောက်သောအခါ ရတနာခုနစ်ပါးတို့ကို လှည်းငါးရာဖြင့် တင်၍ ပေးလာခြင်း။ ။သိဟိုဠ်ကျွန်း၌ မိန်းမတယောက်သည် ထင်းခွေသွားရာ ရဟန္တာ တပါးကို မြင်၍ မိမိအပေါ်ရုံကိုခွာ၍ လှူလိုက်လျှင် ရဟန္တာ ကြွတော်မူသည်နောက် ခဏခြင်းဖြင့် နတ်ပဆိုးငါးရာတို့ကိုရလေခြင်း။ ။ဤကား-ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။

စိဉ္စမာနသည် ဘုရားကိုပြစ်မှား၍ မျက်မှောက်ဆဲဆဲ၌မြေမျိုလေခြင်း။ ။ဒေဝဒတ်ကို မြေမျိုခြင်း။ ။ဘထွေးတော်သုပ္ပဗုဒ္ဓသာကီဝင်မင်းကို မြေမျိုခြင်း။ ။ဥပ္ပလဝဏ် ရဟန္တာမကို ပြစ်မှားသော သူဌေးသားနန္ဒကို မြေမျိုခြင်း။ ။ဗာရာဏသီ သူဌေးသို့ ရေဝတီသည် ရဟန်းသံဃာကို ပြစ်မှား၍ အရှင်လတ်လတ်ပြာသာဒ်[၁] ထက်က နတ်ကြီးလေးပါး ယူ၍ ငရဲသို့ ချလိုက်ခြင်း။ ။ဤသူတို့သည် အကုသိုလ် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။

မဥ္ဇကုဏ္ဍလီသူဌေးသားသည် ဘုရားသခင် ရောင်ခြည်တော်လွှတ်သော အရောင်ကို အလွန်တရာ ကြည်ညို၍ သေလေသော် တာဝတိံသာနတ်ပြည်၌ ဖြစ်ရခြင်း။ ။ဆတ္တမာဏဝလုလင်သည် ဘုရားသခင်အထံ သရဏဂုံ ဆောက်တည်၍ ဥက္ကာမှ ပြည်သို့သွားရာ ခရီးကြွေ့၌ ခိုးသူသတ်၍သေလေသော အခြားမဲ့၌ တာဝတိံသာနတ်ပြည်၌ ဖြစ်ရခြင်း။ ။နန္ဒိယကုန်သည်သည် မိဂဒါဝုန်တော၌ ဘုရားသခင်အထံ ဆည်းကပ်လှူဒါန်းပူဇော်ခြင်း, သရဏဂုံ ပဉ္စသီဥပုသ် ဆောက်တည်ခြင်း-ကြောင့် တာဝတိံသာနတ်ပြည်၌ ဖြစ်ခြင်း။ ။ဤသူတို့သည် ကုသိုလ်ဥပပဇ္ဇဝေဒနီယကံမည်၏။

---

၁။ ပြာသာဒ်-ပါဠိပျက်-ပါသာဒ-ပါဠိမှလာသည်။ လေးထောင့်တိုက်အိမ်ရှည်။

www.dhammaransi.com



ပသေနဒီ ကောသလမင်း၏ ရွှေထွင်းသမားသည် ရဟန္တာကို ရိုက်ပုတ်၍ သေလေသော် အဝီစိငရဲ၌ခံရခြင်း။ ။တောဒေယျပုဏ္ဏားသည် ဘုရားသခင်ကိုမြင်လျှင် ဘောဂေါတမော, ဘောဂေါတမော-ဟူ၍ မထေမဲ့မြင်ခေါ်ဝေါ်ခြင်းကြောင့် သေသည်၏ အခြားမဲ့၌ အပါယ်လား၍ ခွေးဖြစ်ရခြင်း။ ။ကာလကန္ဒီ စစ်သူကြီး၏ အမိသည် သားစစ်သူကြီးက အဘကိုယ်စား သံဃာတော်များကို ပင့်ဘိတ်၍ ဆွမ်းလှူသည်ကို ဝန်တိုမိစ္ဆာ ရှိ၍ ကျိန်ဆဲသောကြောင့် သေလေသော်ပြိတ္တာမဖြစ်၍ မစင်ဘင်ပုပ် သွေးပုပ် ပြည်ပုပ်တို့ကိုသာ စားရခြင်း။ ။ဤသူတို့သည် အကုသိုလ် ဥပပဇ္ဇဝေဒနီယကံမည်၏။

ဇောတိက သူဌေး၌ ဘုံဗိမာန်ပဒေသာ, မြောက် ဥတ္တရကုရုကျွန်းသူကိုရခြင်း။ ။မေဏ္ဍကသူဌေး၌ ရွှေဆိတ်ရုပ် ပဒေသာရခြင်း။ ။ကာကဝလိယသူဌေး၌ ရွှေကျီးရုပ် ပဒေသာရခြင်း။ ။ဇဋိလသူဌေး၌ ရွှေတောင်ပေါက်ခြင်း။ ။ဤသို့စသော စည်းစိမ်တို့ကိုရခြင်းသည် ကုသိုလ်အပရာပရိယဝေဒနီယကံမည်၏။

မြတ်စွာဘုရား၌ ခေါင်းတော်ခဲရခြင်း၊ ခါးတော်နာရခြင်း။ ။အရှင်သာရိပုတြာသည် သွေးအန်ခြင်း။ ။အရှင်မောဂ္ဂလာန်သည် ခိုးသားအရိုက်ခံရခြင်း။ ။ပုတိဂတ္တမထေရ်သည် အရိုးအကြောကြွေပြတ်ရခြင်း။ ။စက္ခုပါလမထေရ်သည် မျက်စိကန်းရခြင်း။ ။ဗိမ္ဗိသာရမင်းကြီးသည် သားသတ်၍သေရခြင်း။ ။ဤအကြောင်း တို့သည်၊ အကုသိုလ် အပရာပရိယ ဝေဒနီယကံမည်၏။

ဗာရာဏသီသူဌေးသားသည် လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သို့ ရောက်အံ့သော တိဟိတ် ဖြစ်ပါလျက် သေသောက်ကြူးတို့နှင့် ပေါင်းမိ၍ ကုဋေရှစ်ဆယ်မကသော ဥစ္စာနှင့်တကွ မဂ်, ဖိုလ်, နိဗ္ဗာန်-သုံးတန်သို့ ရောက်အံ့သော တရားတို့မှ ဆုံးပါးရခြင်း။ ။ကလျာဏီမင်းသည် ထီးနန်းစည်းစိမ်ကို ခံစားရလျက် ရဟန္တာကို ပြစ်မှား၍ ထီးနန်းတိုင်းပြည် ဆုံးပါးရလေခြင်း။ ။

www.dhammaransi.com



ကလာဗုမင်းသည် ခန္တိဝါဒီရသေ့ကို ဖြတ်မှား၍ ရအပ်ခံစားအပ်သော ထိပ်နန်းစည်းစိမ်ဆုံးပါးရခြင်း။ ။ရေဝတီမင်းသည် ကြီးစွာသော စည်းစိမ်ကို ရလျက် ရတနာသုံးပါးကို ဖြတ်မှား၍ စည်းစိမ်ဆုံးပါးရခြင်း။ ။ဒေဝဒတ်သည် ဈာန်သမာပတ်ကိုရပါလျက် ဘုရားသခင်ကိုဖြတ်မှား၍ ရပြီးသော ဈာန်သမာပတ်တို့ ဆုံးပါးရခြင်း။ ။ဤသို့ စသော စည်းစိမ်ဆုံးပါးသမျှသည် ကုသိုလ် အဟောသိကံမည်၏။

အင်္ဂုလိမာလမထေရ်သည် များစွာသောသတ္တဝါတို့ကို သတ်လျက် ဘုရားသခင်နှင့်တွေ့၍ ရဟန္တာဖြစ်လျှင် များစွာသော အကုသိုလ်ကံ ပျောက်ပျက်လေခြင်း။ ။သန္တတိမှူးသည် များစွာသော သားသမင်တို့ကို သတ်လျက် ဘုရားသခင်နှင့် တွေ့၍ ရဟန္တာဖြစ်လျှင် အကုသိုလ်တရားတို့မှ ပျောက်ပျက်လေခြင်း။ ။ သံကိစ္စသာမဏေ၏တပည့် ခိုးသားငါးရာ၊ အဓိမုတ္တသာမဏေ၏တပည့် ခိုးသားငါးရာ၊ ခါဒိရဝနိယမထေရ်၏ တပည့် ခိုးသားငါးရာ၊ သောဏမထေရ်၏ တပည့် ခိုးသားငါးရာ-ဤ နှစ်ထောင်သော ခိုးသားတို့သည် ရဟန္တာချည်းဖြစ်ကြ၍ မိမိတို့ မကောင်းမှု အကုသိုလ်တရားတို့မှ ပျောက်ပျက်ဆုံးပါးလေခြင်းသည် အကုသိုလ်အဟောသိကံမည်၏။

ဤသို့လျှင် ကိစ္စအားဖြင့်လေးပါး၊ ပေးသော အစဉ်အားဖြင့် လေးပါး၊ ပေးရာဌာနအားဖြင့် လေးပါး-ဖြစ်၍ ကံတဆဲ့နှစ်ပါး ပြား၏။ အောက်က ဆိုခဲ့ပြီးသော ကံတရာ့တဆဲ့ခုနစ်ပါး၊ ယခု တဆဲ့နှစ်ပါး။ နှစ်ရပေါင်း ကံအပြားကား-တရာ့သုံးဆယ်အပြား ရှိ၏။

ဤကား-ကမ္မသင်္ဂဟတည်း။

## စိတ္တသင်္ဂြိုဟ်

စိတ်သည် အကျဉ်းအားဖြင့် တခုယုတ်ကိုးဆယ်၊ အကျယ်အားဖြင့် တရာ့နှစ်ဆဲ့တပါးတည်း။ ။ထိုတွင် အလုံး အရေပေါင်း

www.dhammaransi.com



၍ပြပေအံ့။ သရာဂစိတ်၊ ဝီတရာဂစိတ်၊ သဒေါသစိတ်၊ ဝီတဒေါသစိတ်၊ သမောဟစိတ်၊ ဝီတမောဟစိတ်၊ သံခိတ္တစိတ်၊ ဝိက္ခိတ္တစိတ်၊ မဟဂ္ဂတစိတ်၊ အမဟဂ္ဂတစိတ်၊ သ ဥတ္တရစိတ်၊ အနုတ္တရစိတ်၊ သမာဟိတစိတ်၊ အသမာဟိတစိတ်၊ ဝိမုတ္တစိတ်၊ အဝိမုတ္တစိတ်-ဟူ၍ ၁၆ ပါးအပြားရှိ၏။ ။ထိုတဆဲ့ခြောက်ပါးတို့တွင်-

လောဘမူစိတ်ရှစ်ခုသည် သရာဂစိတ်မည်၏။ ။လောဘမူရှစ်ခုမှကြွင်းသော ရှစ်ဆဲ့တခုသော စိတ်သည် ဝီတရာဂစိတ်မည်၏။ ။ဒေါသမူစိတ်နှစ်ခုသည် သဒေါသစိတ်မည်၏။ ။ဒေါသမူစိတ်နှစ်ခုမှကြွင်းသော ရှစ်ဆဲ့ခုနစ်ခုသော စိတ်သည် ဝီတဒေါသစိတ်မည်၏။ ။မောဟမူစိတ် ၂ ခုနှင့်သာကွဖြစ်သော အကုသိုလ်စိတ် တဆဲ့နှစ်ခုသည် သမောဟစိတ်မည်၏။ ။အကုသိုလ်စိတ်တဆဲ့နှစ်ခုမှ ကြွင်းသော ခုနစ်ဆဲ့ခုနစ်ခုသော စိတ်သည် ဝီတမောဟစိတ်မည်၏။ ။ထိနမိဒ္ဓနှင့် ယှဉ်ကုန်သော သသင်္ခါရိကစိတ် ၅ ခု၊ ဝိစိကိစ္ဆာစိတ်တခု-ဤခြောက်ခုသောစိတ်တို့သည်သံခိတ္တစိတ်မည်ကုန်၏။ ။ပျံ့လွင့်သော ဥဒ္ဓစ္စသဟဂုတ်စိတ်သည်-ဝိက္ခိတ္တစိတ် မည်၏။

ရူပါဝစရကုသိုလ်, ဝိပါက်- ဆယ်ခု၊ အရူပါဝစရကုသိုလ်, ဝိပါက် ၈ ခု-ဤတဆဲ့ရှစ်ခုသော စိတ်တို့သည် မဟဂ္ဂတစိတ် မည်ကုန်၏။ ။ထိုမှကြွင်းသော ခုနစ်ဆဲ့တခုသော စိတ်တို့သည် အမဟဂ္ဂတစိတ် မည်ကုန်၏။ ။မဟဂ္ဂုတ်ကြိယာကိုးခု၊မဟာကြိယာ ရှစ်ခု-ဤ တဆဲ့ခုနစ်ခုသောစိတ်တို့သည် သဥတ္တရစိတ် မည်ကုန်၏။ ။လောကုတ္တရာစိတ် ရှစ်ခု တို့သည် အနုတ္တရစိတ် မည်ကုန်၏။ ။ကာမာဝစရကုသိုလ်ရှစ်ခု၊ မဟဂ္ဂုတ်ကြိယာ ကိုးခု-ဤတဆဲ့ခုနစ်ခုသောစိတ်တို့သည် သမာဟိတစိတ် မည်ကုန်၏။ ထိုမှကြွင်းသော ခုနစ်ဆဲ့နှစ်ခုသော စိတ်တို့သည် အသမာဟိတစိတ်မည်ကုန်၏။

**တနည်းကား**······မဟဂ္ဂုတ် လောကုတ္တရာစိတ် သုံးဆဲ့ငါးခု၊ ကာမာဝစရ ဉာဏသမ္ပယုတ်စိတ်တဆဲ့နှစ်ခု၊ ဤလေးဆဲ့ခုနစ်ခုသောစိတ်တို့သည် သမာဟိတစိတ် မည်ကုန်၏။ ။

www.dhammaransi.com



ထိုမှကြွင်းသော လေးဆဲ့နှစ်ခုသောစိတ်တို့သည် အသမာဟိတ စိတ်မည်ကုန်၏။

လောကီ လောကုတ္တရာ ကုသိုလ်စိတ် နှစ်ဆဲ့တခုသည် ဝိပုတ္တ စိတ်မည်ကုန်၏။ ။ထိုမှကြွင်းသော ခြောက်ဆဲ့ရှစ်ခုသောစိတ်တို့ သည် အဝိပုတ္တစိတ် မည်ကုန်၏။

**တနည်းကား**····တိဟိတ်ကုသိုလ် ကြိယာဇော သုံးဆဲ့လေး ခုသည် ဝိပုတ္တစိတ်မည်ကုန်၏။

ဤကား-စိတ္တသင်္ဂဟတည်း။

## ဥတုသင်္ဂဟ

**ဥတုဟူသည်ကား**······ဥဏှဥတု၊ သီတဥတု၊ ဟူ၍နှစ်ပါးသာ တည်း။

ဤကား-ဥတုသင်္ဂဟတည်း။

## အာဟာရသင်္ဂဟ

**အာဟာရဟူသည်ကား**·····ကဗဠီကာရ အာဟာရ၊ ဖဿ အာဟာရ၊ မနောသဉ္စေတနာ အာ ဟာရ၊ ဝိညာဏအာဟာရ–ဟူ၍ လေးပါးတည်း။

ဤကား-အာဟာရသင်္ဂဟတည်း။

## သဗ္ဗသင်္ဂါဟ အရ–သင်္ဂဟပေါင်း

ဤသို့လျှင် ကံတရာ့သုံးဆယ်, စိတ်အကျယ်အကျဉ်းကို အစု အပုံပြု၍ တဆဲ့ခြောက်ပါး,ဥတုနှစ်ပါး, အာဟာရလေးပါး-ပေါင်း ၍သင်္ဂဟတရားတို့သည် တရာ့ငါးဆဲ့နှစ်ပါးဖြစ်ကုန်၏။

**တနည်းလည်း**·····ကံတရာ့သုံးဆယ်၊ စိတ်တရာ့နှစ်ဆဲ့တပါး၊ ဥတုနှစ်ပါး၊အာဟာရလေးပါး၊အလုံးစုံသော သင်္ဂဟတရားတို့သည် နှစ်ရာ့ငါးဆဲ့ခုနစ်ခု၊ အဇ္ဈတ္တဗာဟိရပြု၍

www.dhammaransi.com



ငါးရာ့တဆဲ့လေး၊ ထို ၅၁၄-ကို အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်—သုံးချ မြှောက် တထောင့်ငါးရာလေးဆဲ့နှစ်ချ–ဤသို့အားဖြင့် များသော ကြောင့် သဗ္ဗေသင်္ဂြိုဟ်ဟု ဆိုအပ်လေသည်ဟုမှတ်ရမည်။

ဤကား-သဗ္ဗေသင်္ဂြိုဟ်အရသင်္ဂြိုဟ်ပေါင်းတည်း။

**သင်္ဂြိုဟ်ကြောင့်ဖြစ်သောရုပ်**·····ထိုလေးပါးသော သင်္ဂြိုဟ်ကြောင့် ဖြစ်သောရုပ်ကို အသီးအသီး ပြပေအံ့။

**ကမ္မဇရုပ်**·····ကံကြောင့်ဖြစ်သော ကမ္မဇရုပ်ကား ဧကန်အားဖြင့် တဆဲ့ရှစ်ချတည်း။ တဆဲ့ရှစ်ချဟူသည်ကား-စက္ခုသောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဣတ္ထိဘော၊ ပုမ္ဘော၊ ဇီဝိတ၊ ဟဒယဝတ္ထု၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပရိစ္ဆေဒ၊ ဤသည်လျှင် တဆဲ့ရှစ်ချတည်း။ ။အနေကန်အားဖြင့် နှစ်ဆယ်ဟူသည်ကား– ရူပဿဥပစယ, ရူပဿသန္တတိ–ဤနှစ်ပါးကိုလောင်း၍ နှစ်ဆယ်။

**စိတ္တဇရုပ်**·····စိတ္တဇရုပ်တို့သည် ဧကန်အားဖြင့် တဆဲ့ငါးပါး၊ အနေကန်အားဖြင့် တဆဲ့ခုနစ်ပါး။ တဆဲ့ငါးပါးဟူသည်ကား-ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပရိစ္ဆေဒ၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ သဒ္ဒရုပ်၊ ရူပဿလဟုတာ၊ ရူပဿမုဒုတာ၊ ရူပဿကမ္မညတာ—ဤသည်လျှင် တဆဲ့ငါးချဖြစ်သတည်း။ ။အနေကန်အားဖြင့် တဆဲ့ခုနစ်ချ အဘယ်သို့ဖြစ်ပြန်ရသနည်း—ရူပဿဥပစယ, ရူပဿသန္တတိ–ကိုထည့်၍ ၁၇-ချ ဖြစ်၏။

**ဥတုဇရုပ်**·····ဥတုဇရုပ်တို့သည် ဧကန်အားဖြင့် တဆဲ့သုံးပါး အနေကန်အားဖြင့် တဆဲ့ငါးပါး။ တဆဲ့သုံးပါးဟူသော်ကား—ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော—ဟူ၍မဟာဘုတ်လေးပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပရိစ္ဆေဒ-အားဖြင့်ငါးပါး၊ ရူပဿလဟုတာ၊ ရူပဿမုဒုတာ၊ ရူပဿကမ္မညတာ၊ သဒ္ဒရုပ်-ဤသို့တဆဲ့

www.dhammaransi.com



သုံးပါးဖြစ်၏။ ။အနေကန်အားဖြင့်ကား–ဥပစယ,သန္တတိ–ကို ထည့်၍ တဆဲ့ငါးပါးဖြစ်၏။

**အာဟာရဇရုပ်**…အာဟာရကြောင့် ဖြစ်သောရုပ်သည် ဧကန် အားဖြင့် တဆဲ့နှစ်ပါး၊အနေကန်အားဖြင့် တဆဲ့ လေးပါး။ တဆဲ့နှစ်ပါးဟူသော်ကား–ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ပရိစ္ဆေဒ၊လဟုတာ၊မုဒုတာ၊ ကမ္မညတာ-ဤ၁၂-ပါးတည်း။ ။အနေကန်အားဖြင့် တဆဲ့လေးပါး ဟူသော်ကား-ဥပစယ,သန္တတိ-ကိုထည့်၍ တဆဲ့လေးပါးဖြစ်၏။

ဤသို့ဆိုအပ်ခဲ့ပြီးသောရုပ်တို့တွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပရိစ္ဆေဒ-ဤကိုးခုတို့သည် အနေကန်ကိုးခုမည်ကုန်၏။ အဘယ်ကြောင့်နည်း ကံကြောင့်ရင်း၊ စိတ်ကြောင့်ရင်း၊ ဥတုကြောင့်ရင်း၊ အာဟာရကြောင့်ရင်း- ဖြစ် သောကြောင့် အနေကန်မည်ကုန်၏။

ဤကား-ထိုသင်္ခါရတရားလေးပါးတို့သည် ပြုပြင်အပ်သော ရုပ်ကိုပြသောနည်းတည်း။

---

## သင်္ခါရကြောင့်ဖြစ်သောပဋ္ဌိသန္ဓေ

ထိုသင်္ခါရ လေးပါးကြောင့် ဖြစ်ရသော ပဋိသန္ဓေကား လေးပါးတည်း။လေးပါးဟူသော်ကား–

၁။ အဏ္ဍဇ။
၂။ သံသေဒဇ။
၃။ ဇလာဗုဇ။
၄။ ဩပပါတိက။

ဟူ၍ လေးပါးတည်း။ ထိုလေးပါးတို့တွင်–

**အဏ္ဍဇ**….ကြက်,ငှက်,ဝမ်းဘဲ-စသောအားဖြင့် အဥ၌ တည် သမျှသတ္တဝါတို့၏ပဋိသန္ဓေသည် အဏ္ဍဇမည်၏။

www.dhammaransi.com



**သံသေဒဇ**.... မြက်, အညှို, သစ်သီး, သစ်ပွင့်–စသည်တို့၌ တည်သမျှသော သတ္တဝါတို့သည် သံသေဒဇ မည်၏။

**ဇလာဗုဇ**.....အမိဝမ်း၌ ကလလရေကြည် တည်သမျှသော သတ္တဝါတို့သည် ဇလာဗုဇမည်ကုန်၏။

**ဩပပါတိက**.... ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ စတုမဟာရာဇ်-မှစ၍ အထက်၌ ဖြစ်သောအခါ အတ္တသော ထင်ရှားဖြစ်သော သတ္တဝါတို့သည် ဩပပါတိက ပဋိသန္ဓေမည်၏။

(ဤကား-ပဋိသန္ဓေလေးပါးတည်း။)

---

**ပဋိသန္ဓေတည်ပုဂ္ဂိုလ်**...... ထိုပဋိသန္ဓေလေးပါး တည်လေသော ပုဂ္ဂိုလ်တို့သည် ဒုဂ္ဂတိအဟိတ်၊သုဂတိအဟိတ်၊ဒွိဟိတ်၊တိဟိတ်-ပုဂ္ဂိုလ်တို့ဟူ၍ လေးပါး အပြားရှိ၏။ ထိုလေးပါးတို့တွင်–

**ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်**.....အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေလေသော ငရဲ,တိရစ္ဆာန်, ပြိတ္တာ-အသုရကာယ်-ဟူ၍ အပါယ်လေးဘုံသားတို့သည် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်မည်ကုန်၏၊

**သုဂတိအဟိတ်**...အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသောအချို့သောလူ, အချို့သော ဘုမ္မဇိုဝ်း စတုမဟာရာဇ်နတ်-တို့သည် သုဂတိအဟိတ်ပုဂ္ဂိုလ်မည်ကုန်၏။

**ဒွိဟိတ်ပုဂ္ဂိုလ်**......မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်လေးချဖြင့် ပဋိသန္ဓေနေကုန်သော လူ,နတ်-အပေါင်းတို့သည် ဒွိဟိတ်ပုဂ္ဂိုလ်မည်ကုန်၏။

www.dhammaransi.com



**တိဟိတ်ပုဂ္ဂိုလ်** ·····မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် လေးခု, ရူပဝိပါက် ၅-ခု, အရူပဝိပါက်လေးခု-ဤ တဆဲ့သုံးခုသောစိတ်ဖြင့် ပဋိသန္ဓေနေကုန်သော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် တိဟိတ်ပုဂ္ဂိုလ်မည်၏။

ထိုပုဂ္ဂိုလ်လေးပါးတို့တွင် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိ အဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ် -ဤသုံးယောက်တို့သည် ဒါန သီလ စသည်ကိုပင် အလွန် အားထုတ်ကြငြားသော် လည်း မဂ်ဖိုလ်မရထိုက်ချေ။ အဘယ့်ကြောင့်နည်း ပဋိ သန္ဓေက ညံ့ချေသောကြောင့် မရထိုက်သေးချေ။

တိဟိတ်ပုဂ္ဂိုလ်သာလျှင် အားထုတ်၍ ဈာန်,မဂ်,ဖိုလ်-ကို ရထိုက်ချေသည်။ တိဟိတ်ဖြစ်ငြားသော်လည်း ကမ္မန္တ ရာယ်၊ ဝိပါကန္တရာယ်၊ ကိလေသန္တရာယ်၊ အရိယုပဝါ ဒန္တရာယ်၊ အာဏာဝီတိက္ကမန္တရာယ်-ဤအန္တရာယ် ၅ ပါး မှ ကင်းလွတ်စင်ကြယ် သန့်ရှင်းဖြူစင်သော တိဟိတ်ပုဂ္ဂိုလ် မှ ဈာန်,မဂ်,ဖိုလ်–ကို ရထိုက်ချေသည်။

## တိုက်တွန်းချက်

ထို့ကြောင့် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်သည် သုဂတိအဟိတ်ပုဂ္ဂိုလ် အဖြစ်သို့ရောက်အောင်, သုဂတိအဟိတ်ပုဂ္ဂိုလ်သည် ဒွိဟိတ် အဖြစ်သို့ရောက်အောင်, ဒွိဟိတ်ပုဂ္ဂိုလ်အဖြစ်မှ တိဟိတ်ပုဂ္ဂိုလ် အဖြစ်သို့ရောက်အောင်, တိဟိတ်ပုဂ္ဂိုလ်သည် ဈာန်မဂ်ဖိုလ်ကို ရအောင်-အားထုတ်ရာ၏။

ဤကား-ပဋိသန္ဓေတည်ပုဂ္ဂိုလ်တည်း။

## အားထုတ်ရာတရား

ထိုသို့အားထုတ်ရာသော တရားကား—ခန္ဓာ,အာယတန,ဓာတ်, သစ္စာ,ဖိုလ်,မဂ္ဂင်,ဈာနင်,ပဋိစ္စသမုပ္ပါဒ်, သတိပဋ္ဌာန်,သမ္မပ္ပဓာန်– တို့၌ လေ့လာ၍ ဒါန,သီလ,ဘာဝနာ-တို့ကို အားထုတ်ရာသည်။ ပုညကြိယာဆယ်ပါး သူတော်ကောင်းဥစ္စာခုနစ်ပါး၊ သူတော်

www.dhammaransi.com



ကောင်းတရားချနစ်ပါး-ဤတရားတို့ကို အားထုတ်သောသူတို့သည် တဆင့်တဆင့်တက်လေ၏။ လူ,နတ်,နိဗ္ဗာန်—သုံးတန်သော ချမ်းသာတို့ကို ရကြလေကုန်၏။ ။ဤတရားတို့ကို မယှဉ်မစပ် မမေး မမြန်း မသင် ကြားဘဲ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရ၊ မုသာဝါဒ၊ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ—ဤတရားတို့ကို ကျင့်ကြံ၍=နေကြသောသူတို့မှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဟူသော အပါယ်လေးပါးသို့ လားရလေ၏။ ။ဤသို့ ကံသင်္ဂါရဝတို့သည် ပြုပြင်နှိပ်စက်တတ်သော သဘောတရားတို့ကို ရှုဆင်ခြင်၍ ကောင်းစွာနှလုံးသွင်းရာ၏။

ဤကား-အားထုတ်ရာတရားတည်း။

## ကံသင်္ဂါရဝပြုပြင်နှိပ်စက်ပုံနှင့် ကံသင်္ဂါရဝကိုဖြစ်ကြောင်း ဒါနကထာ

ထိုကံသင်္ဂါရဝတို့၏ ပြုပြင်နှိပ်စက်ခြင်း အထူးထူးအပြားပြား ဖြစ်ပာန်ကိုရင်း, ထိုကံသင်္ဂါရဝတို့ကိုယူရာ အကြောင်းကိုရင်း— ပြဆိုပေအံ့။

ထိုကံသင်္ဂါရဝတို့ကိုယူရာဖြစ်သော တရားကား—ဒါန၊ သီလ၊ ဘာဝနာ-ဟူ၍ သုံးပါးတည်း။ထိုသုံးပါးတို့တွင်—

**ဒါနသည်ကား**······စေတနာဒါန၊ ဝတ္ထုဒါန-ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် ငါသည် ဤပစ္စည်းကို ဤပုဂ္ဂိုလ်အား လှူမည်ဟူ၍ ရည်မှတ်သော အခါသည် စေတနာဒါန မည်၏။ ။ထိုသို့ရည်မှတ်ပြီးလျှင် ထိုဝတ္ထုကိုကိုင်၍ ပုဂ္ဂိုလ်၏ လက်သို့ ရောက်အောင်လှူသောအခါသည် ဝတ္ထုဒါနမည်၏။

ထိုသို့ လှူသောဒါနသည် ၁-ပုဗ္ဗစေတနာ၊ ၂—မုဉ္စစေတနာ ၃-ပရစေတနာ- ဟူ၍ သုံးပါးအပြားရှိ၏။

www.dhammaransi.com



**စေတနာ ၃-တန်** ···· ထိုသုံးပါးတို့တွင် မလှူမီရှေးအဘို့၌ ဖြစ်သောစေတနာသည် ပုဗ္ဗစေတနာ။ ။ လှူစဉ်ဆဲဆဲ၌ဖြစ်သော စေတနာသည် မုဉ္စစေတနာ။ ။လှူပြီးမှ ဖြစ်သောစေတနာသည် ပရစေတနာ။ထိုစေတနာ သုံးပါးတို့တွင်-တပါးတပါး၌—

(၁) နိဂ္ဂဟိတ စေတနာ။

(၂) အနိဂ္ဂဟိတ စေတနာ-ဟူ၍ နှစ်ပါးရှိ၏၊ တွန့်တိုသော စေတနာသည် နိဂ္ဂဟိတစေတနာ။ ။မတွန့်တိုသောစေတနာသည် အနိဂ္ဂဟိတ စေတနာ-ဟူ၍ နှစ်ပါးတည်း။ ထိုနှစ်ပါးတို့တွင်—

## စေတနာ ၃-တန် အပြစ်အကျိုး

ပုဗ္ဗစေတနာ၌သော်ငင်း မုဉ္စစေတနာ၌သော်ငင်း ပရစေတနာ၌ သော်ငင်း တွန့်တိုသောစေတနာနှင့် လှူသောအလှူ၏ အကျိုးကြောင့် ကြီးစွာသော စည်းစိမ်ကိုပင် ရပါသော်လည်း မစားရက် မ သောက်ရက် မလှူရက် မပေးရက်ဖြစ်၍ ဥစ္စာစောင့်ကဲ့သို့ဖြစ်လေ ၏။ဘမလွန်ဘဝ၌လည်း ဆင်းရဲငြိုငြင်ရလေကုန်၏။ မတွန့်မတို စေ တနာသုံးတန်ညီညွတ်စွာ လှူသောဒါနအကျိုးကြောင့် ပေးကမ်းစွန့် ကြဲသုံးဆောင်စားသောက်၍မကုန်နိုင်။ တမလွန်ဘဝ၌လည်း သုဂ တိဘဝသို့ လားရလေ၏။ထိုအကြောင်းကိုကား ဤသို့သိအပ်၏။

**အာဂန္တုကသူဌေးဝတ္ထု** ·····သာဝတ္ထိ ပြည်၌ မြတ်စွာဘုရား သိတင်းသုံး နေတော် မူသော အခါ အာဂန္တုကသူဌေးသည် ကုဋေရှစ်ဆယ်မကကြွယ်ဝလျက် ဩဇာဖြင့်ရက်သော ပုဆိုးကိုသာဝတ်၍ သူတပါးတို့ ပစ်လိုက် သော ရထားကျိုးကိုသာ ကောက်၍စီးသည် ထန်းရွက်ကိုသာ ထီးလုပ်၍ ဆောင်းသည် ဆန်ကွဲ ဟင်းနုနွယ် ကန်စွန်းရွက်နှင့် ရောသော ယာဂုကိုသာကျို၍သောက်သည် သေလေသောအခါ မင်းဘဏ္ဍာဖြစ်၍ သိမ်းယူလေသည်။မိမိမှာအပါယ်သို့လားရလေ ပြီ။အဘယ့်ကြောင့် ဤသို့ဖြစ်ရလေသနည်း ရှေးဘဝက ရှင်ပစ္စေက

www.dhammaransi.com



ဗုဒ္ဓါကို ဆွမ်းလှူသောအခါ ပရစေတနာတွန့်တိုခဲ့၍ဖြစ်ရကြောင်းကို ဘုရားသခင်ဟောတော်မူ၍ သိရသည်။

**နန္ဒသူဌေး၀တ္ထု**.....သာဝတ္ထိ ပြည်၌ပင် နန္ဒဟူသော သူဌေးသည်လည်း ရှေးအလှူပေးခဲ့သော အခါ ပုဗ္ဗစေတနာတွန့်တို၍ မုဉ္စစေတနာ ညှိုးငယ်ခဲ့သဖြင့် မိမိအိမ်သို့ ပုန်းတောင်းယာစကာ[၁] အလှူခံ ပုဂ္ဂိုလ်တို့မှ မဝင်ရအောင် အစောင့်အရှောက်နှင့်ထား၏။ သေလေသောအခါ မြို့ပြင်ဒွန်းစဏ္ဍားအမျိုး၌ဖြစ်၍ အိမ်ခြေငါးရာ လုံးပင် ဆန်ကွဲ ဆန်ညှာမျှ ရှာ၍မရရှိလေက ငါတို့ရွာ၌သူယုတ်မာဟိုသည် ပဋိသန္ဓေယူဟန်ရှိ၏။ ငါတို့အိမ်ခြေငါးရာတို့သည် ခွဲကြကုန်အံ့ဟူ၍ တဝက်တဝက်ခွဲ၍ လုပ်ကြလေက ထိုသူယုတ် ပဋိသန္ဓေနေသောအိမ်သာ ကျန်၍ လင်သည် မယားကိုနှင်ထုတ်လေ၏ တံခါး၀ စရပ်တခုတွင် ဖွားမြင်ရလေ၏ ထိုသူငယ်၏အမိလည်း ပဋိသန္ဓေရသည်မှစ၍ ဖွားမြောက်လျက် သူငယ်သွားလာ ပြေးကစားနိုင်သော အခါတိုင်အောင် ထမင်းတလုပ်မျှမစားရ ဟင်းနုနွယ် ကန်စွန်းရွက်ကိုသာ ဆွတ်၍ အသက်မွေးရ၏ တရံရောအခါ သူငယ်လက်၌ အိုးကင်းပဲ့ကိုပေး၍ ငါ့သား ထမင်းတောင်းချေဟု စေလိုက်၏ အမိလည်း လင့်အထံသို့ ရောက်လေ၏။

မြတ်စွာဘုရား ကြွတော်မူသောလမ်းခရီး၌ ထိုသူငယ်၏ရှေးကသားဖြစ်သော သုနန္ဒသူဌေး၏ကျွန်တို့သည် ရိုက်ပုတ်၍ ငိုလျက် ဖွဲပုံ၌ လဲ၍နေသည်ကို မြတ်စွာဘုရားမြင်တော်မူလျှင် သုနန္ဒသူဌေးကိုခေါ်တော်မူ၍ သင်၏အဘကိုအဘယ့်ကြောင့် ဆင်းရဲစေသနည်းဟု မေးတော်မူက အဘယ့်ကြောင့် အဘဖြစ်ကြောင်းကို သိတော်မူပါသနည်းဟု မေးလျှောက်လေသော် ငါသိတော်မူ၏ ငါဆိုသောစကားကို သင်မယုံလျှင် အသင်၌မပြောမပြခဲ့သော ဥစ္စာရပ်ရှိသလောဟုမေးတော်မူ၍ ရွှေအိုးလေးလုံးရှိကြောင်းကို လျှောက်

၁။ ယာစကာ-ပါဠိပျက် (ယာစက-ပါဠိ) တောင်းခံတတ်သူ။

www.dhammaransi.com



လျှင် ဤသူငယ်ကို ထမင်းဘောဇဉ်ကျွေးမွေး၍ မေးလေ—ရလတ္တံ့ဟု မိန့်တော်မူသော် ဘုရားသခင် မိန့်တော်မူတိုင်းမေးမှ ရွှေအိုးလေးလုံး ရ၏ ထိုသူငယ်ကိုမွေးကျွေးသုတ်သင်၍ ချမ်းသာစွာနေရခြင်းစသည်ကို ပြည့်စုံစေ၏။

ဤကား ပုဗ္ဗစေတနာတွန့်တိုခဲ့သောကြောင့် ဝန်တိုခြင်း၊
ဆင်းရဲဒုက္ခတွေ့ရခြင်း ယုတ်ယုတ်မာမာဖြစ်ရခြင်း၊
တွေ့သက်သေ တည်း။

ပုဗ္ဗ, မုဉ္စ, ပရစေတနာ-ညီညွတ်စွာ လှူခဲ့ဘူးသောကြောင့် ဇောတိကသူဌေးကိုဖွားသည့်နေ့၌ ရတနာခုနစ်ပါးနှင့်တကွ လက်နက်မိုးစင်းတို့သည်တပြိုင်နက်မိုးကဲ့သို့တောက်၍ဇောတိကအမည်ကိုရလျှင် မင်္ဂလိုက်ကိုရသည့်တိုင်အောင် ကြီးကျယ်သော ဥစ္စာစည်းစိမ်ကို ခံစားရခြင်း ဤသို့သော အဓိပ္ပါယ်ကိုထောက်၍ သိရမည်။

ဤကား-စေတနာ ၃-တန် အပြစ်အကျိုးတည်း။

**တနည်း ၃-ပါး**……တနည်းလည်း ဝတ္ထုအားဖြင့် သုံးပါးတည်း။ ၃-ပါးဟူသော်ကား—

၁။ ဒါနဒါသ။

၂။ ဒါနသဟာယ။

၃။ ဒါနသာမိ။

ဟူ၍ ၃—ပါးရှိ၏။

၁။ ထို ၃-ပါး တို့တွင် မိမိသုံးဆောင် စားသောက်သည့်အောက် ယုတ်သောဝတ္ထုကို လှူခြင်းသည် အလှူဝတ္ထု၏ ကျွန်ဖြစ်၍ ဒါနဒါသမည်၏။

၂။ မိမိ သုံးဆောင်စားသောက်သည်နှင့် အမျှသာ ပေးလှူခြင်းသည် အလှူဝတ္ထု၏ အဆွေခင်ပွန်းဖြစ်၍ ဒါနသဟာယ မည်၏။

၃။ မိမိ သုံးဆောင် စားသောက်သည်ထက် သာလွန်သော ဝတ္ထုကို လှူခြင်းသည် ဒါနသာမိမည်၏။

www.dhammaransi.com



ထိုသုံးပါးသော ဒါနတို့တွင် ဒါနဒါသ ပေးလှူသောအကျိုးကြောင့် ယုတ်မာသော သား မယား ကျေးကျွန် ဥစ္စာ စည်းစိမ်ကို ရ၍ ထိုသားမယား ကျေးကျွန်တို့ကြောင့် စိုးရိမ်ကြောင့်ကြ ပူပင်ဆင်းရဲငြိုငြင်စွာ သုံးဆောင်ခံစားရ၏။ ။ဒါနသဟာယကို ပေးလှူသောကြောင့် တူမျှသော သားမယား ကျေးကျွန် စည်းစိမ်ကို ရ၍ သူငယ်ချင်းကဲ့သို့ စားတူ ဝတ်တူ ပြောတူ ဆိုတူပြု၍ သုံးမ မခံနှုတ်လှန်ထိုးသဖြင့် နှလုံးမသာ ခံစားရ၏။ ။ဒါနသာမိကို ပေးလှူသောကြောင့် မြတ်သောကျေးကျွန်တို့ကိုရ၍ အသုံးအမကို နာခံသဖြင့် ကြောက်ရွံ့ခြိုးညွှား ရိုသေလေးမြတ်စွာရှိချေက် မျက်မှောက် မျက်ကွယ် အခြားမရှိ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ ခံစားရ၏။ ။ထိုအကြောင်းကို ဤသို့သိရာ၏။

**ဒါနဒါသအကျိုးဆက်** · မြတ်စွာဘုရား ဦးရီးတော် သာကီဝင်မင်းသားဖြစ်သော သုပ္ပဗုဒ္ဓသည် ဒါနဒါသကို ပေးလှူခဲ့ဘူး၍ သားမယားကြောင့် နှလုံး မသာယာသဖြင့် မြတ်စွာဘုရားကို ရန်ငြိုးဖွဲ့၍ ပြစ်မှားခြင်းကြောင့် မြေမျိုရခြင်း။ ။ဗိမ္ဗိသာရမင်းသည် သားသတ်၍သေရခြင်း။ ။ဘောဇနဒါယိကာမသည် သား ကပိလ, သို့း—တာပန-တို့ကြောင့် မဟာတာပနငရဲ၌ခံစားရခြင်း။

ဤကား-ဒါန ဒါသ၏ အကျိုးဆက်တည်း။

**ဒါနသဟာယအကျိုးဆက်** ··· ပသေနဒီကောသလ မင်းသည် ဝေဠုဂါမရွာ၌မြတ်စွာဘုရားထံ စကားပြောစဉ် သားတော် ဝိဋုဋုပနှင့် မှူးမတ်တို့ ပြန်သွားကြ၍ ထီးနန်းကိုစံလေသော် သာဝတ္ထိပြည်သို့မပြန်ပဲ၍ ရာဇဂြိုဟ်ပြည်သို့သွား၍ သေရခြင်း။ ။သုမနအမည်ရှိသော ပုဏ္ဏား လင်မယားသည် မြတ်စွာဘုရားထံ ဆည်းကပ်ကိုးကွယ်သော အရိယာဖြစ်ပါလျက် သဃ်ာလအမည်ရှိသော သားတယောက်ကို ဆုံးမ၍ မရနိုင်သောကြောင့် နှလုံးမသာယာ ရှိရခြင်း။

ဤသူတို့သည် ဒါနသဟာယအကျိုးဆက်တည်း။

www.dhammaransi.com



**ဒါနသာမိအကျိုးဆက်**……ကုမာရကဿပ၏ မယ်တော် ဘိက္ခုနီမသည် သား၏ တင့်တယ်ခြင်းကိုမြင်၍ "မမ ပုတ္တော မမ ပုတ္တော"ဟု လိုက်၍ပြေးပြီးမှ သက်နီးကိုဆွဲလေသော် အဘယ့်ကြောင့် တဏှာဟူသော ရန်ကို အပေါင်းအဖော် ပြုဘိ သနည်း၊ "တဏှာနိဿာယ ဘယံ ဟောတိ၊ သောကော ဟောတိ၊ ဒုက္ခော ဟောတိ၊ တဏှာဝိပ္ပမုတ္တဿ ဘယံ နတ္ထိ၊ သောကော နတ္ထိ၊ ဒုက္ခော နတ္ထိ" ဟု ဟောတော်မူသောအဆုံး၌ ထိုအမိဘိက္ခုနီမသည် အရဟတ္တဖိုလ်သို့ ရောက်လေခြင်း။ ။အရှင်သာရိပုတ္တရာမယ်တော်သည် သမီး ၃-ယောက် သား ၃-ယောက် ရဟန္တာဖြစ်သည် တိုင်အောင် ဒိဋ္ဌိဟူသော ငြောင့်ကို မနုတ်နိုင်၊ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် ယူခါနီးဆဲဆဲ ညဉ့်၌မှ သောတာပတ္တိဖိုလ်သို့ရောက်စေ၍ ဒိဋ္ဌိဟူသော ငြောင့်ကို နုတ်ရခြင်း။ ။ဥပ္ပလဝဏ်၏အဘ သူဌေးလင်မယားတို့သည် သမီးကြောင့် ပူဆွေးဗိုးရိမ်ခြင်းကို ဥပ္ပလဝဏ်ရဟန်းဖြစ်၍ လက်ဝဲရံဖြစ်မှ အမိအဘတို့ကို သောတာပန်ဖြစ်စေခြင်း။

ဤသူတို့သည် ဒါနသာမိအကျိုးဆက်မှတ်ရမည်။

**တနည်းစေတနာသုံးပါး**……ဤဆိုခဲ့ပြီးသည်မှတပါး စေတနာအားဖြင့်-

၁။ ဟီနစေတနာ။

၂။ မဇ္ဈိမစေတနာ။

၃။ ပဏီတစေတနာ။

ဟူ၍ သုံးပါးအပြားရှိ၏။

၁။ ထိုသုံးပါးတို့တွင် ပစ္စုပ္ပန် အကျော်အစောအချီးအမွမ်းကိုလို၍ ပြုသောစေတနာသည် ဟီနစေတနာမည်၏။

၂။ နောက်နောက်သောဘဝ၌ ကြွယ်ဝ ချမ်းသာခြင်းကို အလိုရှိ၍ ပြုသောစေတနာသည် မဇ္ဈိမစေတနာမည်၏။

www.dhammaransi.com



၃။ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်-တို့ကို ခွဲခြမ်းစိတ်ဖြာ လိမ်မာသည်နှင့်အညီ ရုပ်,နာမ်,ခန္ဓာ,သင်္ခါရ–တို့ကို အနိစ္စ,ဒုက္ခ, အနတ္တ-လက္ခဏာယာဉ် သုံးပါးတို့တွင် တပါးပါးကို ဆင်ခြင်လျက် ငြိုးငွေ့သော စိတ်ကိုဖြစ်စေ၍ သွားခြင်းသည် ပဏီတစေတနာ မည်၏။

**ပမာတန္တိ၊** ···· ထိုသုံးပါးကို ပမာတန္တိပြုက ဟီနစေတနာ၏ အကျိုးမှာ ဝဲနာရှိသောသူသည် မသင့်သော အစာကိုစားပြန်၍ နူနာထပ်ပြန်သည်နှင့် တူ၏။ ။မဇ္ဈိမစေတနာ ကား တကွက်နှစ်ကွက်သော ဝဲနာသည် မလင့်သောအစာကို စားမိ၍ တကိုယ်လုံးမျိုသည်နှင့်တူ၏။ ။ပဏီတ စေတနာကား ဝဲနာ နူနာကို သင့်မြတ်သော ဆေးကောင်း ဝါးကောင်း တွေ့၍ တရွေ့ရွေ့ ကျဉ်းလေသည်နှင့်တူ၏။

**ပုဂ္ဂိုလ်အားဖြင့်ကား**··· ပသေနဒီကောသလမင်း၏ မလ္လိကာ မိဖုရား။ ။ဗန္ဓုလစစ်သူကြီး၏ မယား မလ္လိကာ။ ။အနာထပိဏ် သူဌေး၏မယား ပုညဝဍုကာ။ ။ ဝိသာခါ၏လင် ပုညဝဍုန။ ။ဗိမ္ဗိသာရ မင်းကြီး၏မိဖုရား ဝေဒေဟီ။ ။သုဘာလုလင်။ ။ရှင်မောဂ္ဂလာန်၏ မယ်တော် ပုဏ္ဏေးမ– ဤသူတို့သည် ဘုရားသခင်နှင့် မပြတ်မလပ် တွေ့ကြုံကြ၍ တရား တော်ကို နာပါသော်လည်း ဟီနစေတနာ အကျိုးဆက်ကြောင့် မဂ် ဖိုလ် မရထိုက်ချေ။ ။အနာထပိဏ်။ ။ဝိသာခါ။ ။စိတ္တ သူကြွယ်။ ။ဗိမ္ဗိသာရမင်း။ ။ဓမ္မိကသူကြွယ်။ ။သိကြား မင်း။ ။ပုဏ္ဏရာဇ။ အနေကဝဏ္ဏ။ နာဂဒတ္တ–စသော လူနတ်တို့ သည် မဇ္ဈိမစေတနာ၏ အကျိုးဆက်ကြောင့် မဂ်ဖိုလ်ကို ရပါ သော်လည်း နိဗ္ဗာန်ကိုမယူဘဲ ဝဋ်ဆင်းရဲ၌သာ တာရှည် ကျင် လည်ရချေသည်။ ။အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊အရှင် အနုရုဒ္ဓါ စသော အသီတိ[၁] အရှင်မြတ် တို့သည်ရှင်း။ ခေမာ၊ ဥပ္ပလ

၁။ အသီတိ-(ပါဠိ) ရှစ်ဆယ်။

www.dhammaransi.com



ဝတ်စသော တထောင်မကသော ထေရီမတို့သည်ရှင်း။ ပဏ္ဍိတစေတနာကြောင့် ဝံ့ရင့်ခွေကြာ ပဒုမ္မာသည် နေအရှက်နှင့် တွေ့၍ ပွင့်သကဲ့သို့ မြတ်စွာဘုရားနှင့် တွေ့ရသောအခါ လွယ်ကာ လွယ်ကာ ရဟန္တာဖြစ်ကြ၍ ပရိနိဗ္ဗာန်ယူလေပြီ။

ဤကား-စေတနာသုံးပါး၏ အကျိုးဆက်ကို ပုံနှင့် သရုပ်
သက်သေထုတ်ပြသည်မှတ်လေ။

**တနည်းကား**······

၁။ သာဟတ္ထိက။

၂။ အာဏတ္တိက။

၃။ နိဿဂ္ဂိယ။

ဟူ၍ ပယောဂအားဖြင့် ၃ ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင်-

၁။ မိမိကိုယ်တိုင် ကိုင်၍လှူခြင်းသည် သာဟတ္ထိကမည်၏။ ။
၂။ သူတပါးတို့ကိုစေလွှတ်၍လှူခြင်းသည်အာဏတ္တိကမည်၏။ ။
၃။ သူတပါးတို့ကို ခရီးဝေးစွာသွားရာ၌ ပေးလိုက်ခြင်းသည် နိဿဂ္ဂိယမည်၏။

**ပမာတန္တုကား**·····သာဟတ္ထိကသည် မိမိလက်၌ ဆိမ်း၍ ထားသော ဥစ္စာဘဏ္ဍာနှင့် တူ၏။ ။ အာဏတ္တိကသည်-သားသမီးတို့ကို အပ်နှံ၍ သိမ်းထားစေသော ဥစ္စာဘဏ္ဍာနှင့်တူ၏။ ။နိဿဂ္ဂိယသည် သူစိမ်းပြင်ပလက်၌ အပ်၍ထားသော ဥစ္စာဘဏ္ဍာနှင့်တူ၏။

**ပုဂ္ဂိုလ်အားဖြင့်ကား**···ဇောတိက၊ဇဋိလ-စသော သူဌေးကြီး တို့သည် သာဟတ္ထိက ပယောဂ အကျိုး။ ။ထိုသူဌေးတို့ကို အမှီပြု၍ တယောက် တယောက်သော သူဌေးတို့၌ သူဌေးယင်ငါးရာ ငါးရာ အစရှိသော အရံတို့သည် အာဏတ္တိက ပယောဂအကျိုး။ ။ထိုသူဌေးယင်တို့ကိုမှီ၍ ရောင်းဝယ်ဖောက်ကားကြကုန်သော ကုန်သည် သူကြွယ် အပေါင်းတို့သည်ကား နိဿဂ္ဂိယပယောဂအကျိုး၊ ။ဤသို့လည်း မှတ်ရာ၏။

www.dhammaransi.com



## တနည်းလည်း

၁။ လောဘ ရှိသော ဒါန။
၂။ ဒေါသ ရှိသော ဒါန။
၃။ မောဟ ရှိသော ဒါန။

ဟူ၍ သုံးပါးတည်း။

၁။ ထိုသုံးပါးတို့တွင် မိမိဥစ္စာနှင့် တန်ရုံမျှ မယှဉ်ငင်ဘဲလျက် အနည်းငယ်နှင့် အများလိုချင်၍ အနိုင် အထက် နှိပ်စက်၍ ရသော ဝတ္ထုကိုလှူခြင်းသည် လောဘရှိသော ဒါနမည်၏။

၂။ အလှူပေးဆဲ၌ ခိုက်ရန်ဒေါသဖြစ်လျက် လှူသောဒါနသည် ဒေါသရှိသော ဒါနမည်၏။

၃။ လက္ခဏာရေးသုံးပါး၊ သက္ကာရတရားကို မဆင်ခြင်ဘဲ မိုက်မဲတွေဝေ မေ့လျော့၍ ဖြူးတူးပျော်ရွှင် သဘင်ပွဲလမ်းနှင့် လှူခြင်းသည် မောဟရှိသောဒါနမည်၏။ ။ထိုသုံးပါးတို့တွင်-

**ပမာတန်ဆာကား**·····လောဘရှိသော ဒါနသည် ခွေးရူးနှင့် တူ၏။ ။ဒေါသရှိသောဒါနသည် မြွေနှင့် တူ၏။ ။မောဟရှိသောဒါနသည် ဆင်ပြောင်နှင့်တူ၏။

**ပုဂ္ဂိုလ်အားဖြင့်ကား**·····စမ္ပာမြစ်နား၌နေသောစမ္ပာနဂိုရ်မင်းသည် ကာလိင်္ဂမင်းကို သွား၍တိုက်ရာ ကာလိင်္ဂမင်းနိုင်၍ မိမိလည်း ဆုံး၍ ရေထဲသို့ဆင်း၍ သေရခြင်း။ ။ကာလိင်္ဂမင်းသည် သမီးကို ရထားနှင့် တင်လွှတ်၍ ဇမ္ဗူဒိပ်၌ စစ်ပြိုင်ရာ အဿကမင်းနှင့် တွေ့၍ သမီးလည်းဆုံး စစ်လည်းရှုံး၍ ပြေးရလေခြင်း။ ကောသလမင်းသည် သီလဝမင်းကို စစ်ပြိုင်လာရာတွင် သီလဝမင်း အာနုဘော်ကြောင့် သီလဝမင်း၏ သစ္စာကိုခံ၍ ကျွန်အဖြစ်နှင့် ပြန်ရလေခြင်း။ ဤသူတို့သည် လောဘ ရှိသော ဒါနအကျိုး။ ။ဝိဋူဋဘမင်းသည် သာကီဝင်မင်းတို့ကိုသွား၍ တိုက်ရာ အပြန်တွင် စစ်သည်နှင့်

www.dhammaransi.com



တကွ ရေနစ်၍ သေရလေခြင်း။ ဗန္ဓုလစစ်သူကြီးနှင့်တကွ သား သုံးကျိပ်သုံးယောက်တို့ကို သူရဲငါးရာ တောအုပ်ကစောင့်၍ တပြိုင်နက်ခြင်း သတ်၍သေရခြင်း။ဗန္ဓုလကိုတိုက်ကြသော မလ္လာ မင်းငါးရာတို့သည်ဗန္ဓုလမြွားချက်နှင့်သေကြရလေခြင်း။မိမ္ဗိသာရ မင်းကိုသားအဇာတသတ် သတ်၍သေရခြင်း-ဤသို့သောစည်းစိမ် ကိုရလျက် သေခြင်းမလှ သေကြရသမျှသည် ဒေါသ ရှိသောဒါန အကျိုးမှတ်ရာ၏။ ။နေရောင် လရောင်နှင့်တူသော မြတ်စွာဘုရား ကျေးဇူးဂုဏ်တော်တို့ကို မသိမမြင်သည်ဖြစ်၍ ဘုရားသခင်ကို ဘက်ပြိုင် တုပကြကုန်သော တိတ္ထိတက္ကတွန်း အာဇီဝက ပရဗိုဇ်ရဟန်းတို့၏ အသင်းအပင်း သာသနာနှင့် ဆန့်ကျင်ဘက် ဖြစ်သောသူ ဟူသမျှ ဆင်တော်,မြင်းတော်,ခွေးတော်,ဝက်တော်, ကြက်တော်, ဆိတ်တော်, ဝမ်းဘဲတော်, နွားတော်, ကျွဲတော်-ဟူ သမျှကို မောဟရှိသော ဒါနအကျိုးဆက်မှတ်ရာ၏။

ဤကား-လောဘ,ဒေါသ,မောဟ-ရှိသောဒါန၏ အကျိုးဆက်တို့တည်း။

(ဤသို့လျှင် ဤပုံများကို ထောက်ထား၍ သန္နိဋ္ဌာန်ရတရားကို ဆင်ခြင် နှလုံးသွင်းရာ၏။)

**တနည်းလည်း-**

၁။ အလောဘဒါန၊

၂။ အဒေါသဒါန၊

၃။ အမောဟဒါန၊

ဟူ၍ သုံးပါးရှိ၏။

၁-ထိုသုံးပါးတို့တွင် မိမိဥစ္စာနှင့်ပင် တန်သည်ဖြစ်စေ တဦး သောပစ္စည်းရှင်အလိုရှိတိုင်းကိုပေး၍လှူခြင်း၊ သားမယားစသော သူတို့ကို ချော့မော့ဖြောင်းဖြ၍ နူးညံ့သိမ်မွေ့စွာ ပြောဆို၍လှူခြင်း၊ ကိလေသဝဋ်,ကမ္မဝဋ်,ဝိပါကဝဋ်-ဤဝဋ်သုံးပါးတို့ကိုရှု၍ အနိစ္စ၊ ဒုက္ခ၊အနတ္တ၊လက္ခဏာယဉ်သုံးပါးတို့တွင် တပါးပါးကို ရှုဆင်ခြင်

www.dhammaransi.com



၍ လှူခြင်း–ဤသို့လှူခြင်းသည်ကား အလောဘ, အဒေါသ, အမောဟ ရှိသောဒါနမည်၏။

**ဥပမာတန္တုကား**····အလောဘ ရှိသော ဒါနသည် အခွေ ခင်ပွန်းကောင်းနှင့် တူ၏။ ။အဒေါသရှိသော ဒါနသည် အမိအဘနှင့်တူ၏။ ။အမောဟရှိသော ဒါနသည် ဆရာနှင့်တူ၏။

ငါတို့ဘုရားအလောင်းတော် ဗာရာဏသီပြည်၌ ဓနိယကုန်သည်၏သား စဏ္ဍာလုလင်ဖြစ်သောကာလ ကောင်းကင်ကို မျှော်၍ကြည့်သော် စပါးမျိုးခုနစ်ရက် အဝတ်ပုဆိုးမိုး ခုနစ်ရက်၊ ရတနာခုနစ်ပါးမိုး ခုနစ်ရက် ဤသို့ခုနစ်ရက်သုံးလီရွာခြင်း။ ။သုဒဿန စကြာမင်းဖြစ်သောအခါ မြို့ရှိ ရှစ်သောင်းလေးထောင်, ပြာသာဒ်ရှစ်သောင်းလေးထောင်, မိဖုရားရှစ်သောင်းလေးထောင်, မောင်းမ ရှစ်သောင်းလေးထောင်, သားရှစ်သောင်းလေးထောင်, မင်းခွေ ရှစ်သောင်းလေးထောင်, အမတ်ကြီး ရှစ်သောင်းလေးထောင်,အမတ်လတ် ရှစ်သောင်းလေးထောင်,မြင်းရှစ်သောင်းလေးထောင်, ရထားရှစ်သောင်းလေးထောင်, ကျွဲ, နွား, ဆိတ်, ဝက်-တို့မှာ မရေမတွက်နိုင် ရတော်မူသောကြောင့် ခံစားတော်မူရခြင်း။ ။သင်္ခပုဏ္ဏားဖြစ်သောကာလ ရတနာခုနစ်ပါးနှင့်တကွ ရွှေသင်္ဘောရခြင်း။ ။သိရိဓမ္မာသောကမင်းသည် ဇမ္ဗူဒိပ်တကျွန်းလုံး အထက် တယူဇနာ အောက်တယူဇနာကိုအစိုးရ၍ တိရစ္ဆာန်, နဂါး, ဂဠုန်-အစွန်ဆက်၍ မဟာသမုဒ္ဒြာက ခုနစ်ရက်တကြိမ် ရတနာခုနစ်ပါးကို ပြိုင်းပုတ်၍ကမ်းသို့ရောက်ခြင်း–ဤသို့စသော စည်းစိမ်ကိုရခြင်းသည် အလောဘရှိသော ဒါန အကျိုးမှတ်ရမည်။

ထိုအခါ အသက်ရှည်သမျှ ကာလပတ်လုံး တစုံတယောက်မျှ မဖျက်ဆီးနိုင် ခံစားရခြင်းသည် အဒေါသ ရှိသောဒါနအကျိုး။ ။

www.dhammaransi.com



ဘဝတိုင်းဘဝတိုင်း ပညာကြီးကျယ်ရခြင်းသည် အမောဟရံ-သောဒါနအကျိုး ဤသို့ကေန် ကျမ်းဂန်လာတိုင်းမှတ်ရာ၏။

ဤတွင်ရွေ့ကား-ဒါနကထာပြီး၏။

## သီလကထာ

ဤသို့သော ဒါနကထာကို ဆိုပြီး၍ ယခုအခါသီလကထာကို ပြဆိုပေအံ့။ ။သီလသဘော,သီလဗလံ,သီလသုခံ-ဟူ၍သုံးပါးအပြား ရှိ၏။ ထိုသုံးပါးတို့တွင် ပဉ္စသီလအတ္ထုပ္ပတ္တိကို ရှေးဦးစွာပြပေအံ့။ ။ထိုပဉ္စသီလကို ဂရုဓမ္မ[၁]ဟူ၍ဆို၏။ ထိုပဉ္စသီလကို ဆောက်တည်ခြင်းသည် သုံးပါးအပြားရှိ၏။

**သုံးပါးဟူသော်ကား**……သမာဒါနဝိရတိ, သမ္ပတ္တဝိရတိ, သမုစ္ဆေဒဝိရတိ–ဟူ၍ သုံးပါးအပြား ရှိ၏။ ။တဦးဦးသောစေတီ,ရဟန်း,လူယောကျ်ား, လူမိန်းမ-တို့ထံ ခံ၍ဆောက်တည်ခြင်းသည် သမာဒါနဝိရတိမည်၏။ ။မဆောက်တည်ဘဲလျက်ပင် ဝင်ရောက်လာသောဝတ္ထုကို ကြဉ်ရှောင်ခြင်းသည် သမ္ပတ္တဝိရတိမည်၏။ ။သောတာပတ္တိမဂ်ကို ရသည်နှင့် တပြိုင်နက်ခြင်း ဆောက်တည်၍ ကျင့်ခြင်းသည် သမုစ္ဆေဒဝိရတိ မည်၏။

**သမာဒါနဝိရတိ-အရာ သီလရက္ခိတဝတ္ထု**…ထိုသုံးပါးတို့တွင် သမာဒါနဝိရတိ၏ အတ္ထုပ္ပတ္တိကို နိပါတ်ကျမ်းဂန်လာတိုင်း ဆိုပေအံ့။ ။ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသောအခါ သားတော်အိမ်ရှေ့ မင်းထံ ခစားသော မထင်ရှားသော အမျိုးသားသည် ငါးနှစ်ရှယ်ကပင် အဘယ်တရားသည် မြတ်ပါသနည်းဟု ပညာရှိတို့ကို စုံစမ်းသော် ပဉ္စသီလသည် မြတ်၏ဟုကြား၍ ငါးနှစ်ရှယ်ကပင်

---

၁။ ဂရုဓမ္မ-အလေးအမြတ်ပြုအပ်သောတရား။

www.dhammaransi.com



"ယာဝဇီဝံ မေ ပဉ္စသီလံ သမာဒိယာမိ"[၁] ဟူ၍ တဦးသောပညာရှိ ထံ ဆောက်တည်၍ တဆဲ့ခြောက်နှစ်တိုင်သောအခါ မင်းခစားပြု၍ သင့်အမည်အသူနည်းဟု မေးတော်မူသော် အကျွန်ုပ်အမည်သည် သီလရက္ခိတ[၂] ဟုလျှောက်လေ၏ ငါ့ထံမပြတ်ခစားဟုဆို၍ ခစား လေ၏။ တရံသောအခါ တောတွင်းသားဖြစ်သော အိမ်ရှေ့မင်း၏ ကျွန်သည် ကြက်နှစ်ကောင်ကိုယူခဲ့၍ အိမ်ရှေ့မင်းအားဆက်လေ၏ အိမ်ရှေ့မင်းလည်း အပါးရင်း၌ ခစား၍နေသော သီလရက္ခိတကို ဟယ်လုလင် ဤကြက်ကိုသတ်၍ ဟင်းချက်ချေဟု ပေးတော်မူ လိုက်၏ သီလရက္ခိတလည်း အညာကိုမဆန်ဝံ့၍[၃] လှမ်းယူပြီး ကိုင်သွားလေ၏။

မင်းအိမ်မှ မနီးမဝေးသော သစ်ပင်ရင်း၌ ထိုင်ပြီးလျှင် ဤသို့ ဆင်ခြင်၏ ငါသည် ငါးနှစ်အရွယ်ကစ၍ ဆောက်တည်အပ်သော ပဉ္စသီလသည် တကြိမ်တခါမျှ ကျိုးဘူး ပေါက်ဘူးသည်မရှိ တဆဲ့ခြောက်နှစ်အရွယ် တိုင်ခဲ့ပြီ ထိုသို့ဆောက်တည်ခဲ့ဘူးသော သီလသည် အာရတီသီလဖြစ်လေပြီ ယခုအခါမှာ ဝိရတီသီလကို ငါဖြစ်စေသော်ကောင်း၏ ဤသတ္တဝါအသက်ကိုလွှတ်၍ ငါ၏ အသက်ကို စွန့်တော့မည် ငါ၏သီလကိုမစွန့်ပြီဟူ၍ ထိုကြက် နှစ်ကောင်ကို အသင်တို့ချမ်းသာစွာ သွားလေတော့ဟုလွှတ်လိုက် ၏။ ။အတန်ကြာလျှင် အိမ်ရှေ့မင်းက ယခင်ကြက်သားကို ချက်၍ မပြီးသေးလောဟု မေးတော်မူ၏ မင်းနားခွဲနေသော သူတို့သည် လာ၍ခေါ်လျှင် လိုက်သွားလေ၏ အိမ်ရှေ့မင်းလည်း ဟယ်လုလင် ယခင်ကြက်သားကို ချက်၍ပြီးပြီလော့ဟုမေးသော် အရှင်ကျွန်ုပ် မသတ်မချက်ပါ ဟု လျှောက်၏။ အဘယ့်ကြောင့်နည်းဟု မေးလျှင်

---

၁။ မေ-ငါသည်။ ယာဝဇီဝံ၊ အသက်ရှည်သရွေ့ ကာလပတ်လုံး။ ပဉ္စ သီလံ၊ ငါးပါးသီလကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ ၏-ဟု အနက်ပြန်လေ။

၂။ သီလရက္ခိတ-သီလကိုစောင့်ထိန်းသူ။

၃။ မဆန်ဝံ့၍-မလွန်ဆန်ဝံ့၍။

www.dhammaransi.com



အကျွန်ုပ် သီလကို ချစ်၍ လွှတ်လိုက် ပါသည်ဟု– လျှောက်၏။ အခဲဝိပ်ထန်သော မြွေဟောက်သည် တွင်းမှထွက်သကဲ့သို့၎င်း၊ယမ်းပုံ၌ကျသော မီးခဲကဲ့သို့၎င်း ပြင်းစွာသောအမျက်ထွက်၍ ငါ၏အာဏာကိုလွန်ဆန်၍ ငါ၏စားတော်ကြက်ကို လွှတ်သော ဤသူမိုက်ကို ခိုးသားချသောဆိပ်သို့ ပစ်ချ၍ သတ်လေဟုစေလိုက်၏။

လက်မရှိ အာဏာသားတို့သည် နှောင်ဖွဲ့၍ ယူလေ၏၊ဗာရာဏသီပြည်သူတို့သည် အုတ်အုတ် ကျက်ကျက် လိုက်၍ ဪ သီလရက္ခိတကို အပြစ်ပေး၍ ခိုးသားချသော ဆိပ်သို့ယူသွားပြီဟု လိုက်ကြကုန်၏ တယူဇနာခန့်သောခရီး၌ လူအပေါင်းတို့သည် ပြည့်ကုန်၏။ အချို့သောသူတို့ကား ငိုယိုကုန်၏ အချို့သောသူတို့ကား ဆုတောင်းပတ္တနာပြုကုန်၏။ ထိုအခါ ခိုးသားချသောဆိပ်သို့ရောက်လျှင် ဤသို့ဆို၏ ငါသည် ငါးနှစ်အရွယ်မှ တဆဲ့ခြောက်နှစ်အရွယ်တိုင်အောင် စောင့်ရှောက် ဆောက်တည်သော သီလကား အာခုတိ။ ယခုအသက်ကိုစွန့်သော သီလကား ဝိရတိ။ ဤသို့ သီလတည်းဟူသော ပါရမီကြောင့် သဗ္ဗညုတဉာဏ်တော်ကိုသာ တောင့်တ၏ ဤသီလတည်းဟူသော ပါရမီကြောင့် ဝဋ်သုံးပါးမှ ထွက်မြောက်စေသတည်း–ဟု ပတ္တနာပြုပြီးသော ခဏ၌ လက်မရှိ တို့သည် ကြိုးစကိုကိုင်၍ ပစ်လိုက်လေသော် နဂါး ၄–ကောင်တို့သည် ရွှေဖောင်ကဲ့သို့ပေါ်၍ ရွှေနဂါးလေးကောင်တို့ အလယ်၌ ရွှေပြာသာဒ် ထိုရွှေပြာသာဒ် အလယ်၌ ပတ္တမြားပလ္လင် ထိုပတ္တမြားပလ္လင်၌ သီလရက္ခိတသည်ကျလေ၍ စတုလောကပါလ နတ်သား လေးယောက်တို့သည် ထီးဖြူလေးချက် ဆောင်းလေ၏ စတုမဟာရာဇ်နတ် တာဝတိံသာနတ် ယာမာနတ် တုသိတာ စသောနတ်တို့သည် ပန်းပေါက်ပေါက်ဖြင့် ပူဇော်ကြဲဖြန့်ကြကုန်၏ နေရဋ္ဌရာ မြစ်၌ရေတို့ကို မမြင်ရချေ ထိုအခါ ပြည်သူအပေါင်းတို့သည် ဗောင်း,အင်္ကျီ,အပေါ်ရုံ,ဟူသမျှတို့ဖြင့်ပူဇော်၍ ကောင်းချီး ပေးသောအသံသည် ပွဲတင်ထပ်မျှ မြေကြီးကွဲမျှ တုန်

www.dhammaransi.com



လှုပ်၏ နဂါးဖောင်သည်လည်း စုန်ချေဆန်ချေ ရေသာဘင်၌ ကောရော်၏, ဒိပရာ၏, မန္တာတ်မင်း-တို့ကိုယ်တိုင် မြူးတူးကစား သကဲ့သို့, နဂါး, လိပ်, ငမန်း, မိကျောင်း, လပိုင်-အပေါင်းတို့သည် မြစ်လုံးပြည့်မျှ ဝန်းရံ၍ နေကြကုန်၏။

ထိုအခါ ဗြဟ္မဒတ်မင်း သားအဘတို့သည် နန်းကဆင်း၍ပြေး လေလျှက် မြင်ရသောအခါ မကြားစဘူး မကြုံစဘူး ထူးသော အဖြစ်ကိုမြင်ရ၍ မိန်းမောကြ၏။ သတိရမှထ၍ လက်အုပ်ချီလျှက် ပူဇော်ကြစဉ် စတုမဟာရာဇ်နတ်တို့သည် ရွှေပြာသာဒ်ကိုချီ၍ မြို့ လယ်သို့သွင်းလေ၏ ထိုအခါ ဗြဟ္မဒတ်မင်း အိမ်ရှေ့မင်းတို့သည် သီလရက္ခိတ ခြေကိုကိုင်၍ ဦးခေါင်းဆိုက်ပြီးလျှင် အကျွန်ုပ်တို့၏ တိုင်းပြည် ထီးနန်းကိုလည်း ယူတော်မူပါ အကျွန်ုပ်တို့ သားအဘ ကိုလည်း ခြေရင်း၌အလုပ်အကျွေး ထားတော်မူပါဟု တောင်းပန် ၏။ သီလရက္ခိတလည်း မင်းကြီး ကျွန်ုပ်သည် ကာမဂုဏ်စည်းစိမ် ကို အလိုမရှိ တောထွက်အံ့ဟုဆို၍ ပြာသာဒ်ထက်မှ ဆင်း၍သွား လေသော် ဗြဟ္မဒတ်မင်း သားအဘသည်လိုက်၍ အကျွန်ုပ်တို့ လည်း တောထွက်အံ့ဟု အတူတကွသိုက်ကြလေ၍ ဟိမဝန္တာ တော၌ ရဟန်းပြုကြ၍ ဈာန်သမာပတ်ကိုရ၍ သေလေသော် ဗြဟ္မာ့ ပြည်၌ဖြစ်ရခြင်း။ ။အဆုံးစွန်၌ သီလရက္ခိတသည် ဘုရားဖြစ် ခြင်း။ ။ဗြဟ္မဒတ်မင်းသည်ကား သာရိပုတ္တရာ။ ။အိမ်ရှေ့မင်းကား အာနန္ဒာ။ ။နဂါးမင်းကား ကဿပဖြစ်ရခြင်း။

ဤကား-ပဉ္စသီလ၏ အကျိုးဆက် ထုံးဥပဒေ သက်သေမည်၏။

**သုဇာတာဝတ္ထု** ·····ဤမှတပါးလည်း လွန်လေပြီးသောအခါ သိကြားမင်းသည် ပတ္တမြားညို လှည်း တစီးကို သခွါးသီးသည် အရောင်ဆောင်၍ ရာဇဂြိုဟ်ပြည်တွင်းသို့ ဝင်ပြီးလျှင် သခွါးသီးဝယ်ကြလေကုန်ဟု ဟစ်အော် ကြွေးကြော် လေသော် ပြည်သူတို့လည်း အမောင် သခွါးသီးအဘိုးမည်မျှ ဆိုသနည်းဟု မေးလေသော် အဘိုးကိုမမေးပါနှင့်ဦး အသင်တို့

www.dhammaransi.com



တွင် ပဉ္စသီလနှင့် ပြည့်စုံ၏လော၊ ပဉ္စသီ[၁]ရှိမှငါ၏ သခွါးသီးကို ရောင်းမည်ဆိုသော် တစုံတယောက်မျှ မဝယ်ဝံ့ကုန် ထိုအခါ အနောက်တံခါးပြင် အိုးသည်၏သွီး တဆဲ့ခြောက်နှစ် အရွယ်ရှိသော သုစာတာ သတို့သွီးသည် ပဉ္စသီလကို မကျိုးမပေါက် ဆောက်တည်၏၊ ထိုအရပ်သို့ ရောက်လေက ဈေးနည်းအဘူ မေးကြ၍ ရွာသူတို့သည် သုစာတာကိုခေါ်၍ပြ၏ သိကြားမင်းလည်း အသင်၌ ပဉ္စသီလရှိသလောဟု မေးလျှင် အကျွန်ုပ်၌ ပဉ္စသီလရှိ၏ဆို၍ လှည်းနှင့် အိမ်သို့ ရောက်အောင်ပို့ခဲ့၏။ သိကြားမင်းကွယ်လေသော် ပတ္တမြား ညိုချည်းဖြစ်၍ ရောင်းချ၍ ကြီးစွာသော အလှူကောင်းမှုပြု၍ သေလေက အသူရာမင်း၏သွီးဖြစ်ရခြင်း။ ။ကဿပဘုရားသခင် လက်ထက် ထင်းခွေသူဆင်းရဲသည် ပဉ္စသီလ ဆောက်တည်၍ သေလေသော် တာဝတိံသာ၌ ဖြစ်လေ၏။ တာဝတိံသာက စုတေခဲ့မှ ငါတို့ဘုရားသာသနာတော်၌ ခတ္တိယမဟာသာလ သူဌေးမျိုး၌ဖြစ်၍ ငါးနှစ် မြောက်သောအခါ ပဉ္စသီလခံ၍အဆုံး ဘုရားသခင်အထံ၌ ရဟန္တာဖြစ်ရခြင်း။

(ဤသို့-စသောအားဖြင့် သံသရာမှထွက်မြောက်ခြင်းကို ဆင်ခြင်ရာ၏)
ဤကား-သမာဒါနဝိရတီ အကျိုးတည်း။

---

**သမ္ပတ္တဝိရတီအကျိုးဝတ္ထု**…မဆောက်တည်ဘဲလျက် ရောက်လာသော ဝတ္ထုကို ကြဉ်ရှောင်သော သမ္ပတ္တဝိရတီ ဟူသည်ကား။ ။သီဟိုဠ်ကျွန်း၌ တယောက်သော မုဆိုးမ၌ သားနှစ်ယောက်သည်ရှိ၏။ အကြီးကား မဟာဇဂ္ဂန အငယ်ကား စူဠဇဂ္ဂနမည်၏ ထိုမုဆိုးမသည် တရံရောအခါသည်းစွာနာ၍ သမားတို့ကို ခေါ်၍ ကြည့်ရှုကုစေသော် ယုန်သွေးနှင့်ဆေးကိုတိုက်မှ ချမ်းသာမည်ဆိုလျှင် အစ်ကို မဟာဇဂ္ဂနက ညီစူဠဇဂ္ဂနကို ငါ့ညီ စူဠဇဂ္ဂန ယုန်ရှာချေဟု စေလွှတ်၏ ထိုစူဠဇဂ္ဂနလည်း ယုန်ပိုက်ကို ထောင်၍ ချောက်လေသော်

---

၁။ ပဉ္စသီ-ပဉ္စသီလ၊ ငါးပါးသောသီလ။

www.dhammaransi.com



ယုန်ကိုမိ၍ ဖမ်းသောအခါ ယုန်လည်း ကြောက်၍ သွားကို ဖြည်းလျက် ရှုဋ္ဌဇဂ္ဂနကို ကြည့်၍ ဟစ်အော်၏။ ထိုအခါ ရှုဋ္ဌဇဂ္ဂန လည်း ဤသို့ဆို၏ ဗြဲသ် သဏ္ဍဝါတ္ဆမည်သည် ဘေးကိုလည်း ကြောက်၏၊ သေရမည့်ကိုလည်း အလွန်ကြောက်၏၊ ငါ၏အမိ လည်း သေဘေးကိုကြောက်၏ ဤယုန်လည်း သေဘေးကို ကြောက်၏ ငါလည်း ဤယုန်ကဲ့သို့ပင် သေဘေးကို ကြောက်တတ် ၏။ ထိုသို့ကြောက်ခြင်းသည် ရည်တူပါလျက် ဤယုန်ကိုသေစေ ငါ၏အမိကား ရှင်စေ ဤသို့ပြုခြင်းသည် ငါ၌ အပြစ်မကင်းချေ ငါလည်း အပြစ်ကင်းလို၏ ငါ၏ အမိလည်းကံ ပာူ၍ဆိုလျက် ချမ်း သာစွာ သွားလေတော့ဟုယုန်ကိုလွှတ်လိုက်၍ အိမ်သို့ပြန်ခဲ့၏။

ထိုအခါ အစ်ကိုမပာဇဂ္ဂနက မေး၏ မိမိကြံ၍ လွှတ်ခဲ့သည့် အတိုင်းပြောလေလျှင် အစ်ကိုလည်း လူမိုက် ငါ၏အမိကိုယုန်နှင့် အတူဆိုရမည်လောဟု ဆဲရေးမောင်းမဲ ရိုက်မည်ပြုလျှင် အမိထံ သို့ကပ်၍ အမိကိုဖက်လေ၏။ အမိလည်း ငါ၏သားကို မရိုက်ပါ လင့်ဟု တားမြစ်၏ ရှုဋ္ဌဇဂ္ဂနလည်း ဤသို့ဆို၏ မိခင် ငါသည် မိခင်မွေး၍ ဤအသက်သို့တိုင်အောင် အသက်သတ်ခြင်း, ဥစ္စာ ခိုးခြင်း, ကာမဂုဏ်၌ ပြစ်မှားခြင်း, မဟုတ်မမှန်သော စကားကို ဆိုခြင်း, ယစ်မျိုးသောက်စားခြင်း—တို့ကို ငါမပြုမကျင့် မပြစ် မှားဘူးပါ ငါဆိုတိုင်းမှန်လျှင် မိခင်အနာသည် ပျောက်စေသောဟု အမိ၏ကျောကို သုံးသပ်လျှင် အမိရောဂါသည် ဝိန်းကြာဖက်၌ တင်သောရေသည် လျော၍ကျသကဲ့သို့ ပျောက်၍ တဆဲ့ငါးနှစ် အရွယ်ကဲ့သို့ ခွန်အားဗလ အဆင်းအင်္ဂါနှင့် ပြည့်စုံလေ၍ သား၏ လည်ကိုဘက်ပြီးလျှင် ဦးခေါင်းကိုနမ်း၍ “ဘုရားသခင်ရှိပါလေက ငါ၏သားသည် ရဟန္တာဖြစ်လောက်ပေ၏”ဟု—သားကိုချီးမွမ်း လေ၏။

ဤကား-မသောက်တည်ဘဲ ရောက်လာသောဇွဲ့ကို ကြဉ်ရှောင်သော သမ္ပတ္တဝိရတီ အကျိုးတည်း။

**သမုစ္ဆေဒဝိရတိအကျိုး – ရွဲထွင်းသမားဝတ္ထု** ..... သမုစ္ဆေဒဝိရတိ ကို ထင်ရှားပြပေအံ့။ ။သာဝတ္ထိပြည်၌ ပသေနဒီ ကောသလမင်း၏ ရွဲထွင်းသမားသည် အမဲကိုစင်းချတ်၍နေခိုက် မင်းကြီးရွဲတော် တလုံးကို ထွင်းရမည်အလဲလေ၍ အနားခွ၌ချထားခဲ့၏ ထိုအနား၌ လည်း ရဟန္တာတပါးထိုင်လျက်ရှိ၏ ရွဲထွင်းသမားလည်း အမဲကို ကိုင်၍ အိမ်တွင်းသို့ဝင်ခိုက် မိမိသည် မွေးစားသောကြိုးကြာ တကောင်ရှိ၏၊ ထိုကြိုးကြာသည်လာ၍ အမဲတစ်အမှတ်ဖြင့် ရွဲလုံး ကိုမျိုလေ၏ ရဟန္တာလည်း မြင်တော်မူလေ၏ ရွဲထွင်းသမားလည်း ထွက်၍ ရွဲကိုမမြင်သဖြင့် ရဟန္တာကိုမေး၏ ရဟန္တာလည်းမတုန် မလှုပ်နေတော်မူ၏ ထိုအခါ ရွဲထွင်းသမားသည် မယားကိုသွား၍ ပြော၏၊ မင်းကြီး၏ရွဲကို ရဟန်းယူဟန်ရှိ၏ ငါမေး၍လည်းမပြော ရွဲလည်းမရှိဟုဆိုသော် မဟုတ်ပါဘူးမောင် မဆိုကောင်းပါဘူးဟု ဆို၏ ရွဲထွင်းသမားလည်း တကြိမ်နှစ်ကြိမ်မေး၍ မပြောသော အခါ ကြိုးကိုယူ၍ ကိုယ်ကိုစည်းပြီးမှ တုတ်နှင့်ရိုက်၍သွေးစီး ယိုထွက်လေ၏၊သို့သော်လည်းမပြော မယားလည်း အိမ်တွင်းက လူးလဲလျက် ရှိ၏၊ ထိုခဏ၌ ကြိုးကြာလာ၍ ရဟန္တာကိုယ်မှထွက် သော သွေးကိုသောက်၏ ရွဲထွင်းသမားလည်း ကြိုးကြာကို တုတ် ဖြင့် ရိုက်လိုက်၍သေလေ၏။ထိုအခါ ရဟန္တာကမေး၏ ဒါယကာ ကြိုးကြာ သေပြီလောဟု မေး၏။ သေပြီဟုဆို၏ ရဟန္တာလည်း ဤ ကြိုးကြာ သေပြီလော သေပြီလောဟု သုံးကြိမ်တိုင်မေး၍ သေပြီ သေပြီဆိုမှ ဒါယကာ ဒါယကာ့ဥစ္စာ ရတော့မည်၊ ငါ့ကို လွှတ်တော့ ဟု အမိန့်ရှိလေက ပေးလျှင်လွှတ်မည်ဟုဆို၏၊ဒါယကာ ကြိုးကြာ ဇလုပ်၌ ရှိလေ၏ဟုဆို၏၊ဇလုပ်ကိုဖေါက်၍ ရွဲလုံးကိုရလျှင် ကြိုး တို့ကို ဖြေ၍ ရေချိုးစေပြီးမှ ခြေကိုဦးတိုက်၍ အကျွန်ုပ်အပြစ်ကို သည်းခံတော်မူပါဟု တောင်းပန်လျှင် ဒါယကာ သည်းခံ၏ ဟု ဆို၏၊ သည်းခံပါလျှင် အကျွန်ုပ်အိမ်သို့ လာမြဲလာတော်မူပါ ဟု ဆိုသော် ရဟန္တာလည်း ဒါယကာ့အိမ်ကိုထားဘိ ဿချာ

www.dhammaransi.com



ဝါသ¹နှင့် နေသောသူတို့၏ အိမ်တံခါးဝကိုမျှ ငါမနင်းပြီ မဝင်ပြီဟု ဆို၍ ကြွတော်မူလေသော် တရက်နှစ်ရက် အတွင်း၌ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။ ဤထွင်း သမားလည်း သေလေသော် မဟာအဝီစိ ငရဲသို့ကျလေ၏၊ မယားကား နတ်ပြည်၌ဖြစ်လေ၏။ ။သမုဒ္ဒေဒ တို့သည် တိရစ္ဆာန်ကြောင့် အသက်ကိုပင် စွန့်ခြင်းတည်း။

ဤကား-သမုဒ္ဒေဒဝိရတီ၏ အကျိုးဆက်တည်း။

ဤတွင်ရွေ့ကား- ပဉ္စသီလ၌ သမာဒါနဝိရတီ၊သမ္ပတ္တဝိရတီ၊ သမုဒ္ဒေဒဝိရတီတို့၏ အကျိုးဆက်တည်း။

---

**ပဉ္စသီလကြောင့် တပြည်တောင်လုံး ချမ်းသာပုံ**…ပဉ္စသီလကို တဦးဦး၌ အကျိုးထူးကြောင်းကို ပြခဲ့ပြီဖြစ်၍ ယခုအခါ ထိုပဉ္စသီလကြောင့် တပြည် နှစ်ပြည်တိုင်အောင် ချမ်းသာမျက်မှောက် ရောက်ကြောင်း ကိုလည်း ဤသို့မှတ်ရာ၏။ ။ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏၊ ဆင်ဖြူရတနာလည်းရ၏၊ ထိုဆင်ဖြူရတနာကား ဟတ္ထိ နာဂမည်၏၊ ဗြဟ္မဒတ်မင်းမှ စ၍ မိဖုရား, မောင်းမ, မှူးမတ်,စစ်သူ ကြီး ပြည်သူပြည်သားတို့သည် ဂရုဓမ္မကို ဆောက်တည်ကြလေ ၏၊ တရံရောအခါ ကာလိင်္ဂရာဇ်ပြည်၌ သုံးနှစ်တိုင်တိုင် မိုးခေါင် ၍ ငတ်,မွတ်,သိပ်,၍ သေကြကုန်၏၊ထိုအခါ ကာလိင်္ဂရာဇ်မင်းကြီး က မှူးမတ်တို့ကို မေးတော်မူ၏၊ မှူးမတ်တို့ ငါ့တိုင်းပြည်၌သာ မိုးခေါင်လေသလော– ဗာရာဏသီ တိုင်းပြည်၌လည်း မိုးခေါင် လေသလော–ဟု မေးတော် မူလေသော်၊ ဗာရာဏသီပြည်၌ မိုးလေလည်း ကောင်းပါ၏၊ အစာလည်း ပေါများပါသည်၊ ရောဂါအနာလည်း ကင်းကြပါသည်၊ ခိုးသား, မုဒိန်း, စစ်မက် များလည်း မရှိကြပါဟု လျှောက်လေသော် အဘယ်ကြောင့် နည်းဟု မှူးတော် မတ်တော်တို့ကို မေးတော်မူလေသော် ဟတ္ထိ

---

၁။ ဃရာဝါသ-ဃရ-အာဝါသ။ ဃရ-အိမ်။အာဝါသ-နေခြင်း။အိမ်ရာ တည်ထောင်၍နေခြင်း။

www.dhammaransi.com



နာဂအမည်ရှိသော မင်္ဂလာ ဆင်ဖြူရတနာရှိ၍ ဖြစ်ကြောင်းကို အမတ်တဦးက တင်လျှောက်လျှင် မင်ကြီးကဤသို့ဆို၏၊ထိုဆင်ဖြူကို ပြည်သို့ရောက်အောင် အဘယ်သို့ကြံကြပါမည်နည်းဟု မေးလေသော် တဦးသောအမတ်က တင်လျှောက်သည်မှာ အကြည်တော်ပြဟ္မဒတ်မင်းထံ ပုရောဟိတ်ပုဏ္ဏားတို့ကို စေလွှတ်တော်မူ၍ အလှူခံပါစေလျှင် ရပါမည့်အကြောင်းကို တင်လျှင် ပုရောဟိတ်ပုဏ္ဏားသုံးယောက်ကို စေလွှတ်လျက် အလှူခံ၍ ရခဲ့သော်လည်း မိုးခေါင်မြဲ တလဲလဲသာ ခေါင်ပြန်သဖြင့် တဖန်မေးတော်မူသည်တွင် ဗာရာဏသီပြည်က ကုန်သည်တို့ကို စုံစမ်းကြကုန်၏။ကုန်သည်တို့လည်း ဆင်ဖြူရတနာကြောင့် မိုးကောင်းသည် မဟုတ်၊အကျွန်ုပ်တို့ပြည်မှာ မင်း, မိဖုရား, မောင်းမ, မိဿံ, ပုရောဟိတ်, မှူးတော်,မတ်တော်, ဆွေတော်, မျိုးတော်, ပြည်သူ ပြည်သား-မှစ၍ ဂရုဓမ္မကို ကနေ့မပျက် ဆောက်တည်ကြ၍ မိုးလေ ကောင်းကြောင်း။အစာဆန်ရေ ပေါကြောင်း၊ ရောဂါအနာ ကင်းကြောင်း၊ နိုးသား မုဒိန်း, စစ်မက်ငြိမ်းကြောင်းကို ပြောကြားမှ ရွှေပေလွှာနှင့် မှူးမတ်တို့ကို စေလွှတ်၍ ဂရုဓမ္မကို တောင်းစေရာ ဂရုဓမ္မရခဲ့၍ မင်း,မိဖုရား,မောင်းမ,မိဿံ,မှူးတော်, မတ်တော်,ဆွေတော်, မျိုးတော်, ပြည်သူ ပြည်သား-တို့ကို ဆောက်တည်စေမှ မိုးကြီးသည်းထန်စွာရွာ၍ ဝပြောသာယာကြောင်းကို ကျမ်းဂန်လာသည်။

ဤသို့ ကျမ်းဂန်လာသော အတ္ထုပ္ပတ္တိကိုလည်း ထောက်၍ ပဉ္စသီလကိုဆောက်တည်ရာ၏။

ဤတွင်ရွေ့ကား-ပဉ္စသီလအကျိုးပြတည်း။

---

**ရှစ်ပါးသီလအကျိုး** …. ပဉ္စသီလ၏ အကျိုးကို ပြပြီး၍ အဋ္ဌသီ[၁] ဟု ဆိုအပ်သော ရှစ်ပါးသော ဥပုသ်၏ အကျိုးကို တဖန်ပြဆိုပေအံ့။ ။အချို့သောသူတို့ကား ဥပေါသ၊အချို့သောသူတို့ကား ဥပေါသထဟူ၍ ဆိုကြကုန်၏၊ ထိုနှစ်ပုဒ်

---

၁။ အဋ္ဌသီ-အဋ္ဌသီလ=(ပါဠိ)ရှစ်ပါးသီလ။

www.dhammaransi.com



တို့ကို အဘယ်သို့ ဝိဂြိုဟ်ဆိုအပ်သနည်း။ အဋ္ဌ၊ ရှစ်ပါးသော။ သီလံ၊ သီလကို။ သမာဒိယိတွာ၊ ဆောက်တည်၍။ ရတနတ္တယဋ္ဌာနေ၊ ရတနာ ၃-ပါးတည်ရာ အရပ်၌။ ဥပေမိ၊ ဆည်းကပ်ပေ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥပေါသော၊ ဥပေါသမည်၏။ ဥဘိန္နံ၊ နှစ်ပါးစုံကို။ ပဒ္ဒိန္တ၊ စွဲ၍။ ဥပေါသထော၊ ဥပေါသထမည်၏။ ဤသို့ ဆိုသောကြောင့် နှစ်ပါးလုံးပင် သင့်မြတ်ပါ၏။ ။တနည်းကား သမန္နာဂတံ၊ သမ္ပန္နာဂတံဟု ကွဲပြားသော အယူရှိကြ၏၊ သမန္နာဂတံ၊ ညီညွတ်ခြင်းအနက်။ ။သမ္ပန္နာဂတံ၊ ပြည့်စုံခြင်းအနက် နှစ်ပါးလုံးပင် သင့်မြတ်ပါ၏။

ထိုရှစ်ပါးသောသီလကို ဆောက်တည်ရာ၌လည်း သီလသည် လေးပါးအပြားရှိ၏၊

၁။ ဟာနဘာဂိယသီလ။

၂။ ဌိတိဘာဂိယသီလ။

၃။ ဝိသေသဘာဂိယသီလ။

၄။ နိဗ္ဗိန္ဒဘာဂိယသီလ။

ဟူ၍ လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင် ဟာနဘာဂိယသီလသည်ကား-

ပဌမာနိ ဘိက္ခဝေ သဋ္ဌမ္မသ ပရိဟာနာယ။ကတမာနိ ပဉ္စ ကမ္မာရာမတာ ဘဿာရာမတာ နိဒ္ဒါရာမတာ သင်္ဂဏိကာ ရာမတာ ယဒါ သင်္ဂါရဝိမုတ္တာ စိတ္တံ န ပေစ္စဝေက္ခတိ။

ဤသို့ အင်္ဂုတ္တိုရ်ကျမ်း၌ဟောတော်မူ၏။

**အနက်ကား**·····ဘိက္ခဝေ၊ ရဟန်းတို့။ သဋ္ဌမ္မသ၊ သူတော်ကောင်းတရား၏။ ပရိဟာနာယ၊ ဆုတ်ယုတ်ခြင်း၌။ ဣမာနိပဉ္စ၊ ဤငါးပါးတို့တည်း။ ကတမာနိပဉ္စ၊ အဘယ် ငါးပါးတို့ နည်းဟူမူကား။ ကမ္မာရာမတာစ၊ အမှုလုပ်ခြင်း၌ မွေ့လျော်ခြင်းရင်း။ ဘဿာရာမတာစ၊ စကားပြောခြင်း၌ မွေ့လျော်သော အဖြစ်ရင်း။ နိဒ္ဒါရာမတာစ၊ အိပ်ခြင်း၌ မွေ့လျော်သော အဖြစ်ရင်း။

www.dhammaransi.com



သင်္ဂဟိကာရေမတ္တာစ၊ အပေါင်းအဘော်၌ မွေ့လျော်သော အဖြစ်ရှင်း။ ယဒါ၊ အကြင်အခါ၌။ သန္နိဂရိပမုတ္တစိတ္တံ၊ သန္နိဂရမှ လွတ်သော စိတ်ကို။ နုပေက္ခဝေက္ခတိ၊ မကြံ။ သဒ္ဒမ္မဿ၊ သူတော်ကောင်းတရား၏။ ပရိဟာနာယ၊ ဆုတ်ယုတ်ခြင်းငှါ။ ဣမာနိပဉ္စ၊ ဤငါးပါး တို့တည်း။

**ဟာနဘာဂိယသီလ**·····ဤသို့ ဟောတော်မူသောကြောင့် အမှု လုပ်ခြင်း, စကား ပြောခြင်း, အပေါင်းအဘော်၌ မွေ့လျော်ခြင်း, အိပ်ခြင်း, သန္နိဂရမှလွတ်အံ့သော စိတ်ကို မအောက်မေ့ခြင်း၊ ဤ ၅–ပါးနှင့် ပြည့်စုံချေက ဟာနဘာဂိယသီလမည်၏။

**ဌိတိဘာဂိယသီလ**·····ထိုငါးပါး၌ပင်ထင်သော်လည်း သမထ ဝိပဿနာနှင့် ယှဉ်သော သီလသည် ဌိတိဘာဂိယသီလမည်၏။

**ဝိသေသဘာဂိယသီလ**·····သမထ ဝိပဿနာကမ္မဋ္ဌာန်း တခုခုကို ယှဉ်၍ နိဝရဏကို ချိုးပွဲ၍ နေသော သီလသည် ဝိသေသဘာဂိယ သီလမည်၏။

**နိဗ္ဗေဓဘာဂိယသီလ**··ခန္ဓာအာယတနဓာတ်တို့၏ အစဉ်မပြတ် စက်ရဟတ်ကဲ့သို့ ဖြစ်တတ် ပျက်တတ် နှိပ်စက်တတ်ခြင်း ဖေါက်ပြန်တတ်ခြင်း သဘော တရားတို့ကို အောက်မေ့၍ ငြီးငွေ့ထိတ်လန့် စက်ဆုတ် တုန်လှုပ်ခြင်းနှင့် တကွ စောင့်သောသီလသည် နိဗ္ဗိန္ဒဘာဂိယသီလမည်၏။

**ပမာတန္တ၊**···ထိုလေးပါးတို့၏ ပမာတန္တကိုဆိုပေအံ့၊ ဟာနဘာဂိယသီလမှာ ခဲမ, ကြေးနီ ငွေတ်–စသည်များကို ရသည်နှင့်တူ၏။ ။ဌိတိဘာဂိယသီလကား ငွေကိုရသည်နှင့်တူ၏။ ။ဝိသေသ ဘာဂိယသီလကား ရွှေကို ရသည်နှင့်တူ

www.dhammaransi.com



၏။ ။နိဗ္ဗန္ဓဘာဂိယသီလမှာ စကြဝတေးမင်း၏ ကျောက်မြတ် နဝရတ်ကိုရသည့်နှင့်တူ၏။

**တနည်းကား**......စီးပွါးရှာကြသော ယောကျ်ား လေးဦးတို့တွင် တယောက်ကား တနေ့စားလောက်ရုံသာရ၏၊ တယောက်ကား တလ စားလောက်ရုံသာ ရသည်၊ တယောက်ကား တနှစ်စားလောက်ရုံသာ ရသည်၊ တယောက်ကား တသက်စား၍မကုန်နိုင်အောင်ရသည်၊ထို့အတူ ဟာနဘာဂိယသီလကား တနေ့စားရသည်နှင့်တူ၏။ ။ဌိတိဘာဂိယ သီလကား တလ စားရသည်နှင့်တူ၏။ ။ဝိသေသ ဘာဂိယသီလကား တနှစ်စားရသည်နှင့်တူ၏။ ။နိဗ္ဗန္ဓဘာဂိယသီလကား တသက်ပန်ကာလပတ်လုံး စားသုံး၍မကုန်နိုင်အောင် ရသည်နှင့်တူ၏။

ဤသို့သော ဥပမာကို ထောက်ထားဆင်ခြင်၍ ပြုကြကုန်ရာ၏။

**တနည်းကား**......၁။ ဂေါပါလ ဥပုသ်။ ၂။ နိဂဏ္ဌ ဥပုသ်၊ ၃။ အရိယာဥပုသ် ဟူ၍ သုံးပါးရှိ၏။ ။ထိုသုံးပါးတို့တွင်။

**ဂေါပါလဥပုသ် ဟူသည်ကား** ..... နွားကျောင်းသား နွားကျောင်းသည်နှင့် တူ၏၊နွားကျောင်းသားတို့မည်သည်ကား ယနေ့မှာ ရေကြည်ရာ မြက်နုရာ နွားကိုကျောင်း၍ နွားရှင်ထံသို့ အပ်ခဲ့ရချေပြီ၊ နက်ဖြန်ခါ အဘယ်အရပ်မှာ မြက်ရေပေါပါလိမ့်မည်နည်း၊ အဘယ်အရပ်မှာ နွားကျောင်းရပါမည်နည်းဟု အောက်မေ့၍ အိပ်သကဲ့သို့ ထို့အတူ ဥပုသ်စောင့်သောသူသည် ယနေ့မှာ ဤထမင်း လက်သုပ် ဟင်း-လျာတို့ကို စားခဲ့ရပေပြီ၊ နက်ဖြန် ဥပုသ်အထွက်ကို အဘယ် ထမင်း အဘယ်လက်သုပ် ဟင်းလျာနှင့်စားရပါမည်နည်း၊အသူက ကျွေးပါမည့်နည်းဟူ၍ အစားအသောက်ကိုသာ အောက်မေ့၍ စောင့်သောဥပုသ်သည် ဂေါပါလ ဥပုသ်မည်၏။

www.dhammaransi.com



**နိဂဏ္ဌဥပုသ်ဟူသည်ကား** ·····တိတ္ထိ ဆရာတို့သည် မိမိတို့၏ တပည့်တို့ကို ပာယ်အချင်းတို့၊ ဤ အရပ်ကို အရှေ့, အနောက်, တောင်, မြောက်, ဆယ်ယူဇနာ အတွင်း၌သာ ကြဉ်ရှောင်၍ ဆယ်ယူဇနာ၏ အပ၌ဖြစ်သော သတ္တဝါတို့ကို သတ်သော်ရင်း၊ ဥစ္စာကိုခိုးသော်ရင်း၊ အပြစ်မရှိဟု ဆုံးမ၏။ ထိုတိတ္ထိဆရာတို့ နည်းအတိုင်း စောင့်ရှောက် ဆောက်တည်သော ဥပုသ်သည် နိဂဏ္ဌဥပုသ်မည်၏။

**အရိယဥပုသ်မည်သည်ကား**·····ယနေ့သည် မြတ်သောသီလကို ဆောက်တည်ရပေပြီ၊ အညစ်အကြေး ရှိသော အဝတ်ပုဆိုးကို ဆပ်ပြာစသည်ဖြင့် ဖွပ်လျှော်သကဲ့သို့ရင်း၊ ဦးခေါင်းတို့ကို တရော်ကင်ပွန်း ဆပ်ပြာတို့ဖြင့် ဖွပ်လျှော်သကဲ့သို့ရင်း၊ ငါ၏ကိုယ်တွင်း၌ရှိသော ကိလေသာ တည်းဟူသော အညစ်အကြေးကို သမထ, ဝိပဿနာ တည်းဟူသော တရော်ကင်ပွန်း ဆပ်ပြာတို့ဖြင့် ဆေးကြော ဖွပ်လျှော်မှ စင်မည်ဟု နှလုံးသွင်း၍ "ဗုဒ္ဓါနုဿတိ"စသော သမထကမ္မဋ္ဌာန်း, အနိစ္စ-အစရှိသော ဝိပဿနာ—ကို အားထုတ် ဆောက်တည်သော ဥပုသ်သည် အရိယဥပုသ်မည်၏။

ထို ၃—ပါးတို့တွင် ဂေါပါလဥပုသ်သည် အကျိုးကားရှိ၏၊ မဟပ္ဖလ[1] မဖြစ်ချေ။ ။နိဂဏ္ဌဥပုသ်သည် ဥပုသ်ဟူ၍သာ အမည် ရ၏၊အကျိုးအာနိသင်မရှိ။ ။အရိယဥပုသ်သည်ကား နေရောင် လ ရောင်ကဲ့သို့ ထွန်းတောက်ပ၍ ကျယ်ဝန်းကြီးမားသော အကျိုးရှိ၏။

**မျက်မှောက်၌ ခံစားအပ်သောအကျိုးကား**·····ငါတို့မြတ်စွာ ဘုရား သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ သောအခါ ဒါယကာတယောက်သည် မြတ်စွာဘုရားထံ ဥပုသ်ခံရာ မြတ်စွာဘုရားက ဒါယကာ ဆိတ်ငြိမ်ရာသို့ကပ်၍ ဆောက်တည်

---

၁။ မဟပ္ဖလ-ကြီးကျယ်သောအကျိုး။

www.dhammaransi.com



လေဟု မိန့်တော်မူလိုက်၏၊ ဥပါသကာလည်းကျောင်းတော်က တတိုင်ခန့်လောက်တွင် တောအုပ်သို့ဝင်ပြီးလျှင် တချသော ပဉ္စောင်ပင်ရင်းသို့ကပ်၍ ရှေးဦးစွာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်း၍ အစဉ်အတိုင်း ပွါးလေ၏၊ ထိုအခါ ပဉ္စောင်ပင်သို့ အစဉ်လာသော ရုက္ခစိုးတို့သည် ဥပါသကာ၏ အမူအရာကို ကြည့်ကြကုန်၏၊ မတုန်မလှုပ်သော ဈာန်ဖြင့် ဘာဝနာကို ပွါးသောအဖြစ်ကို နှစ်သက်လေ၍ ထိုခဏ၌ နတ်တို့တိုင်ပင်ပြီးလျှင် ရတနာခုနစ်ပါးတို့ကို ဝါးတထောက်ပမာဏပုံ၍ လူယောင်ဆောင်လျက် ဥပါသကာ ယူတော့ဟု ဆိုကြကုန်၏၊ ထိုအခါ ဥပါသကာလည်း မတုန် မလှုပ်နေ၍ ငါသည် ဤဥစ္စာတို့ကို အဘယ်သို့ ဆောင်ရွက်အံ့နည်းဟု ကြံ၏၊ ထိုသို့ကြံသောခဏ၌ လှည်းငါးရာ ရောက်လာ၍ ငါတို့တင်မည် ဆို၏၊ ဥပါသကာလည်း ကောင်း၏ တင်လော့ဟုဆို၍ တင်စေ၏၊ ထို့နောက် ရထားတစီးယူခဲ့၍ဥပါသကာ ဤရထားကိုစီး၍ ရှေ့က သွားလော့ဟုဆို၏၊ ထိုအခါ မြတ်စွာဘုရားရှိရာသို့သွား၍ ကျောင်းတော်ကို ရောက်လျှင် ကျောင်းတော် တလင်း၌ လှည်းတို့ကို သွင်းစေ၍ ဘုရားသခင် အထံသို့ ဝင်ပြီးလျှင် ကျောင်းအသုံးအဆောင် သံဃာတော်တို့အသုံးအဆောင် အလို့ငှါလှူလျှင် အာနန္ဒာကိုခေါ်၍ ပြတော်မူမှ အရှင်အာနန္ဒာလည်း ကျောင်းအရံစောင့်တို့ကိုခေါ်၍ လျှောက်ပတ်ရာအရပ်၌ သိမ်းထားစေ၏။

ဤကား-မျက်မှောက်၌ခံစားအပ်သော အကျိုးတည်း။

**ဒါရုဟနလုလင်ဝတ္ထု**......အနာထပိဏ် သူဌေး၏ အမှုလုပ်ဖြစ်သော ဒါရုဟာန လုလင်သည် တနေ့သောလပြည့်နေ့၌ ဝါခင်းတောသို့ နံနက်စောစော သွားလေ၍ မွန်းမတ်မတ်တည့်မှ လာ၍ အိမ်၌ ဆိတ်ဆိတ်ငြိမ်ငြိမ်နေကြသည်ကို ကြည့်၍ ယနေ့ အဘယ်ကိစ္စရှိ၍ ဆိတ်ဆိတ် ငြိမ်ငြိမ် နေကြသနည်းဟုမေးလျှင် ယနေ့သည် လပြည့်နေ့ဖြစ်၍ ငါတို့တအိမ်လုံး ဥပုသ်စောင့်ကြ၍ ဆိတ်ဆိတ် နေသည် လုလင် ဟု ဆိုသော်

www.dhammaransi.com



အကျွန်ုပ်လည်းစောင့်လျှင် ရပါဦးမည်လောဟုမေး၏၊ ရပါ၏ဟု ဆိုလျှင် အနာထပိဏ်သူဌေးထံခံ၍ ဆောက်တည်လေ၏။ နံနက် ကပင် ထမင်းမစား၍ ညဥ့်အခါ ပြင်းစွာသော လေနာ ထသည် တွင် လုလင်စတုမရကို သောက်လေ့ဟုဆိုလျှင် ယာ့ရှင် သူဌေး တို့ သောက်ပါသလောဟု မေး၏၊ ငါတို့မှာ အကြောင်း မရှိ၍ မသောက်ပြီဟုဆိုလျှင် အကျွန်ုပ်လည်း မသောက်ပြီဟု ဝေဒနာ ကိုသည်းခံလျက် နံနက်အရုဏ်တက်ခါနီး အခါ ခန္ဓာ ကွယ်ခဲ့၍ တရသော တောအုပ်၌ ပညောင်ပင်ကြီးတွင် ရုက္ခစိုးဖြစ်လေ ၏။ ။ထိုအခါ ရသေ့ငါးရာတို့သည် ထိုပညောင်ပင် အောက်သို့ ရောက်လာ၍ အရိပ်ခိုကြရာ ရသေ့ကြီးသည် ဤသို့ကြံ၏၊ ဩော်– ပညောင်ပင်ရင်း၌ တန်ခိုးကြီးသောနတ်တို့ ရှိပါမူကား ငါတို့ကို သောက်ရေများ ပေးပါလျှင် ကောင်းလေစွဟု အောက်မေ့သော ခဏ၌ အသီးအသီး အိုးငါးရာတို့သည် သောက်ရေခွက်နှင့်တကွ ဖြစ်ကြ၍ သောက်ချိုးရလေ၏၊ သောက်ချိုးပြီးလျှင် ဩော် တန်ခိုး ကြီးသော အရှင်နတ်မင်း အကျွန်ုပ်တို့သည် ဆာမွတ်လေစွတကား ဟု အောက်မေ့ဆဲသော ခဏ၌ ရွှေခွက်ငါးရာနှင့် နတ်ဩဇာ အ ပြည့်ထည့်၍ရောက်လာ၏။ ရသေ့တို့သည် စားသောက် သုံးဆောင် ပြီးလျှင် ရွှေခွက်တို့သည် ကွယ်လေ၏။

ဤကား- မွန်းတည့်အခါမှ တဝက်အဘိုကို ဆောက်တည်ရသော သီလ၏အကျိုးဆက်တည်း။

**ထင်းခွေယောကျ်ားဝတ္ထု**……လွန်လေပြီးသောအခါ ဗာရာ ဏသီပြည်၌လည်း မဟာဓန သူဌေး၏အမှုလုပ် ထင်းခွေယောကျ်ားသည် တနေ့သောလပြည့် နေ့၌ နံနက်စာမစားမိ တောသို့သွား၍ ပြန်ခဲ့သော် မွန်းတည့်အခါမှ ရောက်လာ၍ အိမ်၌ဆိတ်ဆိတ်နေသည်ကို မြင်လျှင် အဘယ့် ကြောင့် ယနေ့ဆိတ်ဆိတ်နေရသနည်းဟုမေးသော် ဥပုသ်နေ့ဖြစ်၍ ဆိတ်ဆိတ်နေသည်ဟုဆိုလျှင် အကျွန်ုပ်လည်း စောင့်လိုပါသည် ဟုဆို၍ မဟာဓန သူဌေးထံ ခံ၍ဆောက်တည်လေလျှင် ညဥ့်အခါ

www.dhammaransi.com



လေနာပြင်းစွာနာ၍ နံနက်အခါကြွပ်းပြင်မှာထုတ်၍ ဆေး ကုမကြွ သည့်တွင် ဖင်းနှင့်မိဖုရားသည် ဆင်စီး၍လာသဖြင့် ဆင်ပေါ်က မိဖုရားကိုကြည့်လျက် အသက်ကုန်ခဲ့၍ မိဖုရားဝမ်း၌ ပဋိသန္ဓေ နေသဖြင့် ဖွားသောအခါ ဥဒေဟ သတို့သားဟု အမည်ပေးလျက် ခမည် တော် နတ်ရွာလားမှ ပြည်ကြီးစည်းစိမ်ကို ခံစားရခြင်း။

**ပုဏ္ဏားတရားသူကြီးဝတ္ထု**…… တနည်းလည်း ထိုဗာရာဏသီ ပြည်၌ တရား ဆုံးဖြတ်သော ပုဏ္ဏား တရားသူကြီးသည် နေ့အတွင်း၌ တံတိုးစား၍ ဆုံးဖြတ်ပြီးလျှင် ညဉ့်အခါတွက် ဥပုသ်စောင့်၍ ဥပုသ်သည်မှ တလောက်ကို သရက်သီး သုံးလုံး လှူခဲ့ဘူးသော ကောင်းမှုကြောင့် သုံးယူဇနာ ရှိသော သရက်ဥယျာဉ်၌ ညဉ့်ကိုရွှေဗိမာန်နှင့် နတ်သို့အပေါင်းခြံရံ ၍ ဥပုသ်အကျိုးကြောင့် ခံစားရ၏။ နေ့ကိုပေါက်ဝဘူးပမာဏရှိသော လက်သည်းဖြင့် ကျောက်ကုန်းသား ပေါင်သား သလုံးသား တို့ကို ပုတ်၍ စားခြင်း။ ။ဤသို့ဖြစ်သော ဝတ္ထုသက်သေတို့ကို အောက် မေ့၍ ဥပုသ်သီလကည်းဟူသော ကောင်းမှုကို အားထုတ်ရာ၏။ ထို့ကြောင့် မြတ်စွာဘုရားသည်—

သီလေန သီလေန ရာဇကုလေ၊ မစ္ဆီမေန ဒေဝလောကေ။
ပဏီတေန မြဟ္မလောကေ။

ဟူ၍ ဟောတော်မူ၏။

**အနက်ကား**……ဘိက္ခဝေ၊ ရဟန်းတို့။ ဟီနေန၊ ယုတ်သော။ သီလေန၊ သီလကြောင့်။ ရာဇကုလေ၊ မင်းမျိုး ၌။ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။မဇ္ဈိမေန၊အလယ်ဖြစ်သော။ သီလေန၊သီလ ကြောင့်။ ဒေဝလောကေ၊ နတ်ပြည်ခြောက်ထပ်၌။ ဇာယန္တိ၊ဖြစ် ကုန်၏။ပဏီတေန၊ မြတ်သော။သီလေန၊ သီလကြောင့်။ ဗြဟ္မလော ကေ၊ ဗြဟ္မာ့ပြည်၌။ဇာယန္တိ၊ဖြစ်ကုန်၏။

ဤသို့ ဟောတော်မူသော တရားတော်ကို တောက်ရှု ဆင်ခြင်၍ အား ထုတ်ကုန်ရာ၏။

သီလကထာ ပြီး၏။

www.dhammaransi.com



## ဘာဝနာ

ဤသို့ သီလကိုပြပြီး၍ ယခုအခါ၌ ဘာဝနာကို ပြပေအံ့။

ဘာဝနာသည် သမထ ဘာဝနာ၊ ဝိပဿနာ-ဘာဝနာဟူ၍ နှစ်ပါး အပြားရှိ၏။ ။ထိုနှစ်ပါးတို့တွင် ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ ဗြဟ္မဝိဟာရတရားလေးပါး၊ အာဟာရေ ပဋိကူလသညာတပါး၊ စတုဓာတုဝဝတ္ထာန်တပါး၊ အာရုပ္ပလေးပါး၊ အနုဿတိဆယ်ပါး၊ ဤလေးဆယ်တို့သည် သမထမည်ကုန်၏။

**သမထမည်ပုံ**..အဘယ့်ကြောင့် သမထမည်သနည်း နီဝရဏံ သမေတီတိ သမထော-ဟူ၍ ဆိုသောကြောင့် သမထမည်၏။ ယံဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ နီဝရဏံ၊ နီဝရဏကို။ သမေတိ၊ ငြိမ်းစေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ငြိမ်းစေတတ်သောသတ္တိကြောင့်။ တံဓမ္မဇာတံ၊ ထိုတရားသဘောသည်။ သမထော၊ သမထမည်၏။

အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ၊ ဤ ၃-ပါးကား ဝိပဿနာမည်၏။ -

**ဝိပဿနာမည်ပုံ**.....အဘယ့်ကြောင့် ဝိပဿနာမည်သနည်း ဝိသုဒ္ဓေန ပဿတီတိ ဝိပဿနာ ဟူ၍ ဆိုသောကြောင့် ဝိပဿနာမည်၏။ ဝိသုဒ္ဓေန၊ စင်ကြယ်သဖြင့်။ ပဿတိ၊ မြင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။

တနည်းကား။ ။ဝိဝိဓကာရဏေဟိ ပဿတီတိ ဝိပဿနာ။ ဝိဝိဓကာရဏေဟိ၊ အထူးထူးအပြားပြားသော အခြင်းအရာတို့ဖြင့်။ ပဿတိ၊ မြင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။

**ဘာဝနာ**.....ထိုနှစ်ပါးကို အဖန်တလဲလဲ စီးဖြန်းခြင်းသည် ဘာဝနာမည်၏။

www.dhammaransi.com



ထိုသမထကမ္မဋ္ဌာန်းလေးဆယ်တို့တွင် ဗုဒ္ဓါနုဿတိကို ရှေးဦးစွာစီးဖြန်းရာ၏၊ အဘယ့်ကြောင့်နည်း သမ္မာပဋိပတ် ကျင့်ဝတ်မြတ်ကို ညွှန်ပေသော ဆရာဖြစ်၍ ဗုဒ္ဓဂုဏ်ကျေးဇူးတော်ကို ရှေးဦးစွာ စီးဖြန်းပွါးများစေရာ၏။

**ဗုဒ္ဓါနုဿတိအကျိုး**......ဗုဒ္ဓါနုဿတိကို မပြတ်စီးဖြန်းရခြင်း အောက်မေ့ရခြင်းအကျိုးကား ပစ္စုပ္ပန် သံသရာ ချမ်းသာစီးပွါးနှင့်ပြည့်စုံ၏၊ ဘေးဒဏ်,ရန်မာန်,အန္တရာယ်တို့ကိုလည်း ဆီးကာတားမြစ်နိုင်၏။ ထိုအကြောင်းကို ဤသို့သိရာ၏။

**နန္ဒဝါဏိဇဝတ္ထု**......ငါတို့မြတ်စွာဘုရားသည် ဗာရာဏသီပြည်၏ အနီးဖြစ်သော မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူသောအခါ နန္ဒဝါဏိဇဖြစ်သော ကုန်သည်တဦးသည် ဘုရားသခင်ထံ ဆည်းကပ်၍ ဗုဒ္ဓါနုဿတိကို မပြတ်စီးဖြန်းလေ့သာဆောင်ရွက်၏။ တရံရောအခါ ကာလိင်္ဂရာဇ်ပြည်သို့ သင်္ဘောလွှင့်၍ကုန်ရောင်းသွားလေသော် တယောက်သောအမတ်သည် မြို့သို့လှည့်ပတ်ရာ နန္ဒဝါဏိဇ ကုန်သည်၏ မယားကိုမြင်၍ မဆောက်တည်နိုင်ဘဲ အလွန်တပ်မက်မောသည် ဖြစ်၍လင်ရှိသည် မရှိသည်ကို စုံစမ်းမေးမြန်းသော် လင်ရှိကြောင်းကိုသိ၍ ငါ့စကားကို လိုက်နာပါ လင်၏အမှုကို ငါ့တာရှိစေဟု ဆိုလေရာတွင် လင်ရှိလျက်ကို အဘယ်သို့ နားထောင်ရပါအံ့နည်းဟုဆိုလိုက်၍ လင်ကိုသေအောင်ကြံအံ့ဟု အောက်မေ့၍ အသက်သွင်းတတ်သော ဇီဝကဆေးသမားကို ခေါ် ပြီးလျှင် အသင်သည်သူသေကို ဖုတ်သွင်း၍ နန္ဒဝါဏိဇကို သတ်နိုင်ပါမည်ဖြစ်လျှင်အသပြာတထောင် ငါပေးမည်ဆိုသော် ကောင်းပါပြီဟုဝန်ခံ၍သုသာန်ကို အမတ်နှင့်ဆေးသမား သွားကြ၍ တရသောရုပ်အင်္ဂါမပျက်သေးသော သူသေကောင်ကို တွေ့၍ ဖုတ်သွင်းသော်ထ၍လာ၏။ အမတ်လည်းဝမြိန်စွာ အစာစားစေ၍ သန်လျက်

www.dhammaransi.com



ပေးပြီးလျှင် ဤအရပ်၌ နန္ဒဝါဏိဇကို သတ်ချေဟုစေလိုက်လျှင် ထိုဖုတ်ကောင်သည်သွားလေ၏။ နန္ဒဝါဏိဇလည်း ပွဲစင်၌ထိုင်၍ ဗုဒ္ဓါနုဿတိကို စီးဖြန်း၍ နေခိုက်နှင့်ကြုံ၍ပြန်ခဲ့၏။ ဆေးသမားလည်းသေပြီလောဟုမေး၏၊ ဖုတ်ကောင်လည်း သံဘာတိုင်းကာ၍ မဝင်နိုင်ဟု ဆို၏။

တဖန် အသစ်လွှတ်ပြန်၍ ထိုဖုတ်ကောင်လည်းသွား၍ ရှေးနည်းအတူ ပြန်ခဲ့၏။ သေပြီလောဟုမေးသော် ကျောက်တံတိုင်းကာ၍ မဝင်နိုင်ဟုဆို၏။ နောက်အသစ်တကောင်ကို ဖုတ်သွင်း၍ လွှတ်လိုက်ပြန်၏။ ရှေးနည်းအတူပြန်ခဲ့၏။ ဆေးသမားလည်း သေပြီလောဟုမေး၏။ ဖုတ်ကောင်လည်းစကားမဆို ဆေးသမားနှင့် အမတ်ကို သာ သန်လျက်ဖြင့်ဖြတ်၏။ ထိုအကြောင်းကို မြင်သောသူတို့သည် ပြောကြ၍ ဗာရာဏသီတပြည်လုံး အုတ်အုတ်ကျက်ကျက်ရှိကြလေကုန်၏။ ဤသို့ကျေးဇူးနှင့်ပြည့်စုံသော ဗုဒ္ဓါနုဿတိကို ရှေးဦးစွာ စီးဖြန်းရာ၏။

**ခုနစ်နှစ်ရွယ်သူငယ်ဝတ္ထု**......တနည်းကား မြတ်စွာဘုရားသခင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူသောအခါ ထိုရာဇဂြိုဟ်ပြည်၌ နေသော ခုနစ်နှစ်သားရှိသော သူငယ်တယောက်သည် မိဘတို့ သင်၍—

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။
ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃော မေ သရဏံ အညံ နတ္ထိ။

ဟူ၍သွားတိုင်း လာတိုင်း နေရင်းထိုင်ရင်း အိပ်ရာကနိုးတိုင်း စီးဖြန်း၏။ တရံရောအခါ အဘနှင့်ထင်းတောသို့သွား၍ လှည်းနှင့် ပြန်ခဲ့ကြသော် မြို့တံခါးပိတ်၍ မဝင်ရသောကြောင့် မြို့အပြင်၌ သားအဘအိပ်ကြရ၏။ ညဉ့်အခါ၌ မိစ္ဆာဒိဋ္ဌိနတ်ဘီလူးတယောက် သမ္မာဒိဋ္ဌိနတ်ဘီလူးတယောက် မြို့နားကိုလှည့်၍လာကြသည်တွင်

www.dhammaransi.com



လှည်းအောက်၌ အိပ်နေကြသော သားအဘနှစ်ယောက်ကို မြင်၍ မိစ္ဆာဒိဋ္ဌိနတ်ဘီလူးသည် သူငယ်၏ခြေကိုကိုင်ဆွဲ၏၊ သူငယ်လည်း အဘနိုးသည်ထင်ပြီးလျှင်–

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။
ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃော မေ သရဏံ အညံ နတ္ထိ။

ဟုဆိုသောအသံကိုကြားလျှင် ဟယ်နတ်မိုက် နင်အဘယ့်ကြောင့် ဘုရားတပည့်သား သူတော်ကောင်းကို ဆွဲဘိသနည်း နင့်ကို ငါသန်လျက်နှင့် ချတ်ရမည်လောဟု သမ္မာဒိဋ္ဌိနတ်ဘီလူးကမေးလျှင် အရှင်နတ်မင်း မသိ၍ဆွဲမိပါသည် ကျွန်ုပ်ကန်တော့ပါမည် ဆို၏၊ အဘယ်သို့ ကန်တော့ပါမည်နည်းဟု မေးလျှင် အဘယ်သို့ ကန်တော့ရပါအံ့နည်းဟု မေးပြန်က သမ္မာဒိဋ္ဌိနတ်ကလည်း ရွှေခွက်နှင့် ဘောဇဉ်ကိုထည့်၍ ကန်တော့မှ ချမ်းသာရအံ့ဟု ဆိုလျှင် မိစ္ဆာဒိဋ္ဌိနတ်ကလည်း ဗိမ္ဗိသာရမင်းကြီးနန်းတော်သို့ ဝင်၍ စားတော်ရွှေခွက်နှင့်တကွ ဘောဇဉ်ကို ယူခဲ့၍ သူငယ်သားအဘကို နိုး၍ အသင်တို့ကို ဘုရားသခင်တပည့်မှန်း မသိ၍ ပြစ်မှားမိပေသည် ပြစ်မှားမိသော အပြစ်မှ ချမ်းသာရပါစေ ငါကန်တော့ပါ၏ဟု ဆို၍ ရွှေခွက်နှင့် ဘောဇဉ်ကိုပူဇော်ပေ၏။

ထိုသို့ပူဇော်၍ နတ်တို့သည် ကွယ်လေသော် မိုးသောက်သောအခါ စားတော်ရွှေခွက်ကို မတွေ့၍ နန်းတွင်း၌ရှာသော်လည်း မရသောကြောင့် မြို့ပြင်သို့ လွှတ်၍ရှာစေသော် ထိုသားအဘ နှစ်ယောက်တို့ လှည်း၌တွေ့၍ ကြိုးတို့ဖြင့် ချည်ယူကြလေကုန်၏။ မင်းထံသို့ရောက်လေသော် အဘယ်သူနည်းဟု မေးတော်မူလျှင် စားတော်ရွှေခွက်ကိုခိုးသော ခိုးသူသားအဘကိုမြို့ပြင်၌လှည်းနှင့် တွေ့ခဲ့ကြောင်းကို လျှောက်လေသော် ဟယ်လုလင်သားအဘတို့ အဘယ့်ကြောင့်ရွှေခွက်ကို ခိုးယူသနည်းဟု မေးတော်မူက ထိုသားအဘကလည်း ဤသို့လျှောက်၏ အရှင်မင်းကြီး ရွှေခွက်ကိုလည်း ကျွန်ုပ်

www.dhammaransi.com



တို့သားအဘ မခိုးယူပါ အရှင်မင်းကြီး၏ နန်းတော်တွင်းကိုလည်း ညဥ့်အခါမဆိုထားဘိဦး နေ့ကိုမျှမရောက် မဝင်ဘူးပါ အကျွန်ုပ်တို့ သားအဘသည် ဘုရားသခင်ဂုဏ်ကျေးဇူးကိုသာ ဆည်းကပ်ကိုးကွယ်လျက် နေ့ညဥ့်မပြတ် စီးဖြန်း၍နေပါသည်၊ ယနေ့ညဥ့်နတ်ဘီလူးတယောက်လာ၍ အသင်တို့ကို ဘုရားသခင်တပည့်မှန်း မသိ၍ ငါစားမည်ဆွဲမိပါသည် ဘုရားသခင် ဂုဏ်ကျေးဇူးကို အသင်တို့သားအဘ စီးဖြန်းမှ ဘုရားသခင် တပည့်မှန်းသိ၍ ငါဆွဲမိသည့်အပြစ်ကို သည်းခံတော်မူပါ ငါကန်တော့ပါ၏ဟု ဆို၍ပေးလာသည် အကျွန်ုပ်တို့ မခိုးမယူပါဟုလျှောက်လေသော် မင်းကြီးလည်း ဤသူ့စကားဟုတ်မည် မဟုတ်မည်ကို ဘုရားသခင်သာ သိနိုင်တော့မည်ဟု နံနက်စာထမင်းစားပြီးလျှင် ကျောင်းသို့ သွား၍ မြတ်စွာဘုရားထံ ထိုအကြောင်းကို လျှောက်လေသော် ဘုရားသခင်လည်းဟုတ်၏၊ ဤသို့ဆိုတိုင်းမလွဲပေ ငါမြင်တော်မူ၏၊ ဟုမိန့်တော်မူလျှင် "ဩော်-အံ့ဘွယ်ရှိပေစွတကား။ မြတ်စွာဘုရား၏ ကျေးဇူးတော်ဂုဏ်တော်တို့သည် ပြုခဲနိုင်သော အမှုကိုပင် ကြားရပေသည်"ဟု ချီးမွမ်းလျှင်--မင်းကြီးလည်း ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးကို ကောင်းစွာ အောက်မေ့ရာ၏၊ ရှေးပညာရှိတို့သည် ဤမျှမကသေးဟု မိန့်တော်မူ၍ရှေးအကြောင်းကိုဟောတော်မူ၏။

**သုဘဒ္ဒါလုလင် ဝတ္ထု။** .... မင်းကြီး ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တိဿဘုရားလက်ထက် ဗြဟ္မဒတ်မင်းသည်မင်းပြု၏။ ထိုဗာရာဏသီပြည်၌ထင်းခွေ၍ အသက်မွေးသော သုဘဒ္ဒါအမည်ရှိသော လုလင်သည် အခါခပ်သိမ်း၌ ဗုဒ္ဓါနုဿတိကိုသာ ရွက်ဆောင်၍ သရဏဂုံ ဆောက်တည်လျက် တနေ့မပြတ်စီးဖြန်း သရဇ္ဈာယ်၏။ တရံရောအခါ ထင်းခွေသွားရာ၌ပင်ပန်း၍ သစ်ပင်အောက်၌နေ၍ ဘုရားကျေးဇူးကိုအောက်မေ့စဉ် သိကြားမင်းသည်လာ၍ အသင်သုဘဒ္ဒါ အဘယ်ကိုအောက်မေ့သနည်းဟု မေးသော် အသင်ကား အသူနည်းဟု

www.dhammaransi.com



မေး၏။ ငါသိကြားဟုဆိုသော် အရှင်သိကြားမင်း အကျွန်ုပ်ဘုရား သခင်ကျေးဇူးကို အောက်မေ့၏၊ ဆိုလျှင် သာဓုအနုမောဒနာပြု၍ အသင်သည် ဥစ္စာကို လိုသလော ပြည့်၏စည်းစိမ်ကို လိုသလော ဟုမေး၏။ အကျွန်ုပ်သည် ပြည့်၏စည်းစိမ်ကို လိုပါ၏–ဟု ဆိုလျှင် အဘယ်မျှခန့်ကြာအောင် လိုသနည်းဟု မေးသော် အသက်နှင့်အမျှ လိုပါသည်ဟုဆို၏။ အသက်နှင့်အမျှ ငါမပေးနိုင်ဟု ဆိုလျှင် ဆယ်နှစ်ကိုပေးပါဟု ဆို၏။ ဆယ်နှစ်လည်းမပေးနိုင်ဟုဆိုသော် အဆင့်ဆင့် ဆုတ်လေ၍ တနှစ်ဟျအောင်မျှ မပေးရှိလေက အရှင်သိကြားမင်း အလိုရှိရာ ပေးပါလော့ဟုဆိုလျှင် တနေ့နှင့်တညဉ့်တွက်ကို သာ ပေး၏ဟုဆို၍ ကွယ်လေ၏။

သုဘဒ္ဒါလုလင်လည်း ထင်းထမ်း၍ သွားလေသော် ရမ္မာဝတီပြည်သို့ ခဏခြင်းရောက်၍ မြို့အရှေ့ ပဉ္စောင်ပင် အောက်တွင် ထင်းထမ်းကိုချ၍ ငါသည်လမ်းများခဲ့ပြီ ငါတို့ပြည်မဟုတ်တကား ယနေ့ သည်တွင် အိပ်တော့မည်ဟု အိပ်လေ၏။ ထိုရမ္မာဝတီပြည်၌ လည်း မင်းဆက်ပြတ်၍ ဖုဿရထားလွှတ်သော် ထိုသုဘဒ္ဒါ လုလင်၏ ခြေရင်း၌ဆိုက်လေ၏။ မှူးမတ် ပုရောဟိတ်တို့လည်း လက်နက်မျိုး တူရိယာမျိုးတို့ကို တပြိုင်နက် တီးမှုတ်ကြသော် လည်း သုဘဒ္ဒါလုလင်သည် ဦးခေါင်းခြုံကို ဖွင့်၍ကြည့်ပြီးမှ ခြုံ၍ နေမြဲနေလေ၏။ ပုရောဟိတ်တို့သည်လည်း လက္ခဏာကြီးငယ်ကို ကြည့်၍ ဤသူသည် ပြည်ကြီးအစိုးအပွါးကို ဆောင်ရွက်မည့်သူ ဟုသိ၍ နှိုးကြပြီးလျှင် ပြည်သို့ဆောင်၍ ရာဇာဘိသိက်ကိုသွန်း၏။ သုဘဒ္ဒါမင်းလည်း ငါသည်တနေ့နှင့်တညဉ့်သာ သိကြားပေးသော စည်းစိမ်ဖြစ်ချေသည်ဟုတိုက်များစွာမှရတနာတို့ကိုဖွင့်လှစ်စေ၍ ကြီးစွာသောအလှူကိုပေး၏။ နတ်တို့ကိုလည်း နန်းဦး၌ကျွေးမွေး၏၊ ထိုအခါ နတ်တို့သည်လည်း အလွန်နှစ်သက်ကြ၍ သုဘဒ္ဒါကို အသက်နှင့်အမျှ ပေးတော်မူပါဟုတောင်းပန်၍ သိကြားမင်းလည်း နတ်တို့အလိုရှိတိုင်း တည်စေလောဟု အခွင့်ပေးလိုက်၍ အနှစ် တသိန်း ကာလပတ်လုံး မင်းစည်းစိမ်ကိုခံစား၍ ကုသိုလ်ကောင်းမှု

www.dhammaransi.com



ကို အားထုတ်လျက် ရှုတေသောအခါ နတ်ပြည်၌ဖြစ်လေ၏--ဟု ဟောတော်မူသော တရားတော်အဆုံး၌ ဗိမ္ဗိသာရမင်းသည် ထို ထင်းခွေသားအဘကို များစွာသော ဆု လာဘ်သပ္ပကာပေး၏။

ဤသို့ ကျမ်းဂန်သက်သေ ထုံးဥပဒေကိုမှီ၍ ဘုရားကျေးဇူးတော်ကို ဦးစွာအားထုတ်ရာ၏။

ဤသို့ ဗုဒ္ဓါနုဿတိကို အားထုတ်ပြီးမှ မိမိစရိုက်နှင့်လျော်သော တခုခုသော ကမ္မဋ္ဌာန်းကို အားထုတ်စီးဖြန်းရာ၏။ ဤသို့စရိုက်နှင့်လျော်သောကမ္မဋ္ဌာန်းကို အားထုတ်၍ မဂ်ဖိုလ်ရကြောင်းကို ကား ဝတ္ထုကျမ်းဂန်သက်သေဖြင့် ပြဆိုပေအံ့။

**ရဟန်းတပါးဝတ္ထု** ။ ။ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူသောအခါ တဦးသော ရဟန်းသည် မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းကိုယူ၍ တောသို့ဝင်လေသော် တရံရောအခါ မြတ်စွာဘုရားကို ဖူးတွေ့မည်လာရာ လမ်းခရီး၌ တောမီးလောင်၍ မသွားနိုင်သဖြင့် တခုသောတောင်သို့ တက်ပြီးလျှင် တောင်ထိပ်ကနေ၍ မီးပုံကြီးကို ရှုပြီးလျှင် ငါတို့၏ ကိုယ်တွင်း၌ရှိသော ကိလေသာတို့သည် ဤတောင်၌ အမှိုက် သစ်ခက်နှင့်တူ၏၊ မီးသည်သင်္ခါရတရားကို ကုန်စေတတ်သော အရဟတ္တမဂ်နှင့်တူ၏၊ ထိုအရဟတ္တမဂ်မှ ဤသစ်ငုတ်တို့ကို လောင်၍ ရှင်းလင်းသကဲ့သို့ ရှိကုန်လတ္တံ့ဟု ကြံ၍နေသည်ကို မြတ်စွာဘုရားသည် ယူဇနာသုံးဆယ်ရှိသောခရီး ဂန္ဓကုဋိတိုက်က မြင်တော်မူ၍ ဩဘာသ[1] အရောင်တော်[2]ကို လွှတ်တော်မူလျက် ရဟန်း သင်ကြံတိုင်းဟုတ်၏၊ ကိုယ်တွင်း၌ရှိသော သစ်ပင်နှင့်တူသော ကိလေသာကို လောင်စေတတ်သော အရဟတ္တမဂ် တည်းဟူသော မီးကို ဝိပဿနာတည်းဟူသော လေဖြင့်ထုတ်

၁။ ဩဘာသ-(ပါဠိ)အရောင်။

၂။ ဩဘာသအရောင်တော်ကို-ရောင်ခြည်တော်ခြောက်ပါးကို ဆိုလိုသည်၊ ဩဘာသ အရောင်ဟူ၍သီးခြားမရှိ။

www.dhammaransi.com



မှတ်လေဟုမိန့်တော်မူလေသော် သြော် မြတ်စွာဘုရားသခင်သည် ငါ့ကိုတိုက်တွန်းတော်မူပေသည်ဟု ခယ[1] ဝယ[2]-တရားကိုရှုသဖြင့် ခဏခြင်း၌ အရဟတ္တဖိုလ်သို့ ရောက်၍ ကောင်းကင်ခရီးဖြင့် သွားလေလျှင် မြတ်စွာဘုရား့အထံတော်သို့ ရောက်လေ၏။

**ရဟန်းတပါးဝတ္ထု**····· ထိုသာဝတ္ထိပြည်၌ပင် ရဟန်းတပါးသည် ပသေနဒိ ကောသလမင်း၏ ဥယျာဉ်သို့ဝင်၍ "တစပဉ္စက[3]" စသော ကာယာနုပဿနာကို အားထုတ်၍နေရိုက် တယောက်သောပြည့်တန်ဆာမသည် မိမိနှင့် အချိန်းအချက်ရှိသော ယောက်ျားကို စောင့်၍နေသော် မလာ၍ ရဟန်းထံကပ်ပြီးလျှင် ရှင်ရဟန်းနှင့် ငါ ပေါင်းဘော်၍ လူအဖြစ်ဖြင့် ကုသိုလ်ကိုအားထုတ်ရသော် ကောင်းပါ၏ဟု မိန်းမပရိယာယ်[4] မာယာ[5]ဖြင့် လှည့်ပတ်ဖြားယောင်းလာသည်ကို ရဟန်းသည်ဤသို့ ကြံ၏ ငါ၏ကမ္မဋ္ဌာန်း အနုတ္တရယ်ကို ဤသို့ပြုလာခြင်းသည် မလျောက်ပတ်သောအမှုတည်း ဥပမာကား ရောင်ခြည်တထောင် ဆောင်သောနေကို တိမ်မြေးရှက် ဖုံးလွှမ်းလာသကဲ့သို့ ဝိပဿနာ၏ အညစ်အကြေးဖြစ်ခဲ့၏။သံသရာ၏ အနှောင်အဖွဲ့ပြုခဲ့၏—ဟု ကြံစည် ဆဲခဏ မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်ကမြင်တော်မူ၍ ရဟန်း ကျုံး,မြောင်း,ပတ္တင်,ရင်တား,လက်နက်,ကိရိယာနှင့် ပြည့်စုံသော တိုင်းပြည်မြို့ရွာတို့ကို ရန်သူမဖောက်နိုင်ချေ ထို့အတူ ရန်သူဖြစ် သော ကိလေသာတို့ကို ဝိပဿနာ တည်းဟူသောလက်နက်ဖြင့် သတိပြု၍ ဝိရိယတည်းဟူသော ကျုံး, မြောင်း, ပတ္တင်—သမာဓိ တည်းဟူသော ရင်တားကို လုံစွာအားထုတ်လေဟု သြဘာသ

---

၁။ ခယ-ကုန်ခန်းခြင်း။

၂။ ဝယ-ပျက်စီးခြင်း။

၃။ တစပဉ္စက-အရေလျှင် ငါးခုမြောက်ဖြစ်သော တရားစု။

၄။ ပရိယာယ်-ပရိယာယ (ပါဠိ) အကြောင်းတမျိုး။

၅။ မာယာ-(ပါဠိ) လှည့်ပတ်ခြင်း။

ရောင်ခြည်တော်ကို လွှတ်တော်မူလိုက်လျှင် ထိုခဏ ဘုရားကျေးဇူးကို အောက်မေ့၍ ဝိပဿနာဉာဏ်သို့ ရောက်လျက် တခဏခြင်းအရဟတ္တဖိုလ်သို့ရောက်၍ ကောင်းကင်ခရီးဖြင့်လာ၍ မြတ်စွာဘုရားထံရောက်၏။

**ရဟန်းငါးရာဝတ္ထု**…တရံရောအခါလည်း ငါးရာသောရဟန်းတို့သည် မြတ်စွာဘုရားထံ အဖူးအမျှော်လာကြရာ လှေခါးအတက်၌ ရှင်အာနန္ဒာနှင့်တွေ့၍ရှင်အာနန္ဒာသည် ရှောင်၍ဆင်းလေ၏။ ရဟန်းတို့လည်း တက်ကြလေ၍ မြတ်စွာဘုရား့အထံတော်သို့ ရောက်ကြလေသော် မြတ်စွာဘုရားလည်း ချစ်သားတို့ မြွေလေးကောင်ကို အဆိပ်နုတ်၍ ငြိမ်းကြပြီလောဟု မေးသော် မေးတော်မူသောခဏ ဝိပဿနာဉာဏ်ကိုရ၍ ကြမ်းပြင်သို့ကျ၍ ထိုင်သည်ခဏ အရဟတ္တဖိုလ်သို့ ချည်းရောက်၏။ မြတ်စွာဘုရား ကျေးဇူးကို အောက်မေ့ကြ၍ အံ့ဩလျက် လက်ျာရစ်ပူဇော်၍ ကောင်းကင်ခရီးဖြင့် သွားကြလေသော်။ အရှင်အာနန္ဒာလည်း ကိုယ်လက်သန့်စင်၍ ကုဋိကဆင်း၍ ကျောင်းသို့တက်လေ၍ မြတ်စွာဘုရားထံ ရောက်လေသော်၊ အရှင်ဘုရား ရဟန်းငါးရာတို့သည် မရောက်လာပါလောဟု လျှောက်လေက ရောက်လာ၏ဟုမိန့်တော်မူသော် အရှင်ဘုရား အဘယ်မှာနည်းဟု မေးက သွားကြပြီဟု မိန့်တော်မူလျှင် ဆင်းလာသည်ကို မမြင်ပါတကားဟု လျှောက်၏။ ကောင်းကင်ခရီးဖြင့်သွားကြပြီဟု မိန့်တော်မူသော် အဘယ်အရပ်က ရဟန်္တာဖြစ်ကြသနည်းဟု မေးလျှောက်ပြန်လေ၏၊ ငါ့ထံရောက်မှ ဖြစ်သတည်းဟု မိန့်တော်မူသဖြင့် "အရှင်ဘုရား လျင်လွန်းစွတကား"ဟု လျှောက်ပြန်၏။ မြတ်စွာဘုရားလည်း—

အပ္ပကံဝါဗဟုံဝါနဟောတိ၊ သပ္ပုရိသော ဇကောဝါရံ
ပိ သုဏိတွာဇာနာတိ။

ဟူ၍ ဟောတော်မူ၏။

www.dhammaransi.com



**အနက်ကား**……အာနန္ဒ၊ အာနန္ဒာ။ အပ္ပကံဝါ၊ နည်း၍ပူ၍ရင်း။ ဗဟုံဝါ၊ များ၍ပူ၍ရင်း။ နဟောတိ၊ မဖြစ်။ သပ္ပုရိသော၊ အားထုတ်အပ်သော သမထဝိပဿနာ ကမ္မဋ္ဌာန်း ရှိသော သူတော်ကောင်းသည်။ကောဝါရံပိ၊ တကြိမ်မျှသော်လည်း။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ သုဏိတွာ၊ နာရ၍။ ဓာနာတိ ပဿတိ၊ နိဗ္ဗာန်ကိုမြင်ရလေ၏။

ထိုကြောင့် ဘာဝနာကို အလေးအမြတ်ပြု၍ အားထုတ်ရာ သတည်း။

ဘာဝနာပြီး၏။

---

## ဒါန, သီလ, ဘာဝနာ–တို့၌ ဥပမာများ

ထိုသို့ ပြဆိုအပ်ခဲ့ပြီးသော ဒါန၊ သီလ၊ ဘာဝနာ သုံးပါးတို့ကို ပမာတန္တု ပြပေကုန်အံ့။

ဒါနသည်……အဘနှင့်တူ၏။
သီလသည်……အမိနှင့်တူ၏။
ဘာဝနာသည်……ရေမြေကို အစိုးရသော ဘုရင်ဧကရာဇ်နှင့်တူ၏။

**တူပုံကား**……အဘသည် သွားလာ ရောင်းဝယ် ဖေါက် ကား၍ ထိုသားမယားတို့ကို မတော်မွတ် မနွမ်း နယ်စေရအောင် စောင့်သကဲ့သို့ ဒါနသည် နိဗ္ဗာန်မရမီ ကာလပတ် လုံးအသုံးအဆောင်စည်းစိမ်ဥစ္စာတို့ကို မကြောင့်မကြ သုံးဆောင် ရအောင် ထောက်မပေတတ်၏။ ။သီလသည် အဘယ့်ကြောင့် အမိနှင့်တူသနည်း၊ အမိသည် သားသမီးတို့ကို ချိုးထိမ်းမိုက်ရ ခြင်း၊ သား၌ အညစ်အကြေးတို့ကို မရှိစေရခြင်း၊ ဆာမွတ်သော အခါ နို့တိုက်ခြင်းတို့ကို ပြုသကဲ့သို့ သီလသည် နိဗ္ဗာန်မရမီကာလ ပတ်လုံး ချမ်းသာသုခကို ရအောင် စောင့်ရှောက် ပေ၏။ ။

www.dhammaransi.com



ဘာဝနာသည် ရေမြေသေဌ်နှင်း[၁] ပြည့်ရှင်မင်းနှင့် အဘယ်ကဲ့သို့ တူသနည်း၊ ထိုမင်းသို့ခစား၍ ဝတ်ကြီး ဝတ်ငယ် ကျေပြွန်သောသူကို မင်းချစ်၍ ဖြီးမြှောက်လေက နေ့ခြင်း ညခြင်း မြို့ ကျေးရွာ ထီးဘွဲ့အမည် ကျေးကျွန် သင်းပင်း ဆင်မြင်းစသော ကြီးကျယ်သော စည်းစိမ်ကို ရလေသကဲ့သို့ သမထ, ဝိပဿနာ—ဘာဝနာကို အားထုတ်၍ အလေ့အလာ ပြုသောသူသည် တခဏခြင်း ဈာန်, မဂ်, ဖိုလ်-တရားသို့ ရောက်လေ၍ လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ မြတ်သောအလှူ ပူဇော်မှု အပေါင်းကို ခံတော်မူထိုက်သောကြောင့် ရေမြေသေဌ်နှင်း ပြည့်ရှင်မင်းနှင့်တူ၏။

ထိုကြောင့် ဒါနသာရှိ၍ သီလမရှိသောသူ ဘာဝနာကင်းသောသူတို့သည် အဘသာရှိ၍ အမိမဲ့သောသူနှင့်တူ၏။ အဘသာရှိ၍ အမိမရှိသောသူသည် အညစ်အကြေးမကင်း၊ အရေအထူးမရ သူတပါး အနှောင့်အရှက် မကင်းသကဲ့သို့ ကိလေသာတည်းဟူသော အညစ်အကြေးနှင့် အလိမ်းအကျံရှိ၍ နီဝရဏသံယောဇဉ်တည်းဟူသော ရန်သူတို့သည် မပြက် နှိပ်စက်လေ၏။ ။သီလသာရှိ၍ ဒါနဘာဝနာကင်းသော သူတို့သည်၊ အမိသာရှိ၍ အဘမဲ့ မှဆိုးမသားသည် မင်းကိုလည်း မခစား စားရန်မဲ့ သောက်ရန်မဲ့ အမှီတကဲ[၂]မရှိသည်ဖြစ်၍ အသက်ပင် ရှည်ပါသော်လည်း ငြိုငြို ငြင်ငြင် ရှိရချေသည်။ ။ဒါနသီလကားမရှိ ဘာဝနာရှိသောသူကား အမိအဘလည်းမရှိ၊မင်းခို့သာခစား၍ ခါးတွင်မှ လှလှမဝတ် ရ၊ဝမ်းတွင်မှ ဝဝမစားရ၍ မင်းခစားပါသော်လည်း ဝတ်ကြီး ဝတ်ငယ်မကျေပြွန်၊ မင်းနား၌ မချဉ်းရခြင်း၊ ဆင်စာ မြင်းစာ ကျွေး၍ ထင်းခွေရေခပ် အစေခံရှိသာ နေရသည်နှင့်တူ၏။

**တနည်းကား.....**

ဒါနသည်-မျိုးစေ့စပါးနှင့်တူ၏။

---

၁။ သေဌ်နှင်း-သနင်းဟူ၍လည်းရေး၏၊ (ပေါရာဏ)မင်းကိုဆိုလိုသည်။
၂။ တကဲ-နောက်မှီပြုစရာ ပျဉ်ချပ်စသည်။

www.dhammaransi.com



သီလကား–လယ်နှင့်တူ၏။

ဘာဝနာကား–မိုးယံနှင့်တူ၏။

ဒါနသာရှိ၍ သီလဘာဝနာ ကင်းသောသူသည် မျိုးစပါးသာရှိ၍ လယ်လည်းမရှိ၊မိုးယံလည်းမရွာသော သူနှင့်တူ၏။ ။သီလသာရှိ၍ ဒါနဘာဝနာ ကင်းသောသူကား လယ်သာရှိ၍ မျိုးလည်းမရှိ၊မိုးယံလည်းမရွာသောသူနှင့် တူ၏။ ။ဘာဝနာသာရှိ၍ ဒါနသီလကင်းသောသူကား မိုးယံသာရွာ၍ မျိုးလည်းမရှိ၊လယ်လည်းမရှိသောသူနှင့်တူ၏။ ။ထိုကြောင့် သုံးပါးလုံးစုံမှ သင့်မြတ်ချေသည်။

**တနည်းလည်း……**

ဒါနသည်-ရိက္ခာနှင့်တူ၏။

သီလသည်–လမ်းခရီးနှင့်တူ၏။

ဘာဝနာသည်-မျက်စိနှင့်တူ၏။

ထိုသုံးပါးတို့တွင် ဒါနသာရှိသောသူကား မျက်စိကန်းနှင့်တူ၏၊ မျက်စိကန်းသည် ရိက္ခာသာပါရှိ၍ ခရီးလမ်းမှန်ကိုလည်း မသွားတတ်၊ချုံတောကိုသာဝင်၍ သစ်ကျားခြသေ့် ဘေးအန္တရာယ်ကိုသာ တွေ့သဖြင့် ဒုက္ခတွေ့ရသကဲ့သို့ ဝဋ်ဌိကျင်လည်၍ မင်္ဂဖိုလ်မရ ဒုက္ခတွေ့လျက်ရှိရလေ၏။ ။ဒါနသီလ ရှိပြန်ပါလည်း ဘာဝနာကင်းချေက ရိက္ခာသည်းပါ၏၊ လမ်းကိုလည်း သွားပါ၏၊ ခရီးအပိုင်းအခြားကိုမသိ၍ အရှေ့ကိုခန့်ရှယ်ပါသော်လည်း အနောက်ကို လမ်းရောက်၍ သွားသဖြင့် ခရီးမရောက် ကြာလေလေသာဝေးလေသကဲ့သို့ ဘာဝနာနှင့်ကင်း၍ မင်္ဂဖိုလ်နိဗ္ဗာန်နှင့်မနီး သံသရာမှာ အခွန့်ရှည်စွာ ကျင်လည်ရချေသည်။ ။ဘာဝနာကိုသာအားထုတ်၍ ဒါနသီလ မရှိချေကလည်း မျက်စိသာအမြင်ရှိ၍ ရိက္ခာလည်းမပါ၊ လမ်းကိုလည်းမသွားဘဲ စိတ်ကိုအားကိုးသွား၍ အငေတ်ငေတ် အမွတ်မွတ် နေလေသောသူနှင့်တူ၏။ ထိုကြောင့် သုံးချက်စုံညီမှသာ ပျောက်ပတ်ပေသည်။ ။ထိုကြောင့်မြတ်စွာဘုရားသည်-

www.dhammaransi.com



ယသ္မ ဒါနေန သီလေန ဘာဝနံ ဘာဝနာယ ခယံ နိဗ္ဗာနံ ပါပုဏာတိ။

ဟူ၍ ဟောတော်မူလေသည်။

**အနက်ကား**……ယသ္မ၊ အကြင်သူအား။ ဒါနေန၊ အလှူပေးသဖြင့်၎င်း။သီလေန၊သီလဆောက်တည်သဖြင့်၎င်း။ဘာဝနံ၊ ဘာဝနာကို။ ဘာဝနာယ၊ ပွါးစေသဖြင့်၎င်း။ ခယံ၊ ကိလေသာ၏ကုန်ရာဖြစ်သော။နိဗ္ဗာနံ၊နိဗ္ဗာန်သို့။ ပါပုဏာတိ၊ရောက်ကုန်၏။

ဤသို့ ဟောတော်မူသော ဒေသနာတော်လာသော အစဉ်ကို နှလုံးသွင်း၍ သုံးပါးသောတရားတို့ကို ပွါးစေရာ၏။

ဒါန,သီလ,ဘာဝနာ-တို့၌ ဥပမာများပြီး၏။

---

## ပွါးစေအပ်သော တရားတို့၏ ဥပမာများ

ထိုသို့ ပွါးစေအပ်သော တရားသည်လည်း အဇ္ဈတ္တိကဖြစ်သော ခန္ဓာငါးပါးတည်း၊ ငါးပါးဟူသည်ကား၊ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ဝိညာဏက္ခန္ဓာဟူ၍ ငါးပါးတည်း၊ ထိုငါးပါးတို့တွင်-

**ရူပက္ခန္ဓာ၌ဥပမာကား**…… ရူပက္ခန္ဓာသည် လမ်းဆုံ လမ်းမ စရပ်နှင့် တူ၏၊ အဘယ်ကဲ့သို့တူသနည်းဟူမူကား ထိုစရပ်၌ တရံတခါ ခရီးသွားတို့သည် လာ၍ တည်းကုန်၏၊ တရံတခါလည်း ရဟန်းစသော သူတော်ကောင်းတို့သည် လာ၍တည်းကုန်၏၊တရံတခါလည်း သူနာတို့သည် လာ၍ တည်းကုန်၏၊ တရံတခါလည်း ပဒုံးထမ်းတို့သည် လာ၍တည်းကုန်၏၊ ထိုအခါတွင် ခရီးသွားတို့ တည်းသောအခါ၌ ချုံးပွဲဖျက်ဆီး၍ ထမင်းချက် ထင်းပြုကြကုန်၏၊ သူနာတို့ တည် ရှိသောအခါ၌လည်း မစင်တို့ဖြင့် အလိမ်းလိမ်းအကျံကျံ ရှိလေကုန်၏။ ။ထိုအတူ

www.dhammaransi.com



မကောင်းမှု အကုသိုလ်တရားကို ကျင့်ကြသော သူတို့သည် သူ့ဥစ္စာကိုခိုးခြင်း၊ တိုင်းပြည်ကို ဖျက်ဆီးခြင်းကို ပြု၍ ထားလှံ စသော လက်နက်နှင့်သေရခြင်း စသောအားဖြင့် ပျက်စီးသော သတ္တဝါတို့၏ ရူပက္ခန္ဓာသည် ခိုးသူတည်း၍ ဖျက်ဆီးသော အခါ နှင့်တူ၏။ ။အချို့အချို့သောသူတို့သည် တရားကိုကျင့်၍ချမ်းသာ စွာနေရသော ရုပ်တို့ကား သူတော်ကောင်းတက်၍ တည်းခိုသော အခါ စရပ်ကို သုတ်သင်ရှင်းလင်း၍ သန့်ပြန့် စင်ကြယ်သည်နှင့် တူ၏။ ။သူနာတက်၍ တည်းခိုသောအခါ မစင် အလိမ်းအလိမ်း ရှိသကဲ့သို့ အချို့သောသူတို့သည် တံငါ မုဆိုးဖွပ် သားထိုး ဌက် ခတ် ပြု၍နေသောသူတို့၏ ရုပ်သည် မစင်အလိမ်းလိမ်း ရှိသည် နှင့်တူ၏။ အချို့သောသူတို့သည် မင်းပြစ် မင်းဒဏ်သင့်၍ ရိုက်ပုတ် ညှဉ်းဆဲလျက် သေမည်ကဲ့သို့ ကြိုးဖြင့်ဖွဲ့ချည်နှောင်၍ အနာအကျင် ရှိသောသူ၊ လက်ဖြတ် ခြေဖြတ်ခံရသော သူတို့မှာ ပခုံးထမ်းတို့ တည်းခိုလာ၍ချိုးဖဲ့ဖျက်ဆီးလျက် ထင်းဆိုက်ကြသည်နှင့်တူ၏။

ဤကား- ရူပက္ခန္ဓာ၌ ဥပမာတည်း။

**ဝေဒနာက္ခန္ဓာ၌ ဥပမာ**.... ဝေဒနာက္ခန္ဓာသည် ဝက်နှင့်တူ၏။ ဝက်တို့သဘောသည် မစင်ကိုရင်း၊ ဖွဲ့ကိုရင်း၊ ထမင်းကိုရင်း၊ အရိုးကိုရင်း-မရှောင်မူ၍ တွေ့သမျှစား၏၊ ထို့အတူ ဝေဒနာက္ခန္ဓာ သည်လည်း သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ—တို့ကို မပြတ်မလပ် ခံစားသောကြောင့် ဝက်နှင့်တူ၏။

**သညာက္ခန္ဓာ၌ဥပမာ**.....သညာက္ခန္ဓာသည်ကား ကျီးကန်း နှင့်တူ၏။ ကျီးကန်းတို့ သဘောသည် ခပ်သိမ်းသော အရာတို့၌ သိတတ် မှတ်တတ်သည်၊ အရိပ်အချည် အလုံးစုံမျိုးတို့ကိုမှတ်၍ ဤ၌ထမင်းအိုး ဤ၌ဟင်းအိုး ဤအရပ်၌ ငါး ဤအရပ်၌ အမဲပာ၍မှတ်ပြီးလျှင် ထိုအရပ်တို့၌ ခိုးခြင်း ထိုးခြင်း ကိုပြုသကဲ့သို့ သညာက္ခန္ဓာသည်လည်း ကောင်းသောအဆင်း,

www.dhammaransi.com



အသံ,အနံ့,အရသာ,အတွေ့-အာရုံတို့ကိုမှတ်ခြင်း ကိစ္စလက္ခဏာ ရှိသောကြောင့် ကျီးကန်းနှင့်တူ၏။

**သင်္ခါရက္ခန္ဓာ၌ဥပမာ**·····သင်္ခါရက္ခန္ဓာ သည်ကား ခိုးသူနှင့် တူ၏၊ခိုးသူတို့သဘောသည် တွေ့ရာ မြင်ရာခိုး၍လာသကဲ့သို့ သင်္ခါရက္ခန္ဓာသည်လည်း ကုသိုလ် အကုသိုလ်ကိုမပြတ် ပြုတတ်သောကြောင့် ခိုးသူနှင့်ပမာတူ၏။

**ဝိညာဏက္ခန္ဓာ၌ဥပမာ**·····ဝိညာဏက္ခန္ဓာသည်ကား ယင်နှင့် တူ၏၊ ယင်တို့ သဘောသည် အညှီ အဟောက် အပုပ်အနံ့ အချိုအချဉ် အလုံးစုံသော ဝတ္ထု ကိုပင် အနံ့အပြား နားမိ ရောက်မိ၍ လောက်လွှတ်ခြင်း ကိစ္စ ကို ပြုသကဲ့သို့ စက္ခုစသော ဝိညာဏ်ခြောက်ပါးတို့သည် အလုံးစုံ သော အာရုံတို့ကို နှီးသည်ဖြစ်၍ ကုသိုလ်, အကုသိုလ်ကိုသာ ဖြစ်စေတတ်သောကြောင့် ဝိညာဏက္ခန္ဓာသည် လောက်လွှတ် သော ယင်နှင့်တူ၏။

ဤသို့သော နည်းဖြင့်လည်း မှတ်ရာ၏။

**တနည်း**

၁။ ရူပက္ခန္ဓာသည်-သူနာအိမ်နှင့်တူ၏။
၂။ ဝေဒနာက္ခန္ဓာသည်—သူနာနှင့်တူ၏။
၃။ သညာက္ခန္ဓာသည်—အနာကို ဖြစ်စေတတ်သော အသွေးအသားဆိုးနှင့်တူ၏။
၄။ သင်္ခါရက္ခန္ဓာသည် အနာကို စားတတ်သော ပိုးလောက်နှင့်တူ၏။
၅။ ဝိညာဏက္ခန္ဓာသည်-အနာနှင့်မသင့်သော အစာနှင့် တူ၏။

**တူပုံ**·····အဘယ့်ကြောင့်နည်း ဟူမူကား—ရူပက္ခန္ဓာ သည် ဝေဒနာက္ခန္ဓာ၏ တည်ရာဖြစ်သောကြောင့် သူနာအိမ် နှင့်တူ၏။ ။ဝေဒနာက္ခန္ဓာသည် သညာက္ခန္ဓာမှတ်သမျှသော အာ

www.dhammaransi.com



ရုံကိုခံစား၍ သူနာနှင့်တူ၏။ ။သညာက္ခန္ဓာသည်လည်း မိမိမှတ်သော အာရုံကြောင့် ဝေဒနာဖြစ်၍ သွေးဆိုး လေဆိုးနှင့်တူ၏။ ။ သင်္ခါရက္ခန္ဓာသည် ကုသိုလ် အကုသိုလ်ကို ပွါးများအောင် ဖြစ်စေတတ်သောကြောင့် အနာကို ကျယ်အောင်စားသော ပိုးလောက်နှင့်တူ၏။ ။ဝိညာဏ်ခြောက်ပါးတို့သည် အာရုံကို အသစ်အသစ်ဖြစ်စေတတ်သောကြောင့် အနာနှင့် မသင့်သော အစာကို စားသဖြင့် ပြို၍ ပြဲ၍ ထသကဲ့သို့ အကုသိုလ်ထပ်ပွါး၍ သံသရာကို ရှည်စေတတ်ကုန်၏။

**တနည်းလည်း**

၁။ သတ္တဝါအပေါင်းတို့သည် ငါးနှင့်တူကုန်၏။
၂။ အဝိဇ္ဇာသည်--ကွန်နှင့်တူ၏။
၃။ သေမင်းသည်--တံငါနှင့်တူ၏။

**တူပုံ**······တံငါသည်-မပြတ်မလပ် ပိုက်ကွန်တို့ဖြင့် ငါးတို့ကို ဖမ်း၍စားသကဲ့သို့ သေမင်းသည် ကိလေသာ တည်းဟူသော ရေ၌နေကုန်သော ငါးနှင့်တူသော သတ္တဝါတို့ကို အဝိဇ္ဇာတည်းဟူသော ကွန်ရက်တို့ဖြင့် ဖမ်း၍ မပြတ်မလပ် စားကုန်၏။

**တနည်းလည်း**

၁။ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ--ဤတရား ငါးပါးတို့သည် မြှားနှင့်တူကုန်၏။
၂။ ကာမဂုဏ်ငါးပါးတို့သည် လေးနှင့်တူကုန်၏၊
၃။ သေမင်းသည် မုဆိုးနှင့်တူ၏။
၄။ သတ္တဝါအပေါင်းတို့သည် ႜသား သမင် ဒရယ်နှင့်တူကုန်၏။

**တူပုံ**······သေမင်းတည်းဟူသောမုဆိုးသည် ကာမဂုဏ် ၅-ပါး တည်းဟူသောလေး၌-ရာဂ၊ဒေါသ၊ မောဟ၊မာန၊ဒိဋ္ဌိ-တည်းဟူသော မြှားဖြင့်ပစ်၍ တနေ့မပြတ် စားကုန်သည် ဖြစ်၍ သေကြကုန်၏။

www.dhammaransi.com



**တနည်းကား**

၁။ လောဘသည်–အနာနှင့်တူ၏။

၂။ ဒေါသသည်–သွေးပုပ် ပြည်ပုပ်နှင့်တူ၏။

၃။ အဝိဇ္ဇာသည်–အနာမြစ်နှင့်တူ၏။

၄။ ဇာတိ,ဇရာ,ဗျာဓိ,မရဏာ-စသော ဒုက္ခတသယ်တပါး တို့သည် အနာကို ကိုက်ခဲသော ပိုးလောက်နှင့်တူ ကုန်၏။

၅။ မြတ်စွာဘုရားသည် ဆေးသမားနှင့်တူ၏။

မြတ်စွာဘုရား ထားတော်မူကုန်သော ဒါန,သီလ,ဘာဝနာ-သုံး ပါးတို့တွင်–

ဒါန,သီလသည် တင်ဆေးနှင့်တူ၏။

ဘာဝနာသည်–အမြစ်ဖြတ်ဆေးနှင့်တူ၏။

ထိုကြောင့် ဒါန, သီလ, ဘာဝနာ–သုံးပါးတို့ကို မပြတ်မလပ် လေ့လာရာ၏။

ပွါးစေအပ်သော တရားများ၏ ဥပမာများပြီး၏။

## အဆုံးအမတော်

**တရားဓမ္မဩဝါဒ** ···· ယခု အခါ၌ကား–မြတ်စွာဘုရား ဆုံးမ တော်မူသော တရားဓမ္မ ဩဝါဒကို ပြပေအံ့။ ။ဘဒ္ဒေကဿပ၊ အရှင်မဟာကဿပ။ မေ မယာ အာနန္ဒထေရေန၊ အကျွန်ုပ် အာနန္ဒာမထေရ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဣဒံ အဏ္ဏတ္တိက သုတ္တံ၊ ဤအဏ္ဏတ္တိကသုတ်ကို။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။ ဥပလက္ခိတံ၊ မှတ်လိုက်ရ၏။ ဥပဓာရိတံ၊ ဆောင်လိုက်ရ၏။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိ ယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရာလည်းရှိထသော။ ဇေတဝ နေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။ အထခေါ၊ ထိုသို့နေတော်မူသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခူ၊

www.dhammaransi.com



ရဟန်းတို့ကို။ဘိက္ခဝေါတိ၊ရဟန်းတို့ဟူ၍။အာမန္တေသိ၊ခေါ်တော်မူ၏။တေ ဘိက္ခူ ပြီ၊ ထိုရဟန်းတို့သည်လည်း။ ဘဒ္ဒန္တေတိ၊ မြတ်စွာ-စကားကောင်းကို ဆိုတော်မူတတ်သော ဘုရားဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဝစနံ၊ စကားတော်ကို။ ပစ္စဿောသုံ၊ ဝန်ခံကုန်၏။ဝါ၊ဦးညွတ်ကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တေဘိက္ခူ၊ ထိုရဟန်းတို့ကို။ ဧဝံ၊ဤသို့သောစကားကို။အဝေါစ၊မိန့်တော်မူ၏။ ဘိက္ခဝေ၊ သံသရာဘေးကို ထောက်တွေး မြော်မြင်လေ့ရှိသော ငါ၏ချစ်သား ရဟန်းများတို့။အပစ္စက္ခမာနဿ၊ ကိလေသာ ကုန်ခန်း ချမ်းသာခြင်းသို့ မရောက်သေးသော။အနုတ္တရံ၊အတုမရှိသော။ ယောဂက္ခေမံ၊ ကိလေသာကုန်ခြင်းကို။ ပတ္ထယမာနဿ၊ တောင့်တသော။ သေက္ခဿ၊ သိက္ခာပုဒ် ၃–ပါးကို ကျင့်ဆဲဖြစ်သော။ ဘိက္ခုနော၊ရဟန်းအား။ ဝိဟာရတော၊သင်္ဂါရတရားကို နှလုံးသွင်းသဖြင့် နေခြင်းသည်။ အဇ္ဈတ္တိကာဓဿ၊ အဇ္ဈတ္တိက တရားတို့သည်ကား။ အင်္ဂါ၊အင်္ဂါတည်း။ဣတရံ၊ အဇ္ဈတ္တိက တရားမှတပါး။ ကရိတ္ဝာ၊ နှလုံးသွင်းခြင်းကိုပြု၍ နေအပ်သော။ ဧကင်္ဂမ်ပိ၊ တခုသော အင်္ဂါကိုလည်း။ နသမနုပဿာမိ၊ ငါမြင်တော်မမူ။ ဘိက္ခဝေ၊ ရဟန်းတို့။ ယထာ ယထာ ယာဒိဒံ၊ အကြင် အကြင်သို့ သဘောရှိသော။ ယောနိသော မနသိကာရော၊ အသင့်အားဖြင့် နှလုံးသွင်းခြင်းသည်။ ဗဟုပကာရံ၊ များစွာသော ကျေးဇူးရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ယောနိသော၊အသင့်အားဖြင့်။မနသိ၊နှလုံးသွင်းခြင်းကို။ ကရောန္တော၊ပြုသော။ဘိက္ခု၊ရဟန်းသည်။အကုသလံ၊ အကုသိုလ်ကို။ပဇဟာတိ၊ စွန့်နိုင်၏။ ကုသလံ၊ကုသိုလ်ကို။ ဘာဝေတိ၊ပွါးစေနိုင်၏။ ဣဒံဝစနံ၊ ဤသို့သော စကားတော်ကို။ဘဂဝါ၊မြတ်စွာဘုရားသည်။ အဝေါစ၊မိန့်တော်မူ၏။

ထိုသို့ ဟောတော်မူသော တရားတော်မြတ်ကို ထောက်၍ အဇ္ဈတ္တိကဖြစ်သော သင်္ဂါရတရားကိုသာ ကောင်းစွာ ရှုဆင်ခြင်မှ ကုသိုလ်တရား ပွါးရသော အကြောင်းဖြစ်ရသည်။

အဆုံးအမတော်ပြီး၏။

www.dhammaransi.com



# ယာဉ် ၃-ပါးတို့၌ လက္ခဏာ စသည်

ထိုသို့ အားထုတ်ရသော တရားသည်လည်း အနိစ္စ, ဒုက္ခ, အနတ္တ-ဟူသော လက္ခဏာယာဉ်သုံးပါး တရားသာတည်း၊ ထိုလက္ခဏာယာဉ် ၃ ပါးတို့၌ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်—ကိုလည်း ဤသို့သိအပ် မှတ်အပ်၏။

**အနိစ္စ၌လက္ခဏာ စသည်ကား**… တေဘူမကသင်္ခါရတရားတို့သည် အမြဲမရှိခြင်း တည်းဟူသော လက္ခဏာ၊ ထိုအမြဲမရှိသော သဘောကိုသာလျှင် အဖန်တလဲလဲ တွေ့ကြုံရခြင်း ခံစားရခြင်းတည်းဟူသော ရသ၊ အမြဲမရှိခြင်းနှင့် ပြည့်စုံခြင်းတည်းဟူသော ပစ္စုပဋ္ဌာန်၊ အမြဲမရှိသော သဘောတရား၏ နီးသော အကြောင်းရင်းရှိသောပဒဋ္ဌာန်။

ဤကား-အနိစ္စ၌ မှတ်ရသော လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်-တည်း။

**ဒုက္ခ၌လက္ခဏာ စသည်ကား**…. တေဘူမက သင်္ခါရတရားတို့သည် ပြုပြင်အပ်သော ရုပ်နာမ်ခန္ဓာ ငါးပါး အပေါင်းတို့၌ ဆင်းရဲခြင်းတည်းဟူသော လက္ခဏာ၊ ထိုဆင်းရဲခြင်းကို ခံစားရခြင်းတည်းဟူသော ရသ၊ ဆင်းရဲခြင်းနှင့် ပြည့်စုံခြင်းတည်းဟူသော ပစ္စုပဋ္ဌာန်၊ တေဘူမက သင်္ခါရတရားတို့သည် နှိပ်စက်တတ်သော သဘောတရားလျှင် နီးစွာသော အကြောင်းရင်း တည်းဟူသော ပဒဋ္ဌာန်။

ဤကား ဒုက္ခ၌ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်-တည်း။

**အနတ္တ၌လက္ခဏာ စသည်ကား**….. တေဘူမက သင်္ခါရတရားတို့သည် အစိုး မရခြင်း တည်းဟူသော လက္ခဏာ၊ အလိုသို့မလိုက်ခြင်း တည်းဟူသော ရသ၊ အနှစ်မရှိခြင်းတည်းဟူသော ပစ္စုပဋ္ဌာန်၊ ဘောက်ပြန်တတ်

www.dhammaransi.com



သော သဘောတရားလျှင် နီးစွာသော အကြောင်းရင်း တည်းဟူသောပဒဋ္ဌာန်။

ဤကား-အနတ္တ၌ လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်-တည်း။
ယာဥ်သုံးပါးတို့၌ လက္ခဏာ-စသည်ပြီး၏။

## ခန္ဓာ ၅-ပါး၌ လက္ခဏာ စသည်

ခန္ဓာငါးပါး၌လည်း ဤသို့မှတ်ရာ၏။

**ရူပက္ခန္ဓာ၌လက္ခဏာစသည်ကား**……ရူပက္ခန္ဓာသည် အချမ်း အပူတို့ဖြင့် ဖောက် ပြန်ခြင်း တည်းဟူသော လက္ခဏာ၊ဖရိုဖရဲ ရှိခြင်းတည်းဟူသော ရသ၊ ကြောင့်ကြစိုးရိမ်ခြင်းမှ ကင်းခြင်းတည်းဟူသော ပစ္စုပဋ္ဌာန်၊ ဝိညာဏက္ခန္ဓာလျှင် နီးစွာသော အကြောင်းရင်း တည်းဟူသော ပဒဋ္ဌာန်။

ဤကား-ရူပက္ခန္ဓာ၌လည်း လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်-တည်း။

**ဝေဒနာက္ခန္ဓာ၌ လက္ခဏာစသည်**…ဝေဒနာက္ခန္ဓာသည် အစဉ် မပျက် ခံစားရခြင်းတည်းဟူသော လက္ခဏာ၊ အာရုံ၏အရသာကို သုံးဆောင်ခြင်း တည်းဟူသော ရသ၊ ဆင်းရဲချမ်းသာနှင့် ပြည့်စုံခြင်းတည်းဟူသော ပစ္စုပဋ္ဌာန်၊ဖဿသာလျှင် နီးစွာသော အကြောင်းရင်း တည်းဟူသော ပဒဋ္ဌာန်။

ဤကား-ဝေဒနာက္ခန္ဓာ၌ လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်-တည်း။

**သညာက္ခန္ဓာ၌ လက္ခဏာစသည်ကား** …… သညာက္ခန္ဓာသည် အာရုံကို မှတ်ခြင်း တည်းဟူသော လက္ခဏာ၊ ထိုသို့မှတ်ခြင်း၌သာ လေ့လာခြင်း တည်းဟူသော ရသ၊ အာရုံကို မှတ်သော သဘောနှင့်ပြည့်စုံခြင်း တည်းဟူသော ပစ္စုပဋ္ဌာန်၊ ဝိညာဏ်နှင့် နီးစွာသော အကြောင်းရင်းတည်းဟူသော ပဒဋ္ဌာန်။

ဤကား-သညာက္ခန္ဓာ၌ လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်-တည်း။

www.dhammaransi.com



**သင်္ခါရက္ခန္ဓာ၌-လက္ခဏာစသည်ကား**·····သင်္ခါရက္ခန္ဓာသည် အာရုံ၌ ယှက်ဖွဲ့ခြင်း တည်းဟူသော လက္ခဏာ၊ အာရုံ၌ လှော်လာခြင်း တည်းဟူသော ရသ၊ သဘာဝဖွဲ့စသော အပြစ်နှင့်ပြည့်စုံခြင်း တည်းဟူသော ပစ္စုပဋ္ဌာန်၊ ဝိညာဏက္ခန္ဓာသာလျှင် နီးစွာသော အကြောင်းရင်း တည်းဟူသော ပဒဋ္ဌာန်။

ဤသည်ကား-သင်္ခါရက္ခန္ဓာ၌ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်-တည်း။

**ဝိညာဏက္ခန္ဓာ၌ လက္ခဏာစသည်ကား**··ဝိညာဏက္ခန္ဓာသည် မြင်ခြင်း ကြားခြင်း နံခြင်း ထိပါးခြင်း သိခြင်းတည်းဟူသော လက္ခဏာ၊ ထိုအာရုံခြောက်ပါး၌ လှော်လာခြင်းတည်းဟူသော ရသ၊ ခြောက်ပါးသော အာရုံတို့နှင့် ပြည့်စုံခြင်း တည်းဟူသော ပစ္စုပဋ္ဌာန်၊ ဝတ္ထုဒွါရနှစ်ပါးတို့နှင့် ယှဉ်သော အကြောင်းရင်း တည်းဟူသော ပဒဋ္ဌာန်။

ဤကား-ဝိညာဏက္ခန္ဓာ၌ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်-တည်း။

ဤသို့လျှင် ခန္ဓာငါးပါး၌ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်-တို့ကိုလည်း မှတ်ရာ၏။ ခန္ဓာ ၅-ပါး၌ လက္ခဏာ-စသည်ပြီး၏။

---

## ခန္ဓာ ၅–ပါးတို့၏ ဥပမာ

ထိုခန္ဓာငါးပါးတို့၏ ဥပမာတန်ဆာကို အဖန်တလဲလဲပြဆိုအံ့။ ။

ရူပက္ခန္ဓာသည်-လှည်းနှင့်တူ၏။
ဝေဒနာက္ခန္ဓာသည်-လှည်းဝင်ရိုးနှင့်တူ၏။
သညာက္ခန္ဓာသည်–လှည်းနွားစောင့်နှင့်တူ၏။
သင်္ခါရက္ခန္ဓာသည်–နွားနှင့်တူ၏။
ဝိညာဏက္ခန္ဓာသည် လှည်းသမားနှင့်တူ၏။

**တူပုံ**·····အဘယ့်ကြောင့်နည်း ဟူမူကား။ ။ရူပက္ခန္ဓာသည် နာမက္ခန္ဓာတို့ကို ရွက်ဆောင်လေသောကြောင့် လှည်း

www.dhammaransi.com



နှင့်တူ၏။ ၊၊ဝေဒနာက္ခန္ဓာသည် ရုပ်ဖြစ်သောဝေဒနာ နာမ်ဖြစ်သော ဝေဒနာတို့ကို ခံစားရသောကြောင့် လှည်းဝင်ရိုးနှင့်တူ၏။ ။ သညာက္ခန္ဓာသည် ရုပ်၌ဖြစ်သောအာရုံ နာမ်၌ဖြစ်သောအာရုံကို မှတ်ရသောကြောင့် လှည်းနားစောင့်နှင့်တူ၏။ ။သင်္ခါရက္ခန္ဓာသည် ကုသိုလ် အကုသိုလ်ကိုဖြစ်စေ၍ ဆောင်တတ်သောကြောင့် နွားနှင့်တူ၏။ ။ဝိညာဏက္ခန္ဓာသည် အာရုံသို့ ရှေ့ဆောင်ပြုတတ်သောကြောင့် လှည်းသမားနှင့် တူ၏။

ဤသို့သော ဥပမာ ဥပမေယျတို့ဖြင့် သိရာမှတ်ရာ၏။

ထို့ကြောင့် အရူပဘုံသားတို့သည် ရုပ်မရှိ၍ မသွားနိုင်သကဲ့သို့ နာမက္ခန္ဓာလေးပါးသာဖြစ်၍ နေရချေသောကြောင့် ဘုရားသခင်အထံသို့ မရောက်လာနိုင်၍ ရုပ်ပြစ်ရှစ်ပါးသို့ သွင်းလေ၏။ အသညသတ်ဘုံသားတို့မှာ နားစောင့်မရှိသောလှည်းသည် မစီးရလေသကဲ့သို့ ဘုရားသခင့် တရားတော်ကိုမျှ မနာရ၍ ရုပ်ပြစ်ရှစ်ပါးသို့ သွင်းလေ၏။ ထိုမှတပါး ခန္ဓာငါးပါးစုံသမျှ သတ္တဝါအပေါင်းသူတော်ကောင်းတို့သည် ဘုရားသခင့်တရားတော်ကို နာကြရကုန်၏။

## ဘုံ-ပုဂ္ဂိုလ်

**ဘုံ** ····ထိုသို့ဆိုအပ်ခဲ့ပြီးသော ခန္ဓာငါးပါး ခန္ဓာလေးပါး၊ခန္ဓာတပါး–တို့၏တည်ရာဖြစ်သော ဘုံကား သုံးဆဲ့တဘုံတည်း။

**ပုဂ္ဂိုလ်** ···· ထိုသုံးဆဲ့တဘုံ၌ ပုဂ္ဂိုလ်တို့သည် တကျိပ်နှစ်ယောက်တည်း။

**တကျိပ်နှစ်ယောက်ဟူသော်ကား**·····ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်-ဟူ၍ ပုထုဇန် လေးယောက်၊သောတာပတ္တိမဂ္ဂဋ္ဌာန်၊သကဒါဂါမိ မဂ္ဂဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်ဟူ၍ မဂ္ဂဋ္ဌာန်

www.dhammaransi.com



လေးယောက်။ ။သောတာပတ္တိဖလဋ္ဌာန်၊ သကဒါဂါမိဖလဋ္ဌာန် အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တဖလဋ္ဌာန်–ဟူ၍ ဖလဋ္ဌာန်လေးယောက်-ဤသို့လျှင်အရိယာရှစ်ယောက်၊ ပုထုဇန် လေးယောက်–အားဖြင့် ပုဂ္ဂိုလ်တကျိပ် နှစ်ယောက်ရှိ၏။

**အရင်းအနှီးရှာရာဌာန**...... ထိုတကျိပ် နှစ်ယောက်သော ပုဂ္ဂိုလ်တို့၏ တည်ရာသုံးဆဲ့တဘုံတွင်ဖြစ်ကြလေသော သတ္တဝါတို့သည် လူ့ပြည်မှတပါး အရင်းအနှီးရှာမှီး၍ ရသောဌာနမရှိ၊ ဤလူ့ပြည်၌လည်း ကျွန်းကြီးလေးကျွန်း ကျွန်းငယ်နှစ်ထောင် အရံရှိ၏။ ထိုကျွန်းတို့တွင် ငါတို့ဇမ္ဗူဒိပ်ကျွန်းသာလျှင် ဘုရားပွင့်ရာ နိဗ္ဗာန်ကူးရာ ဆိပ်ဖြစ်၍ အရိယာဟူသမျှသည် ဤဇမ္ဗူဒိပ်ကျွန်းမှတပါး အရင်းမူလ ပြုရာမရှိ။

**နတ်သက်**......ဤသို့အရင်းမူလ ဖြစ်သော ဇမ္ဗူဒိပ်ကျွန်းကဒါနသီလဘာဝနာကို အားထုတ်ကြ၍ ဖြစ်ကြသော နတ်တို့၏ အသက်ကား ဤလူ့ပြည်၌ အနှစ်ငါးဆယ်သည် စတုမဟာရာဇ်နတ်ပြည်၌ တနေ့နှင့် တညဥ့်တည်း၊ စတုမဟာရာဇ်နတ်တို့၏ အသက်ကား နတ်တို့၏အရေအတွက်အားဖြင့် အနှစ်ငါးရာ၊ လူတို့၏အရေအတွက်အားဖြင့် အနှစ်ကိုးသန်း။ ။ လူတို့၏အနှစ်တရာသည် တာဝတိံသာ နတ်ပြည်၌ တနေ့နှင့်တညဥ့်တည်း၊ တာဝတိံသာနတ်တို့၏ အသက်ကား နတ်တို့၏အရေအတွက်အားဖြင့် အနှစ်ဘထောင်၊လူတို့၏ အရေအတွက်အားဖြင့် သုံးကုဋေခြောက်သန်းတည်း။ ။လူတို့၏အနှစ် နှစ်ရာသည် ယာမာနတ်ပြည်၌ တနေ့နှင့်ဘညဥ့်တည်း။ ယာမာနတ်တို့၏ အသက်ကား နတ်တို့၏အနှစ်အားဖြင့် အနှစ် နှစ်ထောင်၊ လူတို့၏အရေအတွက်အားဖြင့် ကုဋေတဆဲ့လေးကုဋေ အနှစ်လေးသန်း။ ။လူတို့၏ အနှစ်လေးရာသည် တုသိတာ နတ်ပြည်၌ တနေ့နှင့်တညဥ့်တည်း။ တုသိတာနတ်တို့၏ အသက်ကား နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်လေးထောင် လူတို့၏အရေ အတွက်အားဖြင့် ကုဋေငါးဆဲ့

www.dhammaransi.com



ချနစ်ကုဋေ အနှစ်ခြောက်သန်းတည်း။ ။လူတို့၏အနှစ်ရှစ်ရာသည် နိမ္မာနရတိ နတ်ပြည်၌ တနေ့နှင့်တညဉ့်တည်း၊ ထိုနိမ္မာနရတိနတ်တို့၏အသက်ကား နတ်တို့၏အရေအတွက်အားဖြင့် အနှစ်ရှစ်ထောင်၊ လူတို့၏ အရေအတွက်အားဖြင့်ကား ကုဋေနှစ်ရာ့သုံးဆဲ့ အနှစ်လေးသန်း။ ။လူတို့၏ အနှစ်တထောင့်ခြောက်ရာတို့သည် ပရနိမ္မိတ ဝသဝတ္တိ ဘုံ၌တနေ့နှင့်တညဉ့်တည်း၊ ပရနိမ္မိတ ဝသဝတ္တိဘုံ နတ်တို့၏အသက်ကား နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်တသောင်းခြောက်ထောင်တည်း။ လူတို့၏ နှစ်အရေအတွက်အားဖြင့်ကား ကုဋေကိုးရာ့ နှစ်ဆဲ့တကုဋေ အနှစ်ခြောက်သန်းတည်း။

ဤကား- ကာမာဝစရကုသိုလ်ကို အားထုတ်ကြသော ကာမာဝစရ နတ်တို့၏ အသက်အပိုင်းအခြားတည်း။

**ဗြဟ္မာသက်**····· တိဟိတ် ပုဂ္ဂိုလ်တို့သည် ရူပါဝစရ ကုသိုလ်ကို အားထုတ်၍ ဖြစ်လေသောဗြဟ္မာတို့၏အသက်ကား ဗြဟ္မပါရိသဇ္ဇဘုံ၌ကမ္ဘာ၏ သုံးရတစ၊ ။ဗြဟ္မပုရောဟိတာဘုံ၌ ကမ္ဘာ့ထက်ဝက်၊ ။မဟာဗြဟ္မာဘုံ၌ တကမ္ဘာ၊

ဤသည်ကား ပဌမဈာန် သုံးဘုံတည်း။

ပရိတ္တာဘာဘုံ၌ တဆဲ့ခြောက်ကမ္ဘာ။ အပ္ပမာဏာဘာဘုံ၌ သုံးဆဲ့နှစ်ကမ္ဘာ။ သုဘကိဏှာဘုံ၌ ခြောက်ဆဲ့လေးကမ္ဘာ။ ။ ဝေဟပ္ဖိုလ်၊ အသညသတ်ဘုံတို့၌ ကမ္ဘာ ငါးရာ။ ။သုဒ္ဓါဝါသဘုံတို့တွင် အဝိဟာဘုံ၌ ကမ္ဘာတထောင်။ ။အတပ္ပါဘုံ၌ ကမ္ဘာ နှစ်ထောင်။ ။သုဒဿာဘုံ၌ ကမ္ဘာလေးထောင်။ ။သုဒဿီဘုံ၌ ကမ္ဘာရှစ်ထောင်။ ။အကနိဋ္ဌဘုံ၌ ကမ္ဘာတသောင်း ခြောက်ထောင်။

ဤကား စတုတ္ထဈာန်ဘုံတည်း။

www.dhammaransi.com



အရူပလေးဘုံတို့တွင် အာကာသာနဉ္စာ ယတနဘုံ၌ ကမ္ဘာ နှစ်သောင်း။ ။ဝိညာဏဉ္စာ ယတနဘုံ၌ ကမ္ဘာလေးသောင်း။ ။ အာကိဉ္စညာယတနဘုံ၌ ကမ္ဘာခြောက်သောင်း။ ။နေဝသညာ နာသညာယတနဘုံ၌ ကမ္ဘာရှစ်သောင်းလေးထောင်။

ဤသည်ကား ပဉ္စမချွန်လေးဘုံတည်း။
ဘုံပုဂ္ဂိုလ်ဆိုင်ရာပြီး၏။
ဤသည်ကား ဘာဝနာအကျိုးဆက်တည်း။

## မကောင်းကျင့်သူတို့ လားရာဘုံ

ဤသို့–ဒါန, သီလ, ဘာဝနာ–သုံးပါးတို့သည် သတ္တဝါတို့ကို ချီးမြှောက်၍ မြင့်ရာသို့တင်ဆောင်လျက် သုဂတိဘုံတို့၌ ဖြစ်ရကြောင်းကိုပြပြီး၍ ယခုအခါ၌ မကောင်းမှုကို ကျင့်ကြသောသူတို့၏ လားရာဘုံတို့ကိုဆိုပေအံ့။

ဤလူ့ပြည်ကအောက်၌ သိဉ္ဇိုပ်းငရဲကြီး။
ထိုအောက်–ကာလသုတ်ငရဲ။
ထိုအောက်–သင်္ဃာတငရဲ။
ထိုအောက်–ရောရုဝငရဲ။
ထိုအောက်–မဟာရောရုဝငရဲ။
ထိုအောက်–တာပနငရဲ။
ထိုအောက်–မဟာတာပနငရဲ။
ထိုအောက်–အဝီစိငရဲကြီး။
ဤငရဲကြီးရှစ်ထပ်တို့သည် အဆင့်ဆင့်တည်ကုန်၏။

**မဟာအဝီစိငရဲ**……ထိုတွင် မဟာအဝီစိငရဲကား သံတံတိုင်းတို့ဖြင့် ရံကုန်၏။ သံအမိုးတို့ဖြင့် လွှမ်းကုန်၏။ အရှေ့နံရံက မီးလျှံသည် အနောက်နံရံသို့ဆိုက်လေ၏၊ အနောက်နံရံက မီးလျှံသည် အရှေ့နံရံသို့ ဆိုက်လေ၏၊ တောင်နံရံကမီးလျှံသည် မြောက်နံရံသို့ ဆိုက်လေ၏၊ မြောက်နံရံကမီးလျှံသည် တောင်

www.dhammaransi.com



နံရံသို့ ဆိုက်လေ၏၊အောက်ကမီးလျှံသည် အထက်သို့ ဆိုက်လေ၏၊ အထက်ကမီးလျှံသည် အောက်တယူဇနာ ဝင်လေ၏။အောက်သံမြေမှသည် အထက် သံမိုးတိုင်အောင် ယူဇနာတရာမြင့်၏။

**ငရဲပေါင်း** ....ထိုငရဲကြီးရှစ်ထပ်တို့အပြင် တမျက်နှာ တမျက်နှာ၌လည်း ဥဿဒငရဲ အရံလေးထပ် လေးထပ်စီရှိကုန်၏၊ ထိုကြောင့် ငရဲကြီးတထပ် တထပ်တို့၏ လေးမျက်နှာ၌ အရံလေးထပ်စီရှိသောကြောင့် ငရဲကြီးပါ တဆယ့်ခုနစ်ထပ် ဖြစ်၏၊ငရဲအပေါင်းသည် ၁၃၆--ထပ်ရှိ၏။

**လောကန္တရိက်ငရဲ** ..... လောကန္တရိက်ငရဲ ဟူသည်ကား-စကြဝဠာတို့၏အပြင်၌ စကောတို့ကို စပ်ကာ စပ်ကာ တည်သကဲ့သို့ တည်သော စကြဝဠာ သုံးတိုက်၏ အကြား၌ မှောင်အတိပြီး၏၊ ထိုမှောင်အတွင်း၌ စကြဝဠာကို လင်းနို့ကဲ့သို့ တွဲလဲဆွဲ၍ခံကြရကုန်၏၊ မိမိတို့သည် အချင်းချင်း ထိကြလေသော် တဦးကိုတဦး အစာမှတ်၍ လောဘဇောနှင့် တဘွ ဆွဲမည်ပြုကြလေသည်တွင် စကြဝဠာတံတိုင်းမှ လွတ်၍ စကြဝဠာကိုခံသော ရေသို့ကျလေလျှင် ဆီပူ၌ပစ်၍ချလိုက်သော မုန့်ညက်ကဲ့သို့ မှုန့်မှုန့်ညက်ညက် ကြေလေကုန်၏၊ တဖန် ဥပပတ်ဖြစ်၍ တွဲလဲဆွဲပြန်လေကုန်၏၊ မိမိတို့ ကြမ္မာမကုန်သမျှကို မလွတ်ရသေး။

**ပြိတ္တာ** ....ပြိတ္တာဟူသည်ကား-အချို့ကား တယူဇနာ၊ အချို့ကား နှစ်ယူဇနာ၊အချို့ကား သုံးယူဇနာ၊ အချို့ကား ဦးခေါင်းသာကြီး၍ ခံတွင်းကား အပ်နဖါးခန့်ရှိ၏၊ အချို့ကား တန်းလုံးနေ၍ မသွားမလာနိုင်၊ အချို့ကား သံတွေခဲ တွေကို ကောက်၍စားပြီးလျှင် တကိုယ်လုံး မီးလျှံထွက်၍ ငိုလျက်ခံရ၏၊ အချို့ကား ရေကိုမသောက်ရ၍ ငိုလျက်ခံနေရ၏၊ အချို့ကား မိမိအသားကိုခြစ်၍ စားရ၏၊ အချို့ကား မိမိကိုယ်က ထွက်သော မစင်ကိုစားရ၏၊ အချို့ကား မိမိခံတွင်းမှ လောက်တဖွားဖွား ထွက်၏၊ အချို့ကား အဆင်းမလှ။

www.dhammaransi.com



**ပြိတ္တာဘုံ**……ဤသို့ များစွာသော ပြိတ္တာတို့၏ တည်ရာကား- တောတောင် ချောက်ကြားတို့၌ တည်၏၊ အချို့ကား နေ့အတွင်း၌ နတ်တို့ကဲ့သို့ စံစား၍ ညဉ့်အခါခံရ၏၊ အချို့ကား ညဉ့်၌စံစား၍ နေ့ကိုခံရ၏။

**အသုရကာယ်**…… အသုရကာယ် ဟူသည်ကား တောတောင် ရေမြေ သစ်ပင်အိမ်ရာမလပ် ရှိကြ၏။

ဤသို့ ငရဲကြီးရှစ်ထပ် ငရဲငယ် တရာ့သုံးဆဲ့ရှစ်ထပ်၊ ပြိတ္တာ အသုရကာယ် တိရစ္ဆာန်အားဖြင့် အပါယ်လေးဘုံ၌ တရာ့လေးဆဲ့ ရှစ်ထပ်ရှိ၏။

**ဖြစ်ပုံခြင်းရာ**……ဤသို့ ဆိုအပ်ခဲ့ပြီသော အပါယ်လေးဘုံ၌ ဖြစ်သော သတ္တဝါတို့သည် ဤလူ့ပြည်၌ ကုသိုလ်တဝက်၊ အကုသိုလ်တဝက်ပြုသောသူတို့သည် တိရစ္ဆာန် ဘုံ၌ဖြစ်လေကုန်၏၊ ( ၄ ရပ၍ ကုသိုလ် ၁ ရ၊ မကောင်းမှု ၃-ရပြုသောသူတို့သည် တိရစ္ဆာန်ဘုံ၌ဖြစ်လေ၏။ ) ၃–ရပ၍ ကုသိုလ် ၁–ရ မကောင်းမှု ၂-ရပြုသော သူတို့သည် ပြိတ္တာ,အသုရကာယ် ဘုံ၌ဖြစ်လေကုန်၏။ ။၄–ရပ၍ ကုသိုလ် ၁ ရ မကောင်းမှု ၃-ရ ပြုသောသူ မကောင်းမှုအားကြီးသော သူတို့သည် ငရဲ၌ဖြစ်လေကုန်၏။

မကောင်းမှုကျင့်သူတို့၏ လားရာဘုံ ပြီး၏။

---

## သေခြင်း ၄–ပါး

ထိုငရဲ၌ ဖြစ်အံ့သောသူ၊ တိရစ္ဆာန်ဖြစ်အံ့သောသူ၊ ပြိတ္တာ အသုရကာယ်ဖြစ်အံ့သောသူ၊ ထိုသူတို့သည် ဤလူ့ပြည်ပေါင် ထင်ရှားလှစွာ၏၊ မိမိတို့အကြောင်းကို မိမိတို့ သိကြလေကုန်၏၊ အဘယ်သို့ သိကြလေကုန်သနည်းဟူမူကား–

www.dhammaransi.com



သတ္တဝါတို့၏ သေခြင်းကား လေးပါးတည်း၊ လေးပါးဟူသော်ကား-"အာယုက္ခယေန ကမ္မက္ခယေန ဥဘယက္ခယေန ဥပစ္ဆေဒကကမ္မုနာစေတိ စတုဓာ မရဏုပ္ပတ္တိနာမ"ဟု ကျမ်းဆိုသောကြောင့်--

၁။ အသက်ကုန်၍သေခြင်း။
၂။ ကံကုန်၍ သေခြင်း။
၃။ အသက်ကံနှစ်ပါး ကုန်၍သေခြင်း။
၄။ အသက်ကံနှစ်ပါးရှိလျက် တစုံတခုသော အန္တရာယ်ကြောင့်သေခြင်း။

**အာယုက္ခယ**......ထို လေးပါးတို့တွင် အသက် တရာတမ်း၊ ငါးဆယ်တမ်း ပိုင်းခြားသော အပိုင်းအခြားသို့ရောက်၍ သေခြင်းသည်ကား အာယုက္ခယမည်၏။

ဤကား-ပုထုဇန်လေးယောက် သေက္ခပုဂ္ဂိုလ် ခုနစ်ယောက် တို့၏ သေခြင်းတည်း။

**ကမ္မက္ခယ**......ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါး ကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည် သုံးဆယ်၊ လေးဆယ်၊ ငါးဆယ် ရွယ်သာလျှင် အသက် အပိုင်းအခြားသို့ မရောက်မူ၍ ပရိနိဗ္ဗာန်ယူခြင်းသည် ကမ္မက္ခယမည်၏။

**ဥဘယက္ခယ**......အသက်အပိုင်းအခြားသို့ ရောက်၍ ပရိနိဗ္ဗာန်ယူတော်မူခြင်းသည် ဥဘယက္ခယ မည်၏။

ဤနှစ်ပါးကား-ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ သေခြင်းတည်း။

**ဥပစ္ဆေဒက**......ထို အသက် အပိုင်းအခြားသို့လည်း မရောက်မီ သေသမျှ ပုထုဇန် သေက္ခဟူသမျှ တို့၏ သေရခြင်းသည်ကား ဥပစ္ဆေဒက သေရခြင်းတည်း။

**အထောက်အထား**.....အဘယ်ကို ထောက်၍ သိရသနည်း–
"သမ္ပတ္တိမရဏာ ခဏိကမရဏာ သမုစ္ဆေဒမရဏာစ္စေ
တိ တိဝိဓံ မရဏံ။"

ဟူ၍ တိကအင်္ဂုတ္တိုရ်ကျမ်း၌လာသောကြောင့် သိရ၏။

**အနက်ကား**.....မရဏောတိ၊ သေခြင်းဟူသည်။ သမ္ပတ္တိမရေ
ဏာစ္စ၊ သမ္ပတ္တိမရဏာရင်း။ ခဏိကမရဏာစ္စ၊
ခဏိကမရဏာရင်း။သမုစ္ဆေဒမရဏာစ္စ၊သမုစ္ဆေဒမရဏာရင်း။ဣတိ၊
ဤသို့။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ မရဏံ၊ သေခြင်းကို။
ဝေဒိတဗ္ဗံ၊သိအပ်၏။

**အဓိပ္ပါယ်**.....ဤသို့သော ပါဠိအနက်တို့၏ အဓိပ္ပါယ်ကား–
သစ်ပင်သေ၏၊မီးသေ၏၊ရေ သေ၏၊ခြေ သေ၏၊
လက် သေ၏၊အသံ သေ၏-အစရှိသည်ဖြင့် သမုတ်ခေါ်ဝေါ်ခြင်း
သည် သမ္ပတ္တိမရဏမည်၏။ ။အမိသေသည်၊ အဘသေသည်၊
ယောက်ျားသေသည်၊ မိန်းမ သေသည် စသည်ဖြင့် ခေါ်ဝေါ်
ခြင်းသည် ခဏိကမရဏမည်၏။ ။ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ
အရှင်မြတ်တို့ ပရိနိဗ္ဗာန်ပြုခြင်းသည် သမုစ္ဆေဒ မရဏမည်၏။

အာယုက္ခယ,ဥပစ္ဆေဒက-ဤနှစ်ပါးမှာ ပုထုဇန်လေး
ယောက်၊ သောတာပန်ပုဂ္ဂိုလ်သုံးယောက်တို့၏ သေခြင်း။
ကမ္မက္ခယ၊ ဥဘယက္ခယ ဤနှစ်ပါးမှာ ဘုရား ပစ္စေကဗုဒ္ဓါ
ရဟန္တာ တို့၏ သေခြင်းဟူ၍ မှတ်ရာ၏။

**ဥပမာကား**.....ဆီမီးခွက်၌ ထွန်းအပ်သော ဆီမီးတောက်သည်
မီးစာကုန်၍ သေသည်လည်း တပါး။ ။ဆီကုန်
၍သေသည်လည်း တပါး။ ။ဆီ,မီးစာရှိလျက် လေဟပ်၍သေသည်
လည်းတပါး။ ။ဆီ,မီးစာနှစ်ပါးကုန်၍ သေသည်လည်းတပါး၊
ဤသို့အားဖြင့် လေးပါးတည်း။ ။ထိုလေးပါးတို့တွင် မီးစာ
ကား အသက်နှင့်တူ၏၊ ဆီကား ကံနှင့်တူ၏၊ ထို့ကြောင့် မီးစာ

www.dhammaransi.com



ကုန်၍သေခြင်း၊ ဆီကုန်၍သေခြင်း စသော ဥပမာကိုထောက်၍ သိရာ၏။

သေခြင်း ၄-ပါးပြီး၏။

## နိမိတ် ၃-ပါး

ထိုပုထုဇန်တို့၏ သေခြင်းတို့တွင်လည်း သေခါနီးသောအခါ၌ ကံ၊ကမ္မနိမိတ်၊ဂတိနိမိတ်-ဟူ၍ သုံးပါးတို့တွင်-

**ကံ** ·····သား မယား ဥစ္စာ ပစ္စည်း လယ်ယာ ကိုင်းကျွန်းတို့ကို အောက်မေ့ခြင်း၊ဒုစရိုက်ဆယ်ပါးတို့တွင် တပါးပါးကို အောက်မေ့ခြင်း၊ ပုညကိရိယာ ဆယ်ပါးတို့တွင် တပါးပါးကို အောက်မေ့ခြင်း စေတနာသည် ကံမည်၏။

**ကမ္မနိမိတ်**·····ထိုကံတို့ကို ပြုရာ ပြုကြောင်းဖြစ်သော တုတ် စသော အဆောက်အဦသည် ကမ္မနိမိတ်မည်၏။

**ဂတိနိမိတ်** ·····ဂတိနိမိတ် ဟူသည်ကား မနုဿဂတိ၊ ဒေဝဂတိ၊တိရစ္ဆာနဂတိ၊ ပေတဂတိ၊ နိရယဂတိ ဟူ၍ ငါးပါးတည်း။ထိုငါးပါးတို့တွင် လူ့ပြည်၌ ပဋိသန္ဓေယူအံ့သောသူကား အမိဝမ်းရေကို ကမ္ဗလာ လယ်ခေါင်ရမ်း ပန်းပွင့် သင်္ကန်းအဆင်းကဲ့သို့ထင်၍ အဖန်တလဲလဲမြင်ရ၏။ ။နတ်ပြည်၌ ဖြစ်အံ့သောသူကား နတ်သမီး ဘုံဗိမာန် ပြာသာဒ်ပဒေသာ စသော အဆောက်အဦကို မြင်ရလေ၏။ ။တိရစ္ဆာန်ဘုံသို့ လားမည့်သူကား—ခွေးမ၊ဝက်မ၊ကျွဲမ၊နွားမ စသော တိရစ္ဆာန်မ တို့ကိုသာ မြင်ရ၏။ ။ပြိတ္တာဘုံ၌ ဖြစ်မည့်သူတို့သည်ကား—တောကြီးတောင် ကြီး ချောက်ကမ်းပါး စသည်ကို မြင်ရကုန်၏။ ငရဲ၌ဖြစ်မည့်သူတို့ သည်ကား ငရဲအိုး၊ လက်ပံပင်၊ ငရဲမီးလျှံ၊ ထား လှံ လက်နက် စသည်တို့ကိုသာမြင်ရကုန်၏။

နိမိတ် ၃-ပါးပြီး၏။

## ဒေဝဒူတသုတ်လာအဓိပ္ပါယ်

**ပဌမ ဒေဝဒူတ**……ထိုငရဲသို့ ကျသောသူတို့ကို ယမဒေါ ယမကတို့သည် ငါးပါးသောနှောင်ဖွဲ့ခြင်းတို့ဖြင့်ယူလေ၏၊ ဝေမာနိကအမည်ရသော ယမမင်းကို ပြလေ၏။ ယမမင်းကလည်း ထိုသူတို့ကို ဟယ်ယောကျ်ား သင်တို့သည် လူ့ပြည်၌ သေမင်း၏ တမန်ဖြစ်၍ ရှေးဦးစွာ ရောက်သောသူကို မမြင်ကြသလောဟု မေးစစ်လေ၏။ ထိုငရဲသို့ရောက်သော သူတို့ကလည်း အရှင် အကျွန်ုပ်တို့ မမြင်မိပါဟု လျှောက်လေ၏။ အဆွေ ခင်ပွန်းကောင်းနှင့်တူသော ကုသိုလ် ကောင်းမှုတို့ကို ကိုယ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း၊ နှလုံးဖြင့်ရင်း၊ ပြုကောင်းချေ၏ ဟူ၍ မအောက်မေ့သလောဟုမေး၏၊ မေ့လျော့ချေသည် မကြံမိချေဟု — လျှောက်၏။

**တတိယဒေဝဒူတ** …. ထို့နောက်တဖန် ယမမင်း၏ တတိယ တမန်ကို အသင်တို့ မမြင်ခဲ့သလောဟု မေးပြန်၏။ ။ထိုမကောင်းမှုကို ကျင့်သောသူတို့ကလည်း မသိ မမြင်ပါဘုရားဟု လျှောက်ကြကုန်၏။ ယမမင်းလည်း ဟယ် ယောကျ်ားတို့ လူတို့ပြည်၌ ပြင်းစွာသောရောဂါအနာ နှိပ်စက်၍ အိပ်ရာ၌ပက်လက် မှောက်ရုံနေ၍ တောင်မြောက်ကိုမှ မလှည့် မပတ်နိုင် စကားမဆိုနိုင် သူတပါးတို့ကို ကိုးကွယ်၍ထူစေရခြင်း၊ သူတပါးတို့သည် ထမင်းခွံ့ရခြင်း၊ မိမိကိုယ်မှထွက်သော မစင် ကျင်ကြီး ကျင်ငယ်တို့ဖြင့် အလိမ်းလိမ်း အကျံအုံ့နေသောသူတို့ကို မမြင်သလောဟု မေးပြန်လေ၏။ ထိုမကောင်းမှုကို ကြိုက်သော သူမိုက်တို့ကလည်း ထိုသူတို့ကိုမူကား မြင်ခဲ့ပါ၏ အရှင်ဘုရားဟု လျှောက်ကြလေကုန်၏။ ယမမင်းလည်း ထိုသူနာကိုမြင်ရသော အခါ အသိပညာ လိမ္မာချိန်ရောက်သောသူတို့သည် ငါတို့လည်း ဤသူနာကဲ့သို့ မချွတ်မလွဲမှန်စွာနာရလတ္တံ့၊ မနာမီကာလ၌ အဆွေ ခင်ပွန်းကောင်းနှင့်တူသော ကောင်းမှုတို့ကို ကိုယ်ဖြင့်ရင်း နှုတ်ဖြင့် ရင်း နှလုံးဖြင့်ရင်း ပြုကောင်းချေ၏ဟု အောက်မေ့ချင်သောနှလုံးမရှိ

www.dhammaransi.com



သလောဟုမေးဖျ်။ ။ထိုဒုစ္စရိုက်ကို ကျင့်ကြကုန်သောသူမိုက်တို့က လည်း အရှင်မေ့လျော့ချေ၍ မကြံမိခဲ့ချေဟု လျှောက်လေကုန်၏။

**စတုတ္ထဒေဝဒူတ** .... ထို့နောက်တဖန် ယမမင်းလည်း ဟာယ် ယောက်ျား သေမင်း၏ တတိယတမန်၌ မကြံမိသော် စတုတ္ထဖြစ်လေ၍ လေးခုမြောက်သော သေမင်းတမန်ကို အသင်မမြင်ခဲ့သလောဟုမေး၏။ အကျွန်ုပ်တို့သည် မသိမမြင်ခဲ့ဟု လျှောက်လေကုန်၏။ ယမမင်းလည်း ဟာယ်ယောကျ်ား တို့ ငယ်လှစွာသောသူတို့ကို အမိသည် အိပ်ရာ၌ထား၏၊ မိမိကိုယ်မှ ထွက်သော ကျင်ကြီး ကျင်ငယ်တို့ကို ကိုင်လျက် အလိမ်းလိမ်း အကျံကျံရှိသော သူတို့ကို မမြင်ပါသလောဟု မေးစိစစ်လေ၏။ ထိုသို့သောသူငယ်ကိုကား မြင်ပါ၏အရှင်ဟူ၍ လျှောက်ကြလေသော အခါ ယမမင်းလည်း ဟာယ်အချင်းတို့ အမိဝမ်းခေါင်း၌ ဆယ်လ ပတ်လုံး ကိန်းအောင်းသောအခါ အညစ်အကြေးတို့ဖြင့် လိမ်းကျံလျက် ဆင်းရဲခြင်းကိုမမြင်နိုင်လျှင် ရှိပါစေတော့ ယခုအခါ၌ ငါ၏ ခြေလက် မျက်စိစသောအင်္ဂါတို့သည် ရှိပါလျက် စက်ဆုပ်ဖွယ် သော မစင်တို့ကိုလိမ်းကျံလျက် မသွားတတ် မဆေးတတ်သော အဖြစ်ကိုယူပါဦး မဆိုသော်လည်း ဆိုသကဲ့သို့ သိကောင်း မှတ်ကောင်း အချိန်အရွယ်အခါ ပညာရှိကောင်းပါသော သင်တို့ သည် ငါတို့သည် ဤသူငယ်ကဲ့သို့ ပဋိသန္ဓေနေရခြင်းလည်း ဖြစ်ရ လတ္တံ့. ငါသည်အဆွေခင်ပွန်း ဈေးဆောင်နှင့်တူသော ကုသိုလ် ကောင်းမှုကို ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း နှလုံးဖြင့်ရင်း ပြုရာချေ၏။ ငါပြုကောင်းလှပေ၏ဟူ၍ မအောက်မေ့ကြသလောဟု မေးစိစစ် လေ၏။ ထိုငရဲသို့ ရောက်လေသောသူတို့က အရှင် အကျွန်ုပ်တို့ သည် မေ့လျော့ချေ၏။ မကြံမိပချေဟု လျှောက်ကြလေကုန်၏။

**ဒုတိယဒေဝဒူတ** .. ထိုသူငယ်ကို မကြံမိသော် ဒုတိယသေမင်း၏တမန်ကို မမြင်လေသလောဟု မေးပြန်လေ၏။ အရှင် မမြင်မသိပါဟု လျှောက်၏။ အိုယောကျ်ား လူ့ပြည်၌

ဆံဖြူခြင်း သွားကျိုးခြင်း နံရိုးပြိုင်းပြိုင်းထ၍ အိမ်မိုးအခြင်ကဲ့သို့ ရှိ၏၊ အရေတွန့်တွန့် လိပ်လိပ်ရှိ၏၊ မှည့်အစွန်းစွန်းရှိ၏၊ တောင်ဝှေး လက်စွဲလျက် တုန်တုန်ခိုက်ခိုက် သွားသည့်တို့ကို မမြင်ပါသလော ဟုမေး၏။ ငရဲခံအံ့သောသူတို့သည် ထိုသူတို့ကိုမူကား မြင်ခဲ့ ပါကုန်၏ဘုရားဟု လျှောက်လေကုန်၏။

**၃၂–ဖြာကံကြမ္မာ**……ယမမင်းလည်း ဟာယ် ယောကျ်ားတို့ လူ့ပြည်၌ အိမ်ခြံစပ်ကိုဖြတ်၍ ခိုးခြင်း၊ သုံးကျိပ် လေးကျိပ် ငါးကျိပ်ပူးပေါင်း၍ လှိုဓားရာအရပ်၌ ချောင်း မြောင်းပြီးလျှင် လုယက်ခြင်း၊ ရွာကိုဖျက်ခြင်း၊ ဇနပုဒ်[1]ကိုဖျက်ခြင်း၊ မြို့ကိုတိုက်ခြင်း၊ သူ့မယားကိုခိုးခြင်း၊ ထိုသို့ပြုတတ်သော သူတို့ကို စိုးမင်း[2]တို့သည်ဖမ်းလေ၍ ကြိမ်လုံးနှင့် ရိုက်ခြင်း၊ ကြိုးခေါက်နှင့် ရိုက်ခြင်း၊ ဝါးရင်းတုတ်နှင့် ရိုက်ခြင်း၊ ခြေကိုဖြတ်ခြင်း၊ လက်ကို ဖြတ်ခြင်း၊ နားကိုဖြတ်ခြင်း၊ နှာခေါင်းကိုဖြတ်ခြင်း၊ နှုတ်ခမ်းကို ဖြတ်ခြင်း၊ ဦးခေါင်းကိုမီးတိုက်၍ ထန်းသီးကဲ့သို့ နေစေခြင်း၊ ဦးခေါင်း၌ ဆံပင်ကိုနှုတ်၍ မီးတိုက်ပြီးလျှင် အိုးခင်းကွဲတိုက်၍ ခရုသင်းကဲ့သို့ နေစေခြင်း၊ နှုတ်ခမ်းကိုဖွင့်၍ ခံတွင်းပေါက်၌ မီးတိုက်ခြင်း၊ လက်ကို ပုဆိုးကြမ်းရစ်၍ ဆီဆွတ်ပြီးမှ ခြေလက် လေးဘက်ကို မီးတိုက်ခြင်း၊ မတ်ရပ်ထား၍ ကားကြက်လျက် နေလှမ်းခြင်း၊ မတ်ရပ်ထားလျက် အောက်ဒွါရ[3]မှ ထိပ်သို့ ထုတ်ချင်းရောက်အောင် သံတံကျင်လျှိုခြင်း၊ အောက်ကအရေကို အထက်က လည်ပင်းတိုင်အောင် ခွါခြင်း၊ အထက်အရေကို အောက်သို့ခွါ၍ ခါး၌ရုလျက်ဆွဲသားရေပက်ခြင်း၊ လကျ်ာနားပေါက် က လက်ဝဲနားပေါက်သို့ထုတ်ချင်း ပေါက်အောင် သံတံကျင်လျှို ခြင်း၊ မှောက်ချန်အိပ်စေလျက် ကားကြက်ပြီးလျှင် အသားအရေ

၁။ ဇနပုဒ်-ဇနပဒ (ပါဠိ)
၂။ စိုးမင်းတို့သည်-အစိုးရသောမင်းတို့သည်။
၃။ ဒွါရ(ပါဠိ)တံခါးပေါက်။

www.dhammaransi.com



တို့ကို သံကောက်နှင့် ခြစ်၍ယူခြင်း၊ပက်လက်အိပ်စေ၍ ခွေးတော်တို့ကိုစားစေခြင်း၊ပက်လက်အိပ်စေ၍ ခံတွင်းကိုဖွင့်ပြီးလျှင်သံရေကြေးရေလောင်းခြင်း၊ ကျိုက်ကျိုက်ဆူသော ဆီပူရေတို့ဖြင့်၊ ဦးခေါင်းကိုသွန်းခြင်း လက်ဝဲလက်ျာနှစ်ဘက်ကိုသံတံကျင်လျှိုခြင်း မြဲမြံစွာနှောင်ဖွဲ့၍ မောင်းလှည့်ခြင်း၊တိုင်၌ချည်၍ လက်နက်မျိုးတို့ဖြင့် ပစ်သတ်ခြင်း၊ဦးခေါင်းကို ထားသန်လျက်တို့ဖြင့်ဖြတ်၍ သတ်ခြင်း၊ လေးပေါင် လေးလက်တို့ကို လှီးဖြတ်၍ထားခြင်း၊ ဤသုံးဆဲ့နှစ်ပါးသော ကြမ္မာ[၁] တို့ဖြင့် ညှဉ်းဆဲခံရသောသူတို့ကို မမြင်ခဲ့လေသလောဟု မေးစိစစ်လေ၏။

ဒုစရိုက်ကြိုက်သော သူတို့ကလည်း မြင်ခဲ့ပါ၏ဟု လျှောက်ကြလေ၏။ ယမမင်းလည်း ဟယ် ယောကျ်ားတို့ ထိုသို့မြင်ရသော အခါ သတိပညာ ချိန်ခါရှယ်ရင့် ဉာဏ်ဖြင့်ချင့်၍ ကာယိလ်မပြုမကောင်းမှုကို ပြုသောသူတို့သည် မိမိပြုသော မကောင်းမှု၏ အပြစ်အလျောက် မျက်မှောက်ထင်ထင် ပစ္စုပ္ပန်တွင် မြင်ရခံရကြကုန်၏။ ခန္ဓာကြွေ၍ သေလွန်သောအခါ သံသရာဝယ် အဘယ်ဆိုဘွယ်ရှိအံ့နည်း။ပစ္စုပ္ပန်တွင် မျက်မြင်ဘဝ ဤလူကသာ ကောင်းရာ ရှာဖွေ ကောင်းအောင်နေ၍ အဆွေခင်ပွန်းကောင်းနှင့် တူသော ကာယိလ်ကောင်းမှု အစုစုကို ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း နှလုံးဖြင့်ရင်း၊ပြုကောင်းချေ၏ဟူ၍ မကြံ မအောက်မေ့ သလောဟု မေးပြန်လေ၏။ ။ထိုမကောင်းမှုကို ကြိုက်သော သူမိုက်တို့ကလည်း မပြုမိ မေ့လျော့တွေဝေခဲ့ချေပြီဟု လျှောက်လေကုန်၏။

**ပဉ္စမဒေဝဒူတ**…ထိုအခါ ယမမင်းလည်း ဟယ် ယောကျ်ားတို့ စတုတ္ထလေးကြိမ်မြောက်သော ထိုသေမင်းတမန်တို့၌ မကြံ မအောက်မေ့မိချေသော် ငါးကြိမ်မြောက်သော သေမင်း၏တမန်ကို မမြင်ခဲ့လေသလောဟု မေးပြန်လေ၏။ ။ထိုဒုစရိုက် ကြိုက်သောသူမိုက်တို့ကလည်း မသိမမြင်ခဲ့ပါ အရှင်ဟု လျှောက်လေ၏။ ယမမင်းလည်း-ဟယ် ယောကျ်ားတို့ လူတို့

---

၁။ ကြမ္မာ-ကမ္မ(ပါဠိ)

ပြည်၌ ယောက်ျားမိန်းမ သေကြကုန်၍ ဆွေမျိုးပေါက်ဖော် တော်သူစပ်ငြား ရှာသားရှာသူ ကြွက်ကြွက်ဆူမျှ ငိုယိုကြလျက် ပျဉ်တလားတွင် သွင်းလေတုံမှ ထမ်းသွားကြ၍ သုသာန်တစ သင်းချိုင်းဝတွင် ထင်းမီးရှုပုံ သဂြိုဟ်ကုန်သော ထိုသူသေတို့ကို မမြင်ခဲ့သလောဟု မေးမြန်းကုန်၏။ ဒုစ္စရိုက်ကြိုက်သော သူတို့က လည်းအရှင်မြင်ခဲ့ပါကုန်၏ဟုလျှောက်ကြလေသော်ယမမင်းလည်း ဟယ် ယောက်ျားတို့ သူသေကိုမြင်သောအခါ ငါတို့လည်း ဤကဲ့သို့ မယွင်းမချွတ် မလွတ်သာချေ သေရချေဦးမည်။ ဤကဲ့သို့ မသေမီကာလက အဆွေခင်ပွန်းကောင်းနှင့် တူသော ကုသိုလ် ကောင်းမှုတို့ကို ကိုယ်ဖြင့်၎င်း နှုတ်ဖြင့်၎င်း နှလုံးဖြင့်၎င်း ပြုအပ်ချေ၏၊ ပြုကောင်းပေ၏ဟု မအောက်မေ့သလောဟု မေးမြန်းက။ ဒုစ္စရိုက်ကိုကြိုက်သောသူတို့ကလည်း မအောက်မေ့မိချေ မေ့လျော့ခဲ့လေပြီ အရှင်ဟု လျှောက်ကြလေက -

ယမမင်းလည်း ဩော် ယောက်ျားတို့ ပညာအမြော်အမြင် အဆင်အခြင် အတွေးအတောနှင့်ပြည့်စုံကောင်းလျက် လောဘ-ဒေါသ—မောဟ-ဖုံးလွှမ်း၍ မယားကျွေးမှု သားကျွေးမှုကြောင့်သာ ပြုခဲ့သောသူတို့သည် သင်တို့ ပြုခဲ့သော မကောင်းမှုကို သင်တို့ အမိ အဘ အစ်ကို အစ်မ ဦးရီး ပေါက်ဖော် ဆွေညာတကာ ရပ်သူရွာသား ပုဏ္ဏားသူဌေးသူကြွယ် ကုန်သည် လယ်လုပ် ရဟန်းသူတော်မြတ်တို့သည်လည်း မတိုက်တွန်းကြလေ။ ဘုမ္မစိုး ရုက္ခစိုး အာကာသစိုး ဗိသနိုးတို့သည်လည်း မတိုက်မတွန်းကြလေ။သင်သည်သာလျှင် သင့်အမှုကိုကြိုက်၍ ပြုခဲ့သည်။အသင်ပြုသော မကောင်းမှုကြောင့် မကောင်းကျိုးကို ဘယ်သူတယောက်မျှ လာ၍ မကူမညီ မခံလာပေ၊သင့်ကိုယ် သင်ဖျက်သည့်အကြောင်း သင်သာခံရတော့မည်ဟု ညည်းလျက် လက်ပိုက်၍ ယမမင်း မျက်နှာလှည့်သောခဏ၌—

ယမဒေါ်ယမကတို့သည် ရဲရဲတောက်သော သံကွင်းဖြင့် လည်ပင်းကို စွပ်လျက် ဤလူ့ပြည်၌ ခွေးကောင်ပုပ်တို့ကို ရှာသား

www.dhammaransi.com



တို့ ဆွဲငင်လေသကဲ့သို့ ဆွဲငင်ပြီးလျှင်း ရဲရဲတောက်သော သံမြေခွံ ပက်လက်အိပ်စေ၍ ဤလူ့ပြည်၌ ထန်းလုံးပမာဏရှိသော သံတံကျင်ဖြင့် လက်ျာဘက်၌ တချောင်း လက်ဝဲဘက်၌ တချောင်း လက်ျာခြေ၌ တချောင်း လက်ဝဲခြေ၌ တချောင်းလျှို၍ ခွေးနီ ခွေးကျား ခွေနက်တို့ကိုစားစေကုန်၏၊ အသားကိုစား၍ ကုန်သောအခါ ဝမ်းတွင်းက အအူ အသည်းကိုစားစေကုန်၏။

ထိုသို့အသား ဝမ်းတွင်းသားပင်ကုန်၍ အရိုးချည်းသာ ကျန်သော်လည်း မိမိကြမ္မာ မကုန်သမျှ မသေလေသေး၊ ဘဖန် သံတံကျင်လျှိုရာအရပ်က သံကွင်းဖြင့် ဆွဲပြန်လေ၍ ခြေမိုးမြှော် ဦးခေါင်းစောက်ထိုး တွဲလဲဆွဲ၍ ပဲခွပ်ဖြင့် အသားတို့ကို ဖဘ်လတ် နေအောင်ရွေလျက် ဆားပက်လေကုန်၏။ ။ထိုဒုက္ခရိုက်ကိုကြိုက်သော ငရဲသူတို့သည် ပြင်းပြစွာ ပာစ်အော်၍ ငိုကုန်၏။ ထိုသို့ပင် အသားကုန်၍ မြေသို့ပင်ကျသော်လည်း မိမိကြမ္မာ မကုန်သေး သေ့ မသေရချေသေး။ ။တဖန် ထိုအရပ်မှ ဆွဲလေ၍ ရဲရဲ တောက်လျက် အခိုးအလျှံနှင့်တကွ သံမြေခွံ ပက်လက်ထားပြီးလျှင် ဤလူ့ပြည်၌ သစ်ကိုရွေသကဲ့သို့ လေးမြှောင့်ရင်း ၆စ်မြှောင့်ရင်း တဆဲ့ခြောက်မြှောင့်ရင်း ရွေလေကုန်၏။ ထိုသို့ပင်ရွေသော်လည်း မိမိကြမ္မာ မကုန်သမျှ မသေရချေသေး။ ။တဖန် ထိုအရပ်မှ ဆွဲငင်ယူလေ၍ ရဲရဲတောက်သော သံမြေပြင်၌ သံရထားဖြင့် ကပြီးသော် ရဲရဲနီသော သံကြိမ်လုံးတို့ဖြင့် ရိုက်ပုတ်လျက် အရှေ့ကသည်, အနောက်–အနောက်ကသည်,အရှေ့၊တောင်ကသည်, မြောက်၊မြောက်ကသည်, တောင်၊ အရပ် ၄–မျက်နှာကို ရုန်းစေ ဆွဲစေ၍ ပြင်းစွာသောဆင်းရဲခြင်းကို ဖြစ်စေကုန်၏။ထိုသို့ပင်ဆင်းရဲသော်လည်း မိမိကြမ္မာ မကုန်သမျှ မသေရချေသေး။

**လောဟကုမ္ဘီ၌ခံရပုံ** ···· တဖန် ထိုအရပ်မှ ယူငင်လေ၍ အလျှံနှင့်တကွ ရဲရဲတောက်သော မီးကျီးတောင်ကို တက်စေ၍ တောင်ထိပ်သို့ ရောက်လေသော် ကြမ္မာလေတို့သည် တိုက်လေ၍ ရဲရဲညီသောသံမြေခွံ မှန့်မှန့်ညက်ညက်

www.dhammaransi.com



ကျလေ၏။တဖန် ၎င်းနေရာမှ ဥပပတ်ဖြစ်၍ထလျက် ပြေးလေသော သူတို့ကို သံကွင်းဖြင့်စွပ်၍ ဖမ်းယူပြီးသော် ခြေနှစ်ချောင်းကို ကိုင်၍ လောဟကုမ္ဘီ ကြေးနီအိုးသို့ ပစ်ချလိုက်လေ၏။

ထိုလောဟကုမ္ဘီအမည်ရှိသော ကြေးနီအိုးကား အနှစ် တထောင်မှအောက်သို့ရောက်၏။ အနှစ်တထောင်မှ တဖန် အထက်သို့ရောက်၍ အမြုပ်၌ပေါ်လာသဖြင့်လျှံ၍ ကျလျှောင် ထ၍ ပြေးလေကုန်၏။

ထိုသို့ပြေးလေသောသူတို့ကို ရဲရဲတောက်သော သံကွင်းဖြင့် ဖမ်းယူခဲ့၍ ရိုက်ပုတ်ညှဉ်းဆဲပြန်၏။

**ဝေတ္တရဏီ၌ ခံရပုံ**·····ထိုသို့ရိုက်ပုတ် ညှဉ်းဆဲသောအရပ်မှ ပြေးကြလေ၍ ဝေတ္တရဏီ ကြိမ်မိုက်ချောင်းသည် သွေးပြည်တို့ဖြင့် အတိပြီး၏။ ဤလူ့ပြည်၌ အပ်သွားနှင့်တူသော ဆူးအတိပြည့်သော ကြိမ်မိုက်ကြိမ်နွယ်တို့ဖြင့် အအူ အသည်းတို့သည် ငြိ၍ငြိ၍နေရစ်ကုန်၏။ ထိုသို့ပင် ငြိ၍နေရစ်ကုန် သော်သည်း ထိုငရဲသူတို့ ကြွေ့ဆွာမကုန်သမျှ အထက်သို့ဆန်လေ ကာ အောက်သို့စုန်လေကာ ကြိမ်မိုက်ဆူးတို့၌ အအူအသည်း နှလုံးသည်းပွတ်တို့သည် ငြိ၍ ငြိ၍နေရစ်လေကုန်၏။ ထိုသို့ပင်ငြိ၍ နေရစ်ငြားသော်လည်း မိမိတို့ကြွေ့ဆွာမကုန်သမျှ မသေရလေသေး။

ထိုဝေတ္တရဏီ ကြိမ်မိုက်ကများစွာခံရ၍ ကမ်းသို့ တင်လတ် သော် သံကောက်တို့ဖြင့် နှုတ်ခမ်းကိုချိတ်၍ ယူပြီးလျှင် ကမ်းသို့ တင်လေ၏၊ဟယ်အချင်းတို့ အဘယ်ကိုအလိုရှိသနည်းဟု မေးလေ သော် ထိုငရဲသူတို့လည်း အရှင် အကျွန်ုပ်တို့သည် ဆာမွတ်လှပါ၏ဟု လျှောက်ကြလေ၏။ထိုအခါ ယမဒေါ် ယမကတို့သည်လည်း ထိုငရဲသူဘို့ကိုပက်လက်အိပ်စေ၍ အထက်နှုတ်ခမ်းတို့ကို သံမြှား ကောက်တို့ဖြင့်ဖွင့်ကြလေ၏။ ဤသို့ဖွင့်၍ သံကတော့ဖြင့် ပစပ်ကို စွပ်ပြီးလျှင် ကြေးနီရေ သံရေတို့ဖြင့် သွန်းလောင်းကုန်၏။ထိုကြေးနီ ရေတို့သည်လည်း နှာခေါင်းပေါက် ခံတွင်းပေါက် အောက်ဒွါရ

www.dhammaransi.com



ပေါက်တို့၌ ယိုထွက်စီးသော်လည်း မိမိတို့ကြွမ္မာ မကုန်သေးရွေ့ မသေရလေသေး။

**ဘင်ပုပ်ငရဲ၌ခံရပုံ**······ထိုနေရာမှထ၍ ဘင်ပုပ်ငရဲသို့ ကျပြန်လေ၏၊ ထိုဘင်ပုပ်ငရဲသည် မစင်တို့ဖြင့် အတိပြည့်၏။ ပိုးလောက်တို့သည် ဝိန်းကောပမာဏရှိ၏။ သွားကား အင်ကွဲသို့ထက်၏။ ထိုသွားဖြင့် အရေပါးကို ကိုက်ဖြတ်လေ၏။ အရေထူကို ကိုက်ဖြတ်လေ၏။ အကြောကို ကိုက်ဖြတ်လေ၏၊ အသားကို ကိုက်ဖြတ်လေ၏၊ အရိုးကို ကိုက်ဖြတ်ပြီးမှ ခြင်ဆီကို စားကုန်၏၊ ထိုသို့ပင်စားငြားသော်လည်း မိမိတို့ကြွမ္မာမကုန်သေးရွေ့ မသေရလေသေး။

**ပြာပူငရဲ၌ခံရပုံ**······ထိုဘင်ပုပ်ငရဲမှ ကာလတာရှည်စွာ ခံရ၍ တဖန် တက်ပြန်လေသော် ကုဋ္ဌာကြီး အမည်ရှိသော ပြာပူငရဲသို့ရောက်ပြန်၍ ခြေတဘက်နင်းလျှင် ပုဆစ်တိုင်အောင် ကျံလေ၏။ကြွလိုက်သော် ဖြစ်မြဲဖြစ်ပြန်လေ၏။

**လက်ပံပင်ငရဲ၌ခံရပုံ**······ဤသို့သောဆင်းရဲကို ကာလတာရှည်စွာ ခံရ၍ ပြေးပြန်လေသော် လက်ပံပင်ငရဲသို့ရောက်လေ၏။ ထိုလက်ပံပင်၌နေသော ယမဒေါယမက တို့သည် ဟိုငရဲသူတို့ကို လက်ပံပင်ထက်သို့ တက်စေ၍ အထက် အောက်ယှက်လျက် ႏွှကွဲ့သို့နေသော လက်ပံဆူးတို့သည် အူမ အူသိမ် အသည်း အဆုတ်တို့ကို ချိတ်၍ငြိလေကုန်၏။ အထက်က လင်းတ စွန်တို့သည်လည်း ဦးနှောက်ကို ဖောက်၍ ဖောက်၍ စားကြကုန်၏။ အောက်က ခွေးနီ ခွေးကျား ခွေးနက်တို့သည်လည်း ခြေသလုံးသား ပေါင်သားတို့ကို ကိုက်ခဲဆွဲငင်၍ စားကြကုန်၏။ ဤသို့ပင်ခံရသော်လည်း မိမိတို့ကြွမ္မာမကုန်သမျှ မသေရချေသေး။

**သန်လျက်ပမာငရဲ၌ခံရပုံ**··ထိုလက်ပံပင်ရင်း၌ နှစ်လတာရှည်စွာခံရပြီးမှ တဖန်အောက်သို့ကျ၍

www.dhammaransi.com



ပြေးပြန်လေသော် ဆိုင်းဆိုင်းညို့ညို့ ရှိသော ရွှေတွင်မြင်ရသော အမွှဝနအမည်ရှိသော သရက်တောသို့ ပြေးဝင်ကြလေ၏။ ထိုငရဲ သစ်ပင်အောက်သို့ရောက်သော သူတို့ကို လေခတ်၍ သန်လျက် သရက်ရွက်တို့သည် ကြွေကျကုန်လျက် ဦးခေါင်းသို့ရှုးလေကုန် ၏၊ ပခုံးသို့ရှုးလေကုန်၏၊ ကျောသို့ပူးလေကုန်၏၊ ဤသို့ပူးပြား သော်လည်း မိမိတို့ကြမ္မာမကုန်သရွေ့ မသေရချေသေး၊ ဤသို့ သောနည်းဖြင့် ကာလ တာရှည်စွာ ခံရလေ၏။

**ငရဲကြီး၌ခံရပုံ**……တဖန် ယမဒေါယမကောတို့သည် ဆွဲငင်လေ၍ ငရဲကြီးသို့ ပစ်ချလိုက်၏။ ထိုငရဲကြီးသည်လည်း သံမြေပြင်အဘိဖြိုး၏။ ထိုငရဲသို့ရောက်လေသော သူတို့သည် အရှေ့တံခါးဖွင့်၍ ပြေးကြလေကုန်သော် ခြေတဘက် နှင်းလိုက် လေက ဒူးပုဆစ်တိုင်အောင် မီးလောင်၍ကျွမ်းလေကုန်၏။ ကျွမ်းပြန် သေက ဤသို့သောနည်းဖြင့် ပြေးကြလေ၏။ အရှေ့တံခါး၌ ရောက် လေသော် မိမိတို့ကြမ္မာကြောင့် သံတံခါးတို့သည် မီးတောက်မီးလျှံ နှင့်တကွ ပိတ်လေ၏။ တဖန်တောင်တံခါး ဟင်းလင်းမြင်၍ ပြေးကြ သော် ထိုတောင်တံခါးသည် ရှေးနည်းအတူ ပိတ်နှင့်လေ၏၊ ဤနည်း တူ တံခါးလေးမျက်နှာသို့ နှစ်,လ-ရှည်စွာပြေး၍ မိမိတို့ကြမ္မာကုန်မှ အရှေ့တံခါးဟင်းလင်းပွင့်၍ ပြေးထွက်ကြလေလျက် လွတ်ကြလေ ၍ ထိုက်ရာ ထိုက်ရာ ဖြစ်ကြလေကုန်၏။

ဤသည်ကား-ဒေဝဒူတသုတ်၌ ဘုရားဟောတော်မူသော ပါဠိတော် အထွက် အမိပ္ပါယ်တည်း။

## သံဝေဂလင်္ကာများ

ဤသို့လေးဖြာ၊ ပါယ်လေးရွာ၌၊ ကြိုရှာကြရ၊ သဗ္ဗဝါ ကား၊ ဘုံသာသုဂတိ၊ လူဖြစ်ဘိလည်း၊ သတိမထား၊ ရှိလေ ပြားလျက်၊ မယားကျွေးမှု၊ သားကျွေးမှုကြောင့်၊ မရှုတရေး၊ သနားစုံမက်၊ ငဲ့ကွက်မရှိ၊ သူ၏အသက်၊ ရက်စက်သတ်သူ၊

# သင်္ခါရဘာဇနီ

အယူမဟုတ်၊ အကျင့်ယုတ်၍၊ မုဆိုးတံငါ၊ များစွာမလပ်၊ ပျားဖွပ်သားထိုး၊ ဆိုရိုးတရပ်၊ ငှက်ခတ်တခြား၊ သောက်စားယစ်ဝ၊ လူ့ဗာလကား၊ ကာမဂုဏ်ဆိုး၊ မယားခိုးနှင့်၊ တံဘိုးစားတတ်၊ မဖြောင့်မတ်သည့်၊ သူကြီးမြေတိုင်၊ ရန်မိုင်ခွင့်ရ၊ စစမကောင်း၊ မင်းစိုးတထွေ၊ ရွှေနေရွှေရပ်၊ ခံသမတ်ပ၊ ပြုကြံစမြဲ၊ ပန်းဘဲပန်းထိမ်၊ တောင်းချိန်စဉ်းလဲ၊ ပွဲစားပွဲကောက်၊ မထောက်မထား၊ ကင်းစားတဖြာ၊ ပြည်ရွာဖျက်ကြံ၊ ခိုးသူစသား၊ မိဘဆရာ၊ ပြည်ရွာရဟန်း၊ သုန်းတန်းကြီးမား၊ ကျေးဇူးများကို၊ မသိလေကြ၊ ရှုတ်ချကဲ့ရဲ၊ ကျိုးမဲ့စကား၊ ပြောငြားသောသူ၊ အယူယွင်းခွ၊ နေနှင့်လကို၊ စသည်တထွေ၊ မိုးယံသေကာစ၊ ဆဲရေးကြလျက်၊ အမျက်ဒေါသ၊ ပြင်းပြလောဘ၊ မိုက်ခေါင်ထိ၍၊ အမိအဘ၊ အစ်မအစ်ကို၊ သူတို့ကိုပင်၊ ဆွဲငင်ရိုက်ပုတ်၊ ဖျက်ကြုတ်အမှန်၊ ငြိုးထားရန်ဖြင့်၊ အိမ်ရှင်ဖြစ်ငြား၊ လင်တို့အားကို၊ ဆဲငြားသောသူ၊ အယူယွင်းဖောက်၊ သယောက်မျောက်မ၊ ထားကြတသွယ်၊ ဈေးသယ် နာသယ်၊ ရောင်းဝယ် ဖောက်ကား၊ ထိုသူများလည်း၊ ဆားနှင့် ရေယှက်၊ ပြုသဲပက်၍၊ ငါးပိနှင့်ဆား၊ တိုးပွါးစေနိုး၊ ဖွဲနှုတိုးမှ၊ လက်မလက်သွယ်၊ ချိန်ဝယ်အောက်တွဲ၊ လွန်စဉ်းလဲက၊ ပြုကြံအတင်း၊ ခိုးခြင်းအပြား ငါးပါးနှစ်ဆယ်[၁]၊ စသွယ်အမှု၊ ယခုပစ္စက်၊ နာချက်မလှ၊ မရဏာတပ်ချို၊ စသည်တရ၊ ဗိုလ်ထုကြံမှု၊ စိုးရမြဲစံ၊ သူ့နိုင်ငံသို့၊ တိုက်လှန်ဖျက်မှု၊ ယူသောသူကား။ စသည်များစွာ၊ သချ်ာပေါင်းရ၊ မကောင်းမှုကြောင့်၊ တအောင့်မလပ်၊ ခုတ်ဖြတ် လှီးချ၊ လွှတိုက်စသည်၊ လင်းတ ကျီးခွေး၊ ပြေးသွားမလွတ်၊ ငတ်မွတ်ဆာလောင်၊ ပြောင်ပြောင်တောက်ညီး၊ ပုံကြီး ပုံငယ်၊ ကြောက်ဖွယ်ကမန်း၊ ချမ်းသာမဆန်၊ ဒုက္ခမှန်သည်။ ။ငရဲကန်မချွတ် မလွဲတည်း။

---

၁။ ငါးပါးနှစ်ဆယ်-နှစ်ဆဲ့ငါးပါးသောခိုးခြင်းအပြား။

ထိုသို့ညွှန်ပြ၊အနိစ္စနှင့်၊ဒုက္ခမှာကား၊ မွေ့လျော်ရသည့်၊ ပညာမျက်စိ၊မရှိ လေပြား၊သူမိုက်များတို့၊ သုံးပါးသရဏ ဂုံးငါးစုံအညီ၊ပဥ္စသီ,အဋ္ဌ,ဒသီ၊စွဲမှီအဟုတ်၊ကြိုးအားထုတ်၍၊ဥပုသ်သီတင်း၊မကင်းစေရ၊ ဝါတွင်း,ဝါပ၊ ဆောက်တည်မှုလည်း၊ ချမ်းသာရမည်၊မြဲမှတ်ရည်လျက်၊စွဲမှီစရာ၊ နည်းနာ ကျကျ၊ ပြသနိုင်သူ၊ ထိုသသူကို၊ အတူတကွ၊ ဆည်းကပ်ခ,လျက်၊ ကလျာဏမိတ္တ၊ ရချမသွေ၊ မှတ်ကြစေ၍၊ နေ့ညဥ့်မပြတ်၊ ဆည်းကပ်နည်းယူ၊ နတ်လူနိဗ္ဗာန်၊ ဇကန်ရောက်ကြောင်း၊ ကောင်းမှုအစု၊ ထောက်ရှု ဆင်ခြင်၊ ကောင်းစွာမြင်အောင်၊ ကြံဆောင်ကြမှ၊ ချမ်းသာရမည်၊ နားပါးမလည်၊ နည်းနာမရ၊ ရှိချေကမူ၊ လူကန်းပမာ၊ ဖြစ်လေရာ၏၊ မသိတရား၊ ကျင့်သူ များမှာ၊ တောသွား ယောကျ်ား၊ ခရီးမှား၍၊အရှေ့ အနောက်၊ တောင် မြောက် ဘယ်မှာ၊ သွားရာလမ်းစ၊ မတွေ့ကြဘဲ၊ လွဲလွဲချွတ်ချွတ်၊ မှတ်သိပ် ဆာလောင်၊ တောင်မြိုင် ချောင်တွင်၊ ခြသေ့ သစ်ကျား၊ ဘေးရန်များနှင့်၊ တွေ့ ငြားလေကုန်၊ ခိုက်ခိုက်တုန်မှု၊ ဒုက္ခပြင်းပြ၊ ခံတုံရသို့၊မရနည်းနာ၊ ကျင့်စေကာမူ၊ သမုဒယ၊ ဖြစ်လေကြက၊ ဒုက္ခ ရစ်မွေး၊ အကျိုးပေး၏၊ နိရောဓမှာ၊ ဝေးလှစွာသည်၊ နောင်လာဘုရား၊ ပွင့်ကုန်ပြားလည်း၊ လားလာမကျွတ်၊ သုံးပါးဝဋ်တွင်၊ အစဉ်မပြတ်၊ စက်ရဟတ်သို့၊ ပတ်ပတ်လည်လည်၊ အတည်မကျ၊ ဘဝဘောက်ပြန်၊ လောကဓံ၌၊ အမိုက်မကင်း၊ အလင်းမရ၊မိုက်မှောင်ကျကုံ၊ တွင်းပဥမင်၊ တိုး၍ဝင်ပြား၊ သူကန်းများသို့။ ။အသားပုံတူကြလိမ့်မည်။

ဤသို့ညွှန်ပြ၊ နာခံကြသူ၊ လူတို့မှာလည်း၊ နည်းနာရရ၊ လုံ့လမပြတ်၊ ပရမတ်သဘောဟ်၊ အလိုရှိရ၊ သင်ကုန်

www.dhammaransi.com



ပါလည်း၊ မာနုထွင်းဘောက်၊ ဂုဏ်သာမောက်၍၊ ရောက်တတ် ရာရာ၊ ပမာတခမ်း၊ မြွေဖမ်းသမား၊ ဤအလားလျှင်၊ မြင်မြင်ရာရာ၊ နှုတ်လျှာကြမ်းခက်၊ နှိပ်စက်ကလူ၊ ပြုကြမှုကာ၊ ကပိလသို့၊ မချမှန်ဘိ၊ အဝိစိမှာ၊ ကမ္ဘာပတ်လုံး၊ ခံလေ အုံးတော့၊ မလျော့မတင်း၊ စည်စောင်းညှင်းသို့၊ ကျင့်ဘို့ ကျင့်ရာ၊ ကိုယ်ဘို့သာလျှင်၊ လိမ္မာသိမြင်၊ ထပ်ထပ်ထင်က၊ ငါသိရစေ၊ သိရပေက၊ ကျင့်ပေရမူ၊ လူနှုတ်နိမ့်ဗွာန်၊ သုံးတန်ချမ်းသာ၊ မှန်စွာရောက်ကြောင်း၊ ကောင်းသောခရီး၊ လမ်းမကြီးနှင့်၊ အပြီးပုံတူ၊ ဤနည်းယူချေက်၊ ဘုရင့်မိန့်ချက်၊ ရွှေနှုတ်ထွက်ကို။ ။ဆောင်ရွက်မှတ်သား ကြစေကုန်သတည်း။

ရှေးကဆောင်ထားကြသော သံဝေဂလင်္ကာများ
ပြီး၏။

---

**မဟာဒုက်ဝတ္ထု**·····အခါတပါး ဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ ပဏ္ဍိတသာမဏေကို အကြောင်းပြု၍ ဟောတော်မူ၏၊ လွန်လေပြီးသောအခါ၌ ကဿပဘုရားသခင်သည် နှစ်ထောင်သောရဟန်းခြံရံလျက် ဗာရာဏသီပြည်သို့ သွားသောအခါ ပြည်သူတို့သည် အာဂန္တုကဝတ်ဖြင့် ဘုရားသခင်အား ဆွမ်းကျွေးကြကုန်၏၊ ဘုရားသခင်လည်း တရားဟောတော်မူ၏၊ ဒါယကာတို့ ဤလူ့ပြည်၌ အချို့သောလူတို့သည် မိမိဥစ္စာဖြင့် အလှူပေး၏၊ သူတပါးအား မညီညွတ်[၁]၊ ထိုသူသည် ဖြစ်လေရာရာ ဥစ္စာကားများ၏၊ အခွေအမျိုး အခြံအရံမရှိ။ ။အချို့သော သူတို့သည် သူတပါးတို့ကို ညီညွတ်[၂]၏၊ မိမိဥစ္စာကိုမူကား မလှူ။ ထိုသူကား အခွေအမျိုး အခြံအရံနှင့်သော်ကား ပြည့်စုံ၏။ဥစ္စာကားမရှိ။ ။အချို့သော သူတို့သည်ကား မိမိဥစ္စာကို ထုတ်၍လှူကုန်၏၊သူတပါး ဥစ္စာတို့ကို

---

၁။ မညီညွတ်-မတိုက်တွန်း မနှိုးဆော်။
၂။ ညီညွတ်၏-တိုက်တွန်းနှိုးဆော်၏။

www.dhammaransi.com



လည်း ညီညွတ်စေ၏၊ ထိုသူတို့သည်ကား ဖြစ်လေရာရာ၌ ဥစ္စာလည်းများ၏၊ ကျေးကျွန် အခွေအမျိုးနှင့်လည်း ပြည့်စုံကုန်၏ဟု ဟောတော်မူပေ၏။

ထိုတရားကို ဒါယကာတယောက်သည် ကြားလေ၍ ဘုရားသခင်အား နက်ဖြန်ဆွမ်းကျွေးအံ့။ စာရင်းခံကုန်လော့ဟု ဆိုပေ၏။ ။ထိုအခါ ရွာသူတို့လည်း ငါ,တရာ ကျွေးမည်၊ငါ, ငါးကျိပ် ကျွေးမည်၊ ငါ,တကျိပ် ကျွေးမည်၊ ငါ,ငါးပါး ကျွေးမည်ဟု အသီးအသီး စာရင်းခံကြကုန်၏၊ ထိုအခါ ဆင်းရဲစွာ ကိုယ်ခစားဖြင့် အသက်မွေးသော မဟာဒုက်သည် ညီညွတ်၍[1] သံဃာတပါးကို စာရင်း ခံပါလေ၏၊ မဟာဒုက်လည်း အိမ်သို့သွား၍ မယားကိုဆို၏၊အဘယ် နက်ဖြန် ကဿပဘုရားသခင်ကို သံဃာတော် နှစ်ထောင်နှင့်တကွ အာဂန္တုက ဆွမ်းကျွေးကြမည်ဟု ပြည်သူတို့သည် သံဃာတို့ကို စာရင်းခံကုန်သောကြောင့် ငါသည် သံဃာတဦးကို စာရင်းခံခဲ့သည် ဟု ဆိုပေ၏၊မယားကလည်း ကောင်းပြီ ငါတို့သည် မလှူဘူးသောကြောင့် ဤသို့ဆင်းရဲသည်ဟုဆို၏။

**အလှူပစ္စည်းရှာပုံ**။ နှစ်ယောက်သော လင်မယားတို့သည် ကိုယ်ခ,ခံအံ့'[2]ဟု သွားကြလေသော် ယောကျ်ားကား သူဌေးအိမ်သို့သွား၍ ကိုယ်ခစား ထင်းပေါက်လေ၏။ သိချင်းသာယာစွာသီလျက် ထင်းပေါက်လေသော် ထင်းတို့သည် များစွာကွဲသည်ကို သူဌေးအားရ၍ ဟယ်-မဟာဒုက်၊သင်ပေါက်သောထင်းသည် များစွာရပေသည်၊ ရွှင်သောစိတ်ဖြင့် သီချင်းသာယာစွာသီ၍ အဘယ့်ကြောင့် ပေါက်သနည်းဟု မေးသော် ရှင်–သူဌေး နက်ဖြန် ကိုယ်ခဖြင့်[3] သံဃာတော်တဦးကို ဆွမ်းကျွေးပါဟု စာရင်းခံသောကြောင့် ရွှင်ပျပါသည်ဟု ဆိုပေ၏၊

---

၁။ ညီညွတ်၍-အကြောင်းညီညွတ်၍၊မိမိစိတ်ကိုတိုက်တွန်း၍။
၂။ ကိုယ်ခခံအံ့ဟု-လုပ်ခတောင်းခံ ရှာဖွေအံ့ဟု။
၃။ ကိုယ်ခဖြင့်-ကိုယ်ဖြင့်ရင်းနှီးပြုလုပ်အပ်သောအခဖြင့်။

www.dhammaransi.com



ထိုသူဌေးလည်း အားပါးရ၍ နမသလေးဆန် ရှစ်ကွမ်းစား ပေးလိုက်၏၊ မဟာဒုက်မယားလည်း ကိုယ်ခံခံမည်ဟု သူဌေးမ အထံသို့သွားလေ၏၊ ကိုယ်ခစား ဆန်ဖွပ်လေ၏၊ သိချင်းသာယာစွာ သီလျက် ဆန်ဖွပ်လေသော် သူဌေးမလည်း ဟယ်–မဟာဒုက်၏ မယား ့သင်ကား ဆဲအခန် သာယာစွာ ကျူး၍ အဘယ့်ကြောင့် ဖွပ်သနည်းဟု မေးသော်၊ အရှင်သူဌေးမ၊ နက်ဖြန် ရဟာန်းတပါးကို ဆွမ်းကျွေးမည်ကို အားရရွှင်ပျသည်ဟု ဆိုပေသော် သူဌေးမလည်း အားရ၍ နမသလေးဆန် တကွမ်းစားနှင့်တကွ ထောပတ် တဟင်းချို နို့ဓမ်းတခွက် ပြုတ်ကြက်သွန် အစေ့အစုံ ပေးလိုက်၏။

ထိုသူ လင်မယားတို့ သည်လည်း နံနက် စောစောက ထ၍ မယားက ဟင်းရွက်ချူးမည် သွားလေသော် မြစ်နား၌ သိချင်း သာယာစွာသီ၍ ချူးသည်ကို တံငါကြား၍ သင်အဘယ့်ကြောင့် သိချင်းသာယာစွာသီ၍ ဟင်းရွက်ချူးသနည်းဟု မေးသော်ရဟာန်း တဦးကို ဆွမ်းကျွေးမည် ဖြစ်သောကြောင့်သဒ္ဒါသော စိတ်နှလုံး ဖြင့် သိချင်းသီ၍ ချူးသည်ဟုဆိုသော် တံငါလည်းအားရ၍ သဲတွင် မြှုပ်၍ထားသော ငါးကြင်းလေးကောင်ကိုဖော်၍ပေးလိုက်၏။

ထိုညဉ့် မိုးသောက်သောအခါ၌ ဘုရားသခင်သည် ကယ်ထိုက်သောသူကို ကြည့်လတ်သော် မဟာဒုက်ကို မြင်တော်မူ၍ ဂန္ဓကုဋိတိုက်သို့ဝင်၍ နေတော်မူ၏။

**သိကြားမင်းအကူအညီ** ·····မဟာဒုက်လည်း ငါးကိုယူ၍သွား ပြီးလျှင် ကောင်းစွာ ချက်ပြုတ်၏၊

သိကြားမင်းလည်း မဟာဒုက် သဒ္ဒါခြင်းကိုရင်း၊ ဘုရားသခင် သည် မဟာဒုက်အိမ်သို့ ဝင်တော်မူ၍ မဟာဒုက်ဆွမ်းကို ဘုဉ်း ပေးခြင်းကိုရင်းသိ၍ လုခရီးသွားဟန် ဖန်ဆင်း၍ မဟာဒုက်အိမ်သို့ သွား၍ အိုမဟာဒုက် ညီညာပါရစေ[၁] အလှူအတို့ကို ပေးပါဟုဆို ၏၊မဟာဒုက်လည်းဝင်၍ ညီညာပါသော့ဟု ဆိုပေသော် သိကြား

၁။ ညီညာပါရစေ-ကူညီညာ၍ အလှူတို့ကို ပြုပါရစေ။

www.dhammaransi.com



မင်းလည်း မဟာဒုက်အိမ်သို့ဝင်၍ ခပ်သိမ်းသော ဆွမ်းခဲဘွယ် စားဘွယ်တို့ကိုစီရင်၍ နတ်၏ဩဇာကို ထည့်ပေး၏၊ မဟာဒုက်— သင်စာရင်းခံသော ရဟန်းတဦးကို ပင့်ချေဟု ဆိုကြားကဆိုလျှင် သွား၍ စာရင်းခံသော ရဟန်းတဦး ပေးပါဟု စာရင်းကိုင်ကို တောင်းသော် စာရင်းကိုင်လည်း ငါမေ့၍စာရင်းမထည့်မိ၊သံဃာ တော်လည်း ကုန်ခဲ့ပြီဟုဆို၏၊ မဟာဒုက်လည်း နှလုံးမသာရှိ၍ ငိုကြွေးမြည်တမ်း၏၊ ထိုအခါ စာရင်းကိုင်လည်း မဟာဒုက်ကို ဆို၏၊ အချင်းမဟာဒုက် ဘုရားသခင်သည် ဂန္ဓကုဋိတိုက်တွင် နေတော်မူ၏၊ သင်သွား၍ပင့်ချေ၊ ဘုရားတို့မည်သည်ကား ဆင်းရဲ သောသူတို့ကို ချစ်မြဲတည်း၊ မင်းစသော သူဌေးတို့သည် ဘုရား သခင် ထွက်တော်မူလျှင် သပိတ်တော်ကိုယူအံ့ဟု စောင့်ကြ ကုန်၏။သင်အုန်းရှိက ရရှိလိမ့်မည် သပိတ်တော်ကို တောင်းချေ ဟုဆို၏။

**မြတ်စွာဘုရားထံအပင့်သွားခြင်း**…မဟာဒုက်လည်း သွားလေ၍ ဘုရားသခင် ကျောင်း တော် ဂန္ဓကုဋိတိုက်တံခါးသို့ဝင်လေသော် မင်းစသော စစ်သူကြီး သူဌေးတို့သည် မဟာဒုက်ကို သူတောင်းစားမှတ်၍ ဟယ်မဟာ ဒုက် ဆွမ်းမဘုဉ်းပေးသေး၊ ယခုကတင်၍[1] အဘယ်မှာ ရအံ့နည်း၊ ထွက်လေလော့ဟုဆို၏၊ မဟာဒုက်လည်း ဘုရားသခင်ကို ရှိခိုး လို၍ ဝင်ပါသည်ဟုဆို၏၊ ဂန္ဓကုဋိတိုက် တံခါးကို ဦးတိုက်၍ ဘုရားကိုရှိခိုးပြီးသော် အရှင်ဘုရား ဤလူ့ပြည်၌ အကျွန်ုပ်နှင့် တူသောဆင်းရဲသောသူမရှိပါ၊အကျွန်ုပ်အား သနားတော်မူသဖြင့် သင်္ဂြိုဟ်[2]ခြင်းကို ပြုတော်မူပါဟု လျှောက်၏။

ဘုရားသခင်သည် ဂန္ဓကုဋိတိုက်တံခါးကို ဖွင့်၍ သပိတ်တော် ကို မဟာဒုက်အား ပေးတော်မူ၏။

---

၁။ တင်၍-ကြိုတင်၍။
၂။ သင်္ဂြိုဟ်-သင်္ဂဟ-(ပါဠိ)ထောက်ပံ့ခြင်း။

www.dhammaransi.com



**သပိတ်တော်ကိုရခြင်း**·····မဟာဒုက်လည်း သပိတ်တော်ကို ရလျှင် ပခုံးထက် ထမ်း၍ စကြဝတေးမင်း၏ စည်းစိမ်ကိုရသကဲ့သို့ စမ္ပာယ်လျက် ဟန်ပန်ပြု၍ ထွက်လေသော် မင်းစသော အိမ်ရှေ့မင်း စစ်သူကြီးတို့သည် မဟာဒုက်ကို ဆိုကြကုန်၏၊ အချင်းမဟာဒုက် တထောင်သော ဥစ္စာကိုယူလော့ သပိတ်တော်ကို ငါ့ကိုပေးပါ၊ သင်ဆင်းရဲသော သူသည် ဥစ္စာကိုယူလော့ဟု မင်းစသော အိမ်ရှေ့မင်း စစ်သူကြီး သူဌေး သူကြွယ်တို့သည် ဥစ္စာငါးရာစီ တထောင်စီ ပေးမည်ဟု၍ တောင်းသော်လည်း မဟာဒုက်သည် ဥစ္စာကို ငါအဘယ်ပြုမည်နည်းဟု တယောက်ကိုမျှမပေးဘဲ သပိတ်တော်ကိုယူ၍ သွားလေ၏၊ မင်းလည်း မဟာဒုက်ကို ဖြားယောင်းသော်လည်း မပေးဘဲ သွားလေသောကြောင့် ဘုရားသခင့် လက်တော်ဖြင့် ပေးသော သပိတ်ကို တစုံတယောက် မင်းစသော သူတို့သည် လု၍ယူအံ့သော်ငါ မဝံ့ကုန်၊ မင်းကြီးလည်း မဟာဒုက် သူဆင်းရဲကား လှူအံ့သော်ငါ ဆွမ်းခဲဘွယ်ကို ဟောင်းမွန်စွာ အဘယ်မှာ ရအံ့နည်း၊ ထိုသို့လှူစရာမရှိမှ သပိတ်တော်ကိုယူ၍ ဘုရားသခင်ကို ပင့်အံ့ဟုကြံလျက် ဘုရားသခင့်နောက်သို့ လိုက်လေ၏။

**မြတ်စွာဘုရား၏တန်ခိုးတော်**··· မဟာဒုက်လည်း သပိတ်တော်ကို ထမ်းပြီးလျှင် ဘုရားသခင်ကို ပင့်၍လာလတ်သော် ဝင်တော်မူပါဆို၏၊ မဟာဒုက်အိမ်ကား နိမ့်၏၊ မကုန်းဘဲဝင်အံ့သော်ငါ မတတ်နိုင်၊ ဘုရားတို့ မည်သည်ကား ကိုင်းညွတ်၍ ဝင်သည်မရှိ၊ ဘုရားသခင်သည် မဟာဒုက်အိမ်သို့ ဝင်တော်မူသောအခါ မြေကြီးသည် အောက်သို့နိမ့်၍ ဝင်လေ၏၊ အိမ်မိုးသည်လည်း အထက်သို့တက်လေ၏၊ ဤသည်လျှင် ဘုရားတန်ခိုးတော်တည်း။ ထွက်တော်မူသော်လည်း ထိုအိမ် ထိုမြေတို့သည် ပကတိရှိပြန်လေကုန်၏၊ ထို့ကြောင့် ဘုရားသခင်သည် မဟာဒုက် အိမ်သို့ ရပ်တော် မူလျက်ပင်

www.dhammaransi.com



ဝင်တော်မူ၍ နေရာ၌ နေတော်မူ၏၊ မင်းကြီးလည်း မဟာဒုက် အိမ်သို့တက်တော်မူ၍ သင့်တင့်သော အရပ်၌ နေပြီးသော် အချင်း မဟာဒုက် သင်သည် သပိတ်တော်ကို ငါ့ကိုတောင်းသော်လည်း မပေးလို၊ ယခု ဘုရားသခင်အား လှူအံ့သော်ဌါ ဆွမ်းခဲဘွယ် စားဘွယ် အဟိမှာရှိသနည်း၊ ငါတို့အားပြလော့ဟု မင်းကြီး ဆိုလတ်သော် သိကြားလည်း မွှေးကြိုင်သော ဆွမ်းခဲဘွယ် စားဘွယ် နွားနို့ဘို့ကို ပြပေ၏၊ ထိုဆွမ်းခဲဘွယ် စားဘွယ်တို့၏ အနံ့သည် ပြည်လုံးနှံ့လေ၏၊ မင်းကြီးလည်း ထိုဆွမ်းခဲဘွယ် စားဘွယ် နွားနို့ ထောပတ်တို့ကို မြင်သော် ဤသို့သောအနံ့နှင့် ပြည့်စုံသော ခဲဘွယ်တို့ကို ငါမမြင်စဘူးဟုဆို၍ ငါသည် မဟာ ဒုက်အိမ်တွင်ပင်နေသော် မဟာဒုက်သည် ငါ့ကို အားနာပေအံ့ ဟု ဘုရားသခင်ကို ရှိခိုး၍ သွားလေ၏၊သိကြားမင်းသည် ဘုရား သခင်အား ဆွမ်းခဲဘွယ် စားဘွယ်ကို ကပ်လေ၏၊ ဘုရားသခင် လည်း ဆွမ်းစားပြီးသော် တရားအနုမောဒနာပြု၍ ကြွတော်မူ လေ၏၊ မဟာဒုက်လည်း သပိတ်တော်ကိုထမ်း၍ လိုက်ပို့၏။

**ရတနာမိုးရွာခြင်း** .....သိကြားမင်းလည်း ဘုရား သခင်ကို ပို့ပြီးလျှင် ခရီးလမ်းတွင် ပြန်လေ၍ မဟာဒုက် အိမ်တံခါးဝတွင်ရပ်လျက် ကောင်းကင်သို့ ကြည့်လတ် သော် ရတနာခုနစ်ပါးမိုးယိုရွာ၍ ထိုမဟာဒုက်အိမ်အားလုံး ရွှေငွေ အတိ ပြည့်သည်ဖြစ်၍ လူမှုမဝင်သာအောင် ရှိသတည်း၊ ခပ်သိမ်း သော အိုးစသော ခံတောင်းပုက်တို့သည် ပြည့်ကုန်၏၊ မဟာဒုက် မယားလည်း အိမ်တွင်းသို့ဝင်လတ်သော် ရွှေငွေပြည့်၍ မဝင်သာ သောကြောင့် သားငယ်နှင့်တကွ ကြမ်းပြင်တွင်ပင် နေနှင့်၏၊မဟာ ဒုက်လည်း ဘုရားသခင့်သပိတ်တော်ကိုပို့၍ ပြန်လတ်သော် သား ငယ်နှင့် မယားသည် ကြမ်းပြင်တွင် နေသည်ကိုမြင်၍ အမိ အဘယ့်ကြောင့် ကြမ်းပြင်တွင် နေသနည်း၊ နေပူ၏တကားဟု ဆို၏၊ မယားလည်း အချင်းမဟာဒုက် အိမ်အားလုံး ရွှေငွေရတနာ ပြည့်၍ မနေသာသောကြောင့် ကြမ်းပြင်မှာနေရသည်ဟုဆို၏။

www.dhammaransi.com



**သူဌေးဖြစ်ခြင်း**……မဟာဒုက်လည်း ယနေ့လျှင် ငါလှူသော အလှူသည် အကျိုးပေးသည်ဟု သိ၍ မင်းကြီးထံသို့သွား၍ အရှင်မင်းကြီး ကျွန်ုပ်အိမ်၌ ရွှေငွေရတနာတို့သည် အပြည့်ရှိ၏၊ ယူတော်မူပါလော့ဟု ဆိုပေသော်၊မင်းကြီးလည်း အောက်မေ့တော်မူ၏၊ ဘုရားသခင်တို့အား ပေးသော အလှူသည် ယနေ့ပင် အပြီးသို့ ရောက်၏တကားဟု ဆိုတော်မူ၍ ထိုရွှေငွေရတနာတို့ကို ကြည့်အံ့ဟု လှည်းတထောင်တို့ဖြင့် တင်ချေစေ၍ မင်းရင်ပြင်၌ ပုံစေ၏၊ ထိုရွှေငွေ ရတနာတို့သည် ထန်းတဖျားမျှရှိလေ၏၊ မင်းကြီးလည်း ပြည်သူတို့ကို ဤဥစ္စာကဲ့သို့ ဤပြည်၌ ရှိသလောဟု မေးတော်မူ၏၊ ပြည်သူတို့လည်း မရှိပါ ဘုရားဟု ဆိုပေ၏၊ မင်းကြီးလည်း မဟာဒုက်ကို ဤဥစ္စာနှင့်တကွ သူဌေးဖြစ်စေဟု သူဌေးတို့၏ အဆောင်အရွက်တို့ကို ပေးတော်မူ၏။

**အလှူကြီးပေးခြင်း**……မဟာဒုက်လည်း သူဌေး၏ အဖြစ်ကို ရပြီးသော် အရှင်မင်းကြီး အိမ်ရာမြေကိုပေးပါဟု တောင်း၏၊ မင်းကြီးလည်း ဈေးသူဌေးတို့၏ အိမ်ရာဟောင်း အရပ်ကို ချပေး၏၊ မဟာဒုက်လည်း အိမ်ရာ ဆောက်အံ့ဟု သစ်ပါးရ၍ တောအုပ်မြေကို ရပုံညီညွတ်စွာ တူးဆွသော် များစွာသော ရွှေအိုးကြီးတို့သည် အနားချင်းထိကာ မြေပြင်ပြည့်မျှ ရှိသတည်း၊ မင်းအား အကြောင်းကိုဆိုပေသော် မင်းကြီးလည်း မဟာဒုက်ဘုန်းကြောင့် ဖြစ်ပေသည်၊ သင်သာ ယူလေဟုဆို၏၊ထိုမဟာဒုက်သူဌေးလည်း အိမ်ဆောက်ပြီးလျှင် ခုနစ်ရက်ပတ်လုံး ဘုရားသခင်အား သံဃာတော်နှင့်တကွ ဆွမ်း အလှူကြီးကို ပေး၏။

**ပဏ္ဍိတသာမဏေဝတ္ထု**……ကုသိုလ်ကောင်းမှုကို များစွာပြု၍ ရတော့ခဲ့သော် နတ်ပြည်၌ ဖြစ်လေ၍ ဘုရားတဖြစ်နှင့် တဖြစ်အကြားပတ်လုံး နတ်၏ စည်းစိမ်ကို

www.dhammaransi.com



စံစားပြီးမှ ငါတို့ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ နတ်ပြည်မှ ရုတေခဲ့၍ သာဝတ္ထိပြည်တွင် အရှင်သာရိပုတ္တရာ၏အမျိုး၌ ပဋိသန္ဓေနေလေ၏။

**ချင်ခြင်းဖြစ်ပုံ**·····ထိုသူဌေး သမီးသည် ပဋိသန္ဓေယူသော နေ့မှစ၍ ငါးကြင်းသားနှင့် ထမင်းစားချင်သောအာရုံရှိ၏၊ ထိုစားချင်သော အာသာ[၁]ကား ရှင်သာရိပုတ္တရာအား သံဃာနှင့်တကွ ဆွမ်းကို ငါးကြင်းသားနှင့် လှူချင်သည် မိမိလည်း ဖန်ရည်စွန်းသောပုဆိုးကိုဝတ်၍ သံဃာ၏အဆုံး၌နေ၍ ဃနာ[၂]ဆွမ်းနှင့် ငါးကြင်းသားကိုစားချင်သည်ဖြစ်၏၊ သတို့သမီး၏ အမိအဘတို့သည် အရှင် သာရိပုတ္တရာကို ငါးကြင်းသားနှင့် ဆွမ်းကျွေး၍ သမီးကို ဖန်ရည်စွန်းသောသင်္ကန်းကို ဝတ်စေ၍ရွှေခွက်တွင် ငါးကြင်းသားနှင့် ဆွမ်းကိုစားစေ၏၊ ထိုသို့စားမှ ချင်ခြင်းသည် ငြိမ်းလေ၏။

ဤသင်္ကန်းဝတ်ချင်ခြင်း သံဃာ့အစဉ်၌နေ၍ဆွမ်းစားချင်ခြင်း သည်ကား ဝမ်း၌ ပဋိသန္ဓေနေသော သူငယ်သည် သာသနာတော်၌ ရဟန္တာ ဖြစ်လတ္တံ့သောကြောင့် ဖြစ်သတည်း။

**အမည်မှည့်ခြင်း**·····ထိုသတို့သမီးသည် ဆယ်လ လွန်လေသော် သတို့သားကိုဖွား၏၊အမည်မှည့်အံ့သောနေ့၌ ရှင်သာရိပုတ္တရာကိုပင့်၍ ဆွမ်းကျွေးပြီးသော် အရှင်ဘုရားတပည့်ကို အမည်မှည့်တော်မူပါဟု ဆို၏၊ ရှင်သာရိပုတ္တရာလည်း သတို့သားအား ပဏ္ဍိတသတို့သားဟုမှည့်၏။

**ရှင်ပြုခြင်း**·····ထိုပဏ္ဍိတ သတို့သားလည်း ခုနစ်နှစ်မြောက်သောအခါ အရှင်သာရိပုတ္တရာ အထံ၌ သာမ

---

၁။ အာသာ-(ပါဠိ) အလို၊လိုချင်ခြင်းတဏှာ။
၂။ ဃနာ-ဃန(ပါဠိ)အစိုင်အခဲဖြစ်သော။

www.dhammaransi.com



ကောပြုလေ၏။သတ္တိသား မိဘာတို့သည်လည်း ခုနစ်ရက်ပတ်လုံး ငါးကြင်းသားဖြင့် ဆွမ်းကျွေးလေ၏။ ရှစ်ရက်မြောက်သော နေ့၌ ရှင်သာရိပုတ္တရာသည် ပဏ္ဍိတ သာမဏေကိုခေါ်၍ ရွာတွင်းသို့ ဝင်လေသော် ပဏ္ဍိတသာမဏေသည် ခရီးအကြား၌ မြောင်းတူး သောသူတို့ကိုဎင်း၊ မြှားသမားသည် မြှားကိုမီးကင်၍ ဖြောင့်သည်ကိုဎင်း၊ တစည်းသမား သစ်ခွေသည်ကိုဎင်း၊ ကမ္မဋ္ဌာန်းရှု၍ ရှင်သာရိပုတ္တရာကိုတောင်းပန်၏။ အရှင်ဘုရား အကျွန်ုပ်ကျောင်း သို့ပြန်အံ့ဟုဆို၏။ရှင်သာရိပုတ္တရာလည်း သာမဏေ ပြန်လေတော့ ဟုဆို၏။ သာမဏေသည် အရှင်ဘုရား အကျွန်ုပ်တို့ ဆွမ်းကို ဆောင်ခဲ့သော် ငါးကြင်းသားနှင့် ဆောင်ခဲ့ပါဟု မှာလိုက်၏။ ရှင်သာရိပုတ္တရာလည်း သာမဏေ ငါးကြင်းသား အဘယ်မှာ ရအံ့နည်းဟု ဆို၏၊ သာမဏေလည်း အရှင်ဘုရား ဘုန်းတော် ကြောင့် မရသော်လည်း အကျွန်ုပ်ဘုန်းတော်ကြောင့် ရပါအံ့ သတည်းဟု ဆိုပေ၏။

**တရားအားထုတ်ခြင်း** ·····သာမဏေလည်း ရှင်သာရိပုတ္တရာ၏ တိုက်တွင်နေပြီးသော် ကိုယ်တွင်း၌ ဖြစ်သောပညာကို ချုပ်၍[၁] ကိုယ်၏ အဖြစ်အပျက်ကို ဆင်ခြင် လျက် ရဟန်းတရားကို စီးဖြန်း၍နေ၏။ သိကြားမင်းလည်း စတု လောကပါလနတ်သားတို့ကို လေးမျက်နှာတို့၌ စောင့်စေ၏။ မနှစ် လိုသော သားငှက်တို့၏ အသံကိုလည်း ဝေးစွာ ဖဲကြဉ်စေ၏။ လ,နတ်သား နေ,နတ်သားတို့လည်း လဝန်း, နေဝန်းတို့ကို ငုံ့စေ လျက် ကိုင်၍ရပ်စေ၏၊ သိကြားမင်းလည်း ထိုတံခါးဝ၌ စောင့်နေ ၏၊ထိုပဏ္ဍိတ သာမဏေသည် နံနက်ဆွမ်းမစားမီလျှင် ကိုယ်၏ အဖြစ်ကို ဆင်ခြင်၍ အနာဂါမိဖိုလ်သို့ ရောက်လေ၏၊ အရှင် သာရိပုတ္တရာသည်လည်း အမျိုးအိမ်သို့ ရောက်လေသော် အရှင် သာရိပုတ္တရာကိုမြင်၍ အိမ်တွင်နေစေ၍ ငါးကြင်းသားနှင့် ဆွမ်း

---

၁။ ချုပ်၍-ထိန်းချုပ်၍။

www.dhammaransi.com



ကျွေး၏၊ ဆွမ်းစားပြီးသော် သပိတ်ကိုဆေး၍ ဆွမ်းအပြည့် ငါးကြင်းသားနှင့် ထည့်ပြန်လေ၏။ အရှင်သာရိပုတ္တရာသည်လည်း သာမဏေသည် မွတ်လေတော့မည်[၁]ဟု လျင်စွာ လာလတ် သတည်း။

**မြတ်စွာဘုရား ကြွလာတော်မူခြင်း** ..... ဘုရားသခင်သည် လည်းနံနက်ဆွမ်း စားပြီးသော် ပဏ္ဍိတသာမဏေသည် ဆွမ်းမစားမီ ရဟန္တာ ဖြစ်အံ့လောဟု ကြည့်တော်မူသော် ဖြစ်မည်ကို မြင်တော်မူ၍ ဘုရားသခင်အားအကြံတော်သည် ဤသို့ဖြစ်၏။သာရိပုတ္တရာသည် သာမဏေအား ဆွမ်းကိုအလျင်ယူ၍လာ၏။ မရောက်ခင် ငါသွား ၍ တံခါးဝတွင်နေလျက် သာရိပုတ္တရာကို ပြဿနာမေးရာတွင် ပဏ္ဍိတသာမဏေသည် တိုက်တွင်းထည်းက ပြဿနာကို ကြား၍ ရဟန္တာ ဖြစ်အံ့သတည်းဟု ကြံတော်မူ၍ အရှင်သာရိပုတ္တရာ မရောက်ခင် တိုက်တံခါးဝတွင် နေတော်မူနှင့်၏၊ အရှင်သာရိ ပုတ္တရာလည်း တိုက်တံခါးသို့ ရောက်လတ်သတည်း။

**ဗုဒ္ဓပြဿနာ** .....ဘုရားသခင်လည်း အရှင် သာရိပုတ္တရာကို သင်သည် အဘယ်ကိုရခဲ့သနည်းဟု မေး၏။ အရှင်သာရိပုတ္တရာလည်း အရှင်ဘုရား အစာကို ရခဲ့ပါသည်ဟု ဆို၏။ ဘုရားသခင်လည်း အစာသည် အဘယ်ကို ဆောင်သနည်း ဟုမေး၏၊ အရှင်ဘုရား သုခဝေဒနာကို ဆောင်သည်ဟုဆိုပေ၏။ သုခဝေဒနာသည် အဘယ်ကိုဆောင်သနည်းဟုမေးသော် ရုပ်ကို ဆောင်သည်ဟု ဆိုပေ၏။ ရုပ်သည်ကား အဘယ်ကို ဆောင် သနည်းဟုမေးသော် တွေ့ခြင်းကိုဆောင်သည်ဟုဆိုပေ၏။

**အဓိပ္ပါယ်** .... ထိုပြဿနာ၌ အဓိပ္ပါယ်ကား မွတ်သောသူအား စားသော အာဟာရသည် ထိုစားသော သူ၏ နွမ်းသိပ်ခြင်းကိုပယ်၍ သုခဝေဒနာကိုဆောင်၏။ အာဟာရကို

---

၁။ မွတ်လေတော့မည်-(ဆွမ်း)ဆာလေတော့မည်။

www.dhammaransi.com



စားသဖြင့်ပြီးသောသူအား သုခဝေဒနာသည် ဖြစ်လတ်သော်၊ ကိုယ်၌အဆင်း၏ ပြည့်စုံခြင်းဖြစ်၏။

**ရဟန္တာဖြစ်ခြင်း**.....ဤလေးပါးသော ပြဿနာကို ဘုရားသခင် မေးတော်မူ၍ အရှင်သာရိပုတ္တရာ ဖြေသောတရားသံကိုကြား၍ ပဏ္ဍိတသာမဏေသည်တိုက်တံခါးတွင်း၌ ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏၊ ဘုရားသခင်လည်း မိန့်တော်မူ၏။ သာရိပုတ္တရာ—သာမဏေအား ဆွမ်းကိုစားစေလော့—ဟုဆို၏။ အရှင်သာရိပုတ္တရာလည်း တိုက်တံခါးသို့ချဉ်း၍ အသံပြု၏။ သာမဏေလည်း လာလတ်၍ အရှင်သာရိပုတ္တရာလက်မှ သပိတ်ကိုယူပြီးသော် အရှင်သာရိပုတ္တရာကို ယပ်ခပ်၍နေ၏။အရှင်သာရိပုတ္တရာလည်း သာမဏေ ဆွမ်းစားတော့ဟု ဆို၏၊ သာမဏေလည်း ဆွမ်းကို ငါးကြင်းသားနှင့် ဘုဉ်းပေး၏၊ ဤသို့လျှင် ၇—နှစ်မြောက်သော သာမဏေသည် ရဟန္တာအဖြစ်သို့ ရောက်ပြီဟု လ,နတ်သား နေ,နတ်သားတို့သည် မိမိတို့ဗိမာန်ကို လွှတ်ကုန်၏။ စတုလောက ပါလနတ်သား လေးယောက်တို့လည်း အစောင့်အရှောက်ကို လွှတ်၍ သွားကုန်၏။ သိကြားမင်းလည်း တိုက်တံခါးကို လွှတ်၍ သိကြားပြည်သို့ သွားလေ၏ဟု ဟောတော်မူပေ၏။ တရားဟောသော အဆုံး၌ ပရိသတ်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

ကုသိုလ်ကျိုးစု ပုံဝတ္ထုပြီး၏။

## အကုသိုလ်ကျိုးစု ပုံဝတ္ထု

အကြင်သတ္တဝါတို့သည် မကောင်းသော အကုသိုလ်မိတ္တာ ဒိဋ္ဌိအယူကို ယူလေ့ရှိ၏။ ကမ္မသရိက္ခက[၁]မိမိပြုသော ကံနှင့်အလားတူသော အမှုအရာအဖြစ်ကို ပေးတတ်ကြောင်းကို ပါရာဇိကကဏ်

၁။ ကမ္မသရိက္ခက-ကံနှင့် အလားတူသော။

www.dhammaransi.com



ကျမ်း၊ စတုတ္ထပါရာဇိကာ သိက္ခာပုဒ်ကို ပညတ်တော်မူရာ၌ နတ်ဝင်တို့ ငရဲမှလွတ်၍ ဂိဇ္ဈကုဋ်တောင်၌ ပြိတ္တာဖြစ်ကြောင်းကိုလာသည်။ ။လာကြောင်းကား သုံးလူ့ထွဋ်ထား မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည်၏ အနီး ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ အရှင်မောဂ္ဂလာန်သည် အရှင်လက္ခဏာထေရ်နှင့်အတူ ဂိဇ္ဈကုဋ်တောင်မှသက်၍ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံကြွသည်ရှိသော် ဂိဇ္ဈကုဋ်တောင်၏ တခုသောအရပ်၌ အရိုးရှုသာရှိသော ပြိတ္တာ။ အသားစိုင်သာရှိသော ပြိတ္တာ၊ သန်လျက်အမွေးရောက်သော ပြိတ္တာ၊ အပ်မွေးရောက်သော ပြိတ္တာ၊ မြှားအမွေးရောက်သော ပြိတ္တာ၊ လှံအမွေးရောက်သော ပြိတ္တာ၊ အိုးစရည်းကြီးမျှလောက် အဏ္ဍာကြီးသောပြိတ္တာ၊ မစင်တွင်း၌နစ်လျက်ရှိသောပြိတ္တာ၊ အရေမရှိသော မိန်းမပြိတ္တာ၊ နတ်ဝင်မပြိတ္တာ၊ ကလိင်္ဂရာဇ်မင်း၏မိဖုရားပြိတ္တာ၊ဦးခေါင်း မရှိသောပြိတ္တာ၊ ကဿပဘုရားသခင်၏သာသနာတော်၌ ယုတ်မာသောအကျင့်ကိုကျင့်မိချေသောကြောင့် သင်္ကန်းသပိတ်ခါးပန်းကုန်တို့၌ ပြောင်ပြောင်တောက်လျက် ရဟန်းယောက်ျား၊ ရဟန်းမိန်းမ၊ သာမဏေယောက်ျား၊ သာမဏေမိန်းမပြိတ္တာဖြစ်၍ ဆင်းရဲခံရခြင်းကို မြင်လေ၍ အရှင်မောဂ္ဂလာန် ပြုံးတော်မူသည်ကို ရှင်လက္ခဏာမထေရ်မြင်လျှင် အရှင်ဘုရား အဘယ့်ကြောင့် ပြုံးတော်မူသနည်းဟု လျှောက်သော်၊ အရှင်လက္ခဏာ ငါပြုံးတော်မူကြောင်းကို သိလိုသော် ဘုရားသခင့်ထံသို့ ရောက်လေသောအခါ ဘုရားသခင့်ရှေ့တော်မှာမှ ငါ့အားမေးလော့၊ ဤအခါကား ကာလမဟုတ်သေးဟု ရှင်မောဂ္ဂလာန်အမိန့်ရှိလျှင်။

ရာဇဂြိုဟ်မြို့မှဆွမ်းခံပြန်ပြီး၍ ဆွမ်းဟည်းပေပြီးသော် ဘုရားရှင်ရှိတော်မူရာသို့ ချဉ်းကပ်၍ ရှိသေစွာရှိခိုးပြီးလျှင် ဟင့်အပ်လျှောက်ပတ်သောအရပ်၌ နေ၏၊ ထိုအခါ ရှင်လက္ခဏာမထေရ်သည် ရှင်မောဂ္ဂလာန်မထေရ်ကို ရှေ့စကားအတိုင်း လျှောက်သော်၊ အရှင်လက္ခဏာ ငါသည် ထိုဂိဇ္ဈကုဋ်တောင်မှ ဆင်းသောအခါ

www.dhammaransi.com



ထိုပြိတ္တာအပေါင်းတို့သည် ကောင်းကင်ပြင်၌ သွားကုန်သည်ကို ကျီး, လင်းတ, ငှက်ဘီလူး, သိမ်း, စွန်ရဲ, ငှက်တို့သည် အစဉ်အတိုင်း လိုက်ကုန်၍ နံရိုး၏ အကြားတို့မှ ထိုးကြ ဆိတ်ကြကုန်သည် ရှိသော် ထိုပြိတ္တာတို့သည် နာကျင်လှသောကြောင့် အသံဖြင့် ဟာစ်အော်သည်ကို ငါကြားသည် ငါမြင်သည်ဟု ဘုရားရှင်မှာတော် ၌ ရှင်မောဂ္ဂလာန်သည် ရှင်လက္ခဏမထေရ်အား ပြောဆိုသည် ရှိသော် ထိုအခါ ရဟန်းတို့က ရှင်မောဂ္ဂလာန်သည် ဥတ္တရိမနုဿ ဓမ္မ¹နှင့်စပ်သော ချွန်မင်ဖိုလ်တရားကို ပြောဟော၏ တကားဟု ကဲ့ရဲ့ကုန်၏၊ ထိုအခါ ဘုရားမြတ်စွာသည် ရဟန်းတို့ကို ခေါ်တော်မူ၍ ချစ်သားရဟန်းတို့ မောဂ္ဂလာန်ပြောဆိုချက်စကားသည် ဟုတ်သောအတိုင်း မြင်သောအတိုင်း ပြောဆိုပေသည်။ ငါဘုရားသည် ရွှေပလ္လင်၌ ဘုရားဖြစ်စ ကာလကပင် ဤဂိဇ္ဈကုဋ် တောင်၌ ရှိသော ပြိတ္တာတို့ကို မောဂ္ဂလာန်မြင်သကဲ့သို့ ငါလည်းမြင်တော်မူသည်၊ ငါဘုရားသည် အကြောင်းမရှိဘဲကို အကယ်၍ဟောတော်မူလေအံ့။ ငါဘုရားစကားကိုမယုံကြည်ရာ၊ မယုံကြည်ဘဲ အကယ်၍ ရှိလေအံ့။ ထိုသူတို့အား နေ့ညဥ့်ရှည်စွာ အကျိုးမရှိ ဖြစ်လေကုန်ရာ၏။ ထိုကြောင့် ငါဟောတော်မမူဟု မိန့်တော်မူပြီးသော်—

**အဋ္ဌိုးစုပြိတ္တာဝတ္ထု၊**……ချစ်သားရဟန်းတို့ အရိုးစုသာရှိလျက် ခံရသော သတ္တဝါသည် ဤရာဇဂြိုဟ်

ပြည်၌ ရှေးအခါ နွားသတ်ယောက်ျားဖြစ်၍ ရတေမနေ သေလေသော် ထိုပါဏာတိပါတ ကံ၏ အစွမ်းဖြင့် အနှစ် ရာထောင် သောင်းသိန်းတို့ပတ်လုံး ငရဲ၌ခံရလျက် ကျက်ရပြီးလျှင် ထိုကံ၏ အကြွင်းဖြင့် အရိုးစုသာရှိသော ပြိတ္တာ၏အဖြစ်ကို ရအပ်၏။ ။

ထိုစကားကို အဋ္ဌကထာ၌ကား—

တဿ ဝိပါကေ ပရိက္ခီဏေ အဝသေသ ကမ္မံဝါ ကမ္မနိမိတ္တံဝါ အာရမ္မဏံ ကတွာ ပုန ပေတာဒိသု ပဋိ

---

၁။ ဥတ္တရိမနုဿဓမ္မ- လူတို့၏ ကုသိုလ် ကမ္မပထတရားတို့ထက် လွန်မြတ်သော ချွန်မင်ဖိုလ်တရား။

www.dhammaransi.com



သန္ဓိ နိဗ္ဗတ္တတိ၊ တဿာ သာ ပဋိသန္ဓိ ကမ္မသဘာဂတာယ ဝါ အာရမ္မဏသဘာဂတာယ ဝါ တဿေဝ ကမ္မဿ ဝိပါကာဝသေသေနာတိ ဝုတ္တတိ။

ဟု ဖွင့်တော်မူ၏။

**အနက်ကား**.....တဿ၊ ထိုသွားသတ်ခြင်းကြောင့် ဖြစ်သော ပါဏာတိပါတ အကုသိုလ်စေတနာ၏။ ဝိပါကော၊ ငရဲခံရခြင်းအကျိုးသည်။ ပရိက္ခီဏော၊ ကုန်ပြီးသည်ရှိသော်။ အဝသေသကမ္မံ ဝါ၊ကြွင်းသော အလယ်ဖောင်းချက် အကုသိုလ်ကံကိုရင်း။ ကမ္မနိမိတ္တံ ဝါ၊ ကမ္မနိမိတ်ကိုရင်း။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ပုန၊ တဖန်။ ပေတာဒိသု၊ ပြိတ္တာ အစရှိသည်တို့၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ တဿာ၊ ထို့ကြောင့်။ သာ ပဋိသန္ဓိ၊ ထိုပြိတ္တာဘုံ၌ ပဋိသန္ဓေကို။ ကမ္မသဘာဂတာယ ဝါ၊ ကံနှင့် အလားတူသည့်၏ အဖြစ်ကြောင့်ရင်း။ အာရမ္မဏသဘာဂတာယ ဝါ၊ အာရုံနှင့် အလားတူသည့်၏ အဖြစ်ကြောင့်ရင်း။ တဿေဝ ကမ္မဿ၊ ထိုကံ၏သာလျှင်။ ဝိပါကာဝသေသေနာတိ၊ အကျိုးပေးပြီးသော ကံ၏အကျိုးကြွင်းဟူ၍။ ဝုတ္တတိ၊ ဆိုအပ်၏။

ထိုပြိတ္တာသည် ငရဲမှ စုတေသောကာလ၌ အသားမရှိ အရိုးစုကို အာရုံပြု၍ စုတေလေသော် အရိုးစုသာရှိသော ကမ္မသရိက္ခက ကံနှင့် အလားတူသော အဋ္ဌိသင်္ခလိကပြိတ္တာ ဖြစ်ရချေ၏။

**အသားတစ်ပြိတ္တာဝတ္ထု**..... အသားဆိုင် အသားတစ်သာရှိသောပြိတ္တာ၌လည်း။ နွားကိုသတ်ပြီးသော် အသားကို အညှင်းအတစ်အခြောက်လှန်း၍ ရောင်းစားသဖြင့် အသက်မွေးသော သူသည် သေသောအခါ ငရဲ၌ အပြစ်အလျောက်ခံရပြီးလျှင် ငရဲမှစုတေသောကာလ အသားတစ်ကို အာရုံပြု၍စုတေလျှင် အသားဆိုင် အသားတစ်သာရှိသော ကမ္မသရိက္ခက-ကံနှင့် အလားတူသော မံသပေသိကပြိတ္တာ ဖြစ်ရချေသည်။

www.dhammaransi.com



**အသားပုံပြိတ္တာ၀တ္ထု** ... အသားပုံသာရှိသော ပြိတ္တာဒွလည်း ငှက်မုဆိုးသည် ငှက်ကို ဖမ်း၍ ရောင်းစားသောကာလ၌ အမွေးအရေကိုခွါ၍ အသားပုံကိုသာ ရောင်း၍ အသက်မွေးသောကြောင့် သေသောအခါ ငရဲ၌ ခံရပြီးလျှင် ငရဲမှ ရတေလေသောကာလ အသားပုံကိုအာရုံပြု၍ ရတေလေလျှင် ကမ္မသရိက္ခက–ကံနှင့် အလားတူသောကြောင့် အသားပုံ ပြိတ္တာဖြစ်ရချေသည်။

**အရေမရှိသောပြိတ္တာစု၀တ္ထု** ... အရေမရှိသော ပြိတ္တာ၌ လည်း ထိုသူသည်လူဖြစ်သောအခါ ဆိတ်ကိုသတ်ပြီးလျှင် အရေခွါ၍ အသက်မွေး၏။ သေသောအခါ ငရဲ၌ ခံရပြီးလျှင် ငရဲမှစုတေသောကာလ အရေမရှိသောဆိတ်ကိုအာရုံစွဲ၍ စုတေလျှင် ကမ္မသရိက္ခက–ကံနှင့် အလားတူ အရေမရှိသောပြိတ္တာ ဖြစ်ရချေသည်။

**သန်လျက်မွေးပြိတ္တာ၀တ္ထု** ... သန်လျက်အမွေး ရောက်သော ပြိတ္တာ၌လည်း ထို ပြိတ္တာသည် လူဖြစ်သောကာလ ဝက်ကို နေ့ရှည်စွာကျွေးပြီးသော် သန်လျက်ဖြင့်ခုတ်၍ အသက်မွေး၏။ သေသောကာလ ငရဲခံပြီးလျှင် ငရဲမှ ရတေလေသော် ကမ္မသရိက္ခက–ကံနှင့် အလားတူစွာ သန်လျက်ချိသောအမူအရာကို အာရုံပြု၍ ရတေလေလျှင် သန်လျက်အမွေး ရောက်သော ပြိတ္တာဖြစ်ချေသည်။

**လှံအမွေးပြိတ္တာ၀တ္ထု** ... လှံအမွေးရောက်သော ပြိတ္တာ၌ လည်း လူဖြစ်သောကာလ သမင်တိန်ညင်ဖြင့် တောသို့သွား၍ ထိုတိန်ညင် သမင်၏အနီး တောသမင်ရောက်သောအခါ လှံဖြင့်ထိုး၍ တောသမင်ကို သတ်၍ အသက်မွေး၏၊ ထိုသူ သေသောအခါ ငရဲ၌ ခံရပြီးလျှင် ငရဲမှ ရတေလတ်သော် လှံဖြင့်ထိုးသော သဘောကို အာရုံပြု၍ ရတေ

www.dhammaransi.com



လေလျှင် ကမ္မသရိက္ခက-ကံနှင့် အလားတူစွာ ၄။အမွေးရောက်သော ပြိတ္တာ ဖြစ်ရချေသည်။

**မြားအမွေးပြိတ္တာဝတ္ထု**…… မြားအမွေးရောက်သော ပြိတ္တာ-၌လည်း လူဖြစ်သောအခါ ယက်မန္တရိုယောက်ျားဖြစ်၍ အထူးထူးသော ကမ္မကရဏာ နှိပ်စက်သော အမှုအရာဖြင့် လူကိုသတ်၍ အသက်မွေး၏။ ထိုသူ သေသောအခါ ငရဲ၌ဖြစ်လေပြီး၍၊ ငရဲမှစုတေလေသော် မြားဖြင့်ထိုးသော အမှုအရာကို အာရုံပြု၍ စုတေလေလျှင် ကမ္မသရိက္ခက ကံနှင့် အလားတူသော မြားလျှင် အမွေးရောက်သော ပြိတ္တာဖြစ်ရချေသည်။

**၁-အပ်အမွေးပြိတ္တာဝတ္ထု** အပ်အမွေးရောက်သောပြိတ္တာ၌လည်း လူဖြစ်သောအခါ မြင်းနွားတို့ကိုအပ်ဖြင့်ထိုး၍ သတ်သောသူဖြစ်၍ သေလေသော် ငရဲ၌ခံပြီးလျှင် ငရဲမှစုတေလေသော် အပ်ဖြင့် ထိုးသောအမှုအရာကို အာရုံပြု၍ စုတေလေလျှင် ကမ္မသရိက္ခက-ကံနှင့် အလားတူစွာ အပ်အမွေးရောက်သော ပြိတ္တာဖြစ်ရချေသည်။

**၂-အပ်အမွေးပြိတ္တာဝတ္ထု**…… ဒုတိယ-သူစိလောမ ပြိတ္တာ၌ကား ထိုပြိတ္တာသည် လူဖြစ်သောအခါ လူတို့ကို ချောပစ်သောစကား ကုန်းတိုက်သောစကားကို အလေ့အထပြု၍ အချင်းချင်းအားရင်း။ အကိုးရသောမင်းအားရင်း၊ ကုန်းချော၍ ပျက်စီးအောင် ပြုလေ့ရှိ၏။ အပ်လျှိုသကဲ့သို့ ပြုလေ့ရှိသည်ဖြစ်၍ အပ်လျှင်အမွေးရောက်သော ဆင်းရဲသော အဖြစ်ကို ခံရခြင်း၄ါ ထိုကံကိုသျှင် အာရုံပြု၍ သူစိလောမ ပြိတ္တာ ဖြစ်ရချေသည်။

**ဥးဥကြီးပြိတ္တာဝတ္ထု**… အဏ္ဍ[1]ကြီးသော ပြိတ္တာ၌ ထိုပြိတ္တာသည် လူဖြစ်သော အခါ တရားဆုံးဖြတ်သောအမတ်ဖြစ်၍ ထိုမိမိပြုအပ်သောအမှုနှင့် တူသော

---

၁။ အဏ္ဍ-(ပါဠိ)ဥ။ဤ၌ ဥးဥကိုဆိုလိုသည်။

www.dhammaransi.com



အမှုရှိသည်ဖြစ်၍ အိုးစရည်းမျှလောက်သော အဏ္ဏာကြီးသော ပြိတ္တာဖြစ်၏၊ ထိုတရားဆုံးဖြတ်သော အမတ်သည် ဆိတ်ကွယ်ရာ အရပ်၌ တံစိုးလက်ဆောင်စား၍ စဉ်းလဲစဉ်းစား[1] တရားကို ဆုံးဖြတ်သဖြင့် အရှင်ဖြစ်သောကြောင့် နိုင်အံ့သောသူကို ရှုံးစေ၍ ရှုံးအံ့သောသူကို နိုင်စေ၍ တရားကိုဆုံးဖြတ်၏။ ထို့ကြောင့် ထိုတရားသူကြီးသည် သေသော် ငရဲ၌ဖြစ်၍ ငရဲမှ စုတေသော အခါ လျှို့ဝှက်၍ သူတပါးမမြင်အောင် တံစိုးစား၍ ပြုဘူးသော မကောင်းမှုကြောင့် ပြိတ္တာဖြစ်ရသောအခါ လျှို့ဝှက်အပ်သော အင်္ဂါဇာတ်ကိုထင်ရှားစွာ မိမိ၏ပခုံး၌ ထမ်း၍ မညီမညွတ် တစီး တစောင်းထိုင်ရခြင်း၊ သွားရခြင်း အစရှိသောအမှုဖြင့် ထင်ရှားစွာ သော ဒုက္ခဝေဒနာကို ခံရချေသည်။

**မစင်ပုပ်ပြိတ္တာဝတ္ထု**......ပရဒါရိက[2]၊ မယားခိုးသောသူ ပြိတ္တာ ဖြစ်ရခြင်းလည်း ထိုယောကျ်ားသည်လည်း လူဖြစ်သောအခါ တပါးသောယောကျ်ား၏ ဥစ္စာဖြစ်သော စောင့်ရှောက်လုံခြုံသော လင်ရှိသော မိန်းမ၏အတွေ့ ကာမဂုဏ် ချမ်းသာဖြင့် ပျော်ရွှင်မိချေသည်ဖြစ်၍ ထိုသူသေသော် ငရဲ၌ ဖြစ်၍ ငရဲမှလွတ်လတ်သော် ထိုကံအလားပါ မစင်အပုပ် အတိ ရှိသော အတွေ့ကို တွေ့သည်ဖြစ်၍ ဒုက္ခဝေဒနာကို ခံရသော ပြိတ္တာဖြစ်ရချေသည်။

**အရေမရှိသောပြိတ္တာဝတ္ထု**......အရေမရှိသော မိန်းမပြိတ္တာ၌ မာတုဂါမ သည်ကား မိမိ အပေါ့တို့ကို အပိုးမရရှိချေ၏၊ လင်သာလျှင် ထိုအတွေ့ကို အစိုးရ ချေသည်၊ ထိုမိန်းမသည် လင်၏အတွေ့ကိုခိုး၍ ယောကျ်ားတပါး အား ပျော်ပါးခြင်းကို ဖြစ်စေ၍ ထိုမိန်းမသေသည်ရှိသော် ငရဲ၌

---

၁။ စဉ်းလဲစဉ်းစား-စဉ်းလဲ ကောက်ကျစ်မှု။

၂။ ပရဒါရိက-လင်ရှိမယားကိုခိုးယူသူ။

www.dhammaransi.com



ဖြစ်လေ၍ ငရဲမှလွတ်သော် ထိုကံ၏ကျွင်း အလားတူသည်၏ အဖြစ်ဖြင့် ကောင်းသောလင်၏ အတွေ့ကို ဖျက်ဆီးချေသောကြောင့် ဆင်းရဲကိုခံအံ့သော်ငှါ အရေမရှိသော မိန်းမပြိတ္တာဖြစ်ရချေသည်။

**နတ်ဝင်မပြိတ္တာဝတ္ထု၊**……နတ်ဝင်မပြိတ္တာဖြစ်ရာ၌ ထိုနတ်ဝင်မသည် လူဖြစ်သောကာလ၌ နတ်ရုပ်နတ်အိုးတို့၏ ကျွန်မိန်းမအမှုကိုပြုလျက် ထိန်းသိမ်း စောင့်ရှောက်ခြင်းကိုပြု၍ ဤမည်သော ပုဗ္ဗေနိဝါသဉာဏ်ရကို ပြုသည် ရှိသော် သင်တို့အား ဤမျှလောက်သော အကျိုးစီးပွါး ဖြစ်လတ္တံ့ဟု လူအပေါင်း၏ ပန်းနံ့သာ အဝတ်ပုဆိုး အစရှိသည်တို့ကို လှည့်စားသဖြင့်ယူ၍ လူအပေါင်းကို မှားသော မိစ္ဆာအယူကို ယူစေတတ်၏။ ။ထိုကြောင့် အဋ္ဌကထာ၌-

သာ ဇာဂန္ဓာရိကာ ကမ္မ ယက္ခဒါသိကမ္မံ ကရောန္တီ ဇာမိနာဝ ဧဝံ ဗလိကမ္မေ ကတေ အယံ တုမှာကံ ဝုဍ္ဎိ ဘဝိဿတီတိ မဟာဇနဿ ဂန္ဓပုပ္ဖါဒီနိ ဝဉ္စနာယ ဂဟေတွာ မဟာဇနဿ ဒုဒ္ဒိဋ္ဌိံ မိစ္ဆာဒိဋ္ဌိံ ဂဏှာပေသိ။

ဟူ၍လာ၏။

**အနက်ကား**……သာဇာဂန္ဓာရိကာ၊ ထိုနတ်ဝင်မိန်းမသည်။ ကမ္မယက္ခဒါသိကမ္မံ၊ နတ်ရုပ်၏ ကျွန်မိန်းမအမှုကို။ ကရောန္တီ၊ ထိန်းသိမ်းစောင့်ရှောက် အရိုအသေပြုသည်။ ဟုတ္တွာ၊ ဖြစ်၍။ တုမှာကံ၊ သင်တို့အား။ ဧဝံ၊ ဤသို့။ ဗလိကမ္မေ၊ ပုဗ္ဗေနိဝါသဉာဏ ဗလိနတ်စာကို။ ကတေ၊ ပြုအပ်လည်ရှိသော်။ ဇာမိနာဝ၊ ဤသို့ပုဗ္ဗေနိဝါသဉာဏရ၏ အကြောင်းကြောင့်သာလျှင်။ အယံဝုဍ္ဎိ၊ ဤသို့ အစီးအပွါးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ မဟာဇနဿ၊ လူအပေါင်း၏။ ဂန္ဓပုပ္ဖါဒီနိ၊ နံ့သာပန်း အစရှိသည်တို့ကို။ ဝဉ္စနာယ၊ လှည့်ဖြားသဖြင့်။ ဂဟေတွာ၊ ယူ၍။ မဟာဇနဿ၊ လူအပေါင်းကို။ ဒုဒ္ဒိဋ္ဌိံ၊ မကောင်းသော အယူဖြစ်သော။ မိစ္ဆာဒိဋ္ဌိံ၊ မှားသောအယူကို။ ဂဏှာပေသိ၊ ယူစေ၏။

www.dhammaransi.com



ထိုနတ်ဝင်မလည်း လူဖြစ်သောအခါ သူတပါး၏ ကောင်းသောအနံ့ရှိသော နံ့သာပန်း အဝတ်ပုဆိုး အစရှိသည်ကို လှည့်စား၍ ခိုးယူသောအားဖြင့် ထိုကံနှင့်အလားတူစွာ စက်ဆုပ်ဘွယ် မကောင်းသောအနံ့ရှိ၏။ မကောင်းသော မှားသော အယူရှိသည်၏ အဖြစ်ကြောင့်လည်း သူတပါးမြင်ခြင်း၌ ခဲယဉ်းစွာလျက် မကောင်းဖောက်ပြန် ဆိုးရွားသော အဆင်း ရှိရချေ၏။ ။ ထိုကြောင့် အဋ္ဌကထာ၌--

တသ္မာ တာယ ကမ္မသဘာဂတာယ ဂန္ဓပုပ္ဖါဒီနိ ထေနိ
တတ္တာ ဒုဂ္ဂန္ဓော ဒုဒဿနဿ ဂါဟိတတ္တာ ဒုဒ္ဒသိကာ
ဝိရူပါ ဝိဂန္ဓာ ဟုတွာ နိဗ္ဗတ္တာ။

ဟုလာ၏။

**အနက်ကား**·····တသ္မာ၊ ထိုသို့ လူအပေါင်းကို လှည့်စားသော မကောင်းမှုကြောင့်။တာယ ကမ္မသဘာဂတာယ၊ထိုကံနှင့် အလားတူသည်၏အဖြစ်ဖြင့်။ဂန္ဓပုပ္ဖါဒီနိ၊နံ့သာပန်းအစရှိသည်တို့ကို။ထေနိတတ္တာ၊လှည့်စားခိုးသည်၏ အဖြစ်ကြောင့်။ ဒုဂ္ဂန္ဓော၊ မကောင်းသော စက်ဆုပ်ဘွယ်သော အနံ့ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဒုဒဿနဿ၊ မကောင်းသော မိစ္ဆာဒိဋ္ဌိအမြင်ကို။ ဂါဟိတတ္တာ၊မိမိလည်းယူ သူတပါးကိုလည်း ယူစေတတ်သည်၏အဖြစ်ကြောင့်။ ဒုဒ္ဒသိကာ၊ သူတပါးတို့မြင်သော် စက်ဆုပ်ဘွယ်ရှိ၏။ ဝိရူပါ၊ အဆင်းဆိုးစွာရှိ၏။ ဝိဂန္ဓာ၊ မလှသောကိုယ်ရှိသည်။ဟုတွာ၊ဖြစ်၍။ပေတာ၊ပြိတ္တာသည်။ နိဗ္ဗတ္တာ၊ ဖြစ်ရချေ၏။

ထိုနတ်ဝင်ပြိတ္တာမကို ၄က်ဘီသူးဖြစ်သော လင်းတတို့သည်၎င်း။ ကျီး,ခွေးရဲ,သိမ်း,လင်းယုန်,၄က်တို့သည်၎င်း အစဉ်အတိုင်း လိုက်ကြကုန်၍၊ ဆိတ်ကုန် ဖွဲ့ကုန် ထိုးကြကုန်သည်ရှိသော် နတ်ဝင်ပြိတ္တာမသည် နာကျင်လှသည်ဖြစ်၍ ပြင်းပြသောအသံဖြင့် ဟစ်အော်၏။ ။ထိုအကြောင်းကို ဘုရားမြတ်စွာသည်--

www.dhammaransi.com



ဧသာ ဘိက္ခဝေ ဣမသ္မိံ ယေဝ ရာဇဂဟေ ဣက္ခဏိကာ အဟောသိ။

ဟု ဟောတော်မူ၏။

**အနက်ကား**.....ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဧသာဣတ္ထီ၊ ဤတကြော်ကြော် ဟစ်သောပြိတ္တာမသည်။ ဣမသ္မိံယေဝ ရာဇဂဟေ၊ ဤရာဇဂြိုဟ်မြို့၌ပင်လျှင်။ ဣက္ခဏိကာ၊ နတ်ဝင်မသည်။ အဟောသိ၊ ဖြစ်ဘူး၏။

**ပြိတ္တာဘုံ၌ဖြစ်ရပုံ** ... ထိုသို့ဆိုအပ်ခဲ့ပြီးသောပြိတ္တာမတို့သည် ငရဲ၌ အပြစ်အလျှောက် ဖြစ်သောအခါ ပြုအပ်သောအမှုနှင့် အလားတူ။ ကမ္မသရိက္ခက ကံနှင့် အလားတူ အပြစ်ခံရပြီးလျှင် ပြိတ္တာဘုံ၌တဖန် ကမ္မသရိက္ခက ကံနှင့် အလား တူ အပြစ်ခံရကြောင်းကို—

ကမ္မဝိပါကော ဘိက္ခဝေ အစိန္တေယျော န စိန္တေ တဗ္ဗောတိ ဒေသေသိ။

ဟုဟောတော်မူ၏။

**အနက်ကား**.....ဘိက္ခဝေ၊ ရဟန်းတို့။ ကမ္မဝိပါကော၊ ကံ၏ အကျိုးကို။ အစိန္တေယျော၊ မကြံရာ။ န စိန္တေ တဗ္ဗော၊ မကြံအပ်။ ဣတိ၊ ဤသို့။ ဒေသေသိ၊ ဟောတော်မူ၏။

## ငရဲ၌ခံရကြောင်းကား

တဿ ကမ္မဝိပါကေန ဗဟူနိ ဝဿသတာနိ ဗဟူနိ ဝဿသဟဿာနိ ဗဟူနိ ဝဿသတ သဟဿာနိ နိရယေ ပစ္စိတွာ။

ဟု မိန့်တော်မူလေသည်။

**အနက်ကား**.....တဿ၊ ထိုပြိတ္တာအား။ ကမ္မဝိပါကေန၊ မကောင်းသော အကုသိုလ်ကံ၏ အကျိုး ဆက်ဖြင့်။ ဗဟူနိ၊ များစွာကုန်သော။ ဝဿသတာနိ၊ အနှစ်တရာ

www.dhammaransi.com



တို့ပတ်လုံးရှင်း။ ဗဟူနိ၊ များစွာကုန်သော။ ဝဿသဟဿာနိ၊ အနှစ်တထောင်တို့ပတ်လုံးရှင်း။ ဗဟူနိ၊ များစွာကုန်သော။ ဝဿသတသဟဿာနိ၊ အနှစ်တသိန်းကာလပတ်လုံးရှင်း။ နိရယေ၊ ငရဲ၌။ ပစ္စိတွာ၊ ကျက်ရပြီး၍။

**အကျိုးဆက်**……ထိုကံ၏အကြွင်းဖြင့် ပြိတ္တာ၏အဖြစ်ကို ရအပ်သည်ဖြစ်၍ အပြစ် အားလျော်စွာ ခံရချေသည်။ ။ခံရကြောင်းကား–

တဿေဝ ကမ္မဿ ဝိပါကာဝသေသေန ပေရူပံ အတ္တဘာဝံ ပဋိလာဘံ ပဋိသံဝေဒေတိ။

ဟုဟောတော်မူ၏။

**အနက်ကား**……တဿေဝ ကမ္မဿ၊ ထိုမကောင်းသော အကုသိုလ်ကံ၏သာလျှင်။ ဝိပါကာဝ သေသေန၊ ငရဲ၌ခံရပြီးသော မကောင်းကျိုး၏ အကြွင်းဖြစ်သော အကုသိုလ်ကံဖြင့်။ ပေရူပံ၊ ဤသို့သဘောရှိသော။ အတ္တဘာဝံ၊ ကိုယ်၏အဖြစ်ကို။ ပဋိလာဘံ၊ ရအပ်သည်ဖြစ်၍။ ပဋိသံဝေဒေတိ၊ ခံရ၏။

**ငရဲခံရပုံ** …. ငရဲ၌ခံရခြင်းလက္ခဏာ, ငရဲ၏အမည်ကား–**အဗ္ဗုဒ** ငရဲ၊ အပပငရဲ၊ အဟဟငရဲ, နိရဗ္ဗုဒငရဲ အစရှိသည် ခေါ်ဝေါ်ခြင်းသည် အဝိစိငရဲ၌ ထိုသတ္တဝါတို့၏ ကံအားလျော်စွာ အဗ္ဗုဒသင်္ချာအရေအတွက်ဖြစ်၏၊

အဗ္ဗုဒနိရယောတိ အဗ္ဗုဒေါနာမ ကောစိ ပစ္စေကနိရယော နတ္ထိ၊ အဝိစိမှိယေဝ အဗ္ဗုဒ ဂဏနာယ ပစ္စနော ကာသောပန အဗ္ဗုဒနိရယောတိ ဝုတ္တော။ ဧသေဝယော နိရဗ္ဗုဒါဒိသု။

ဟုလာ၏။

**အနက်ကား** ....အဗ္ဗုဒနိရယောတိဧတ္ထ၊ အဗ္ဗုဒငရဲဟူသော ဤစကား၌။ အဗ္ဗုဒေါနာမ၊ အဗ္ဗုဒငရဲဟူသည် ကား။ ကောစိ၊ တစုံတခုသော။ ပစ္စေကနိရယော၊ ကျက်ရာခံရာ

www.dhammaransi.com



အရပ်သည်။ နတ္ထိ၊ မရှိ။ အဝိစိမှိ ယေဝ၊ အဝီစိငရဲ၌ပင်လျှင်။ အဗ္ဗုဒ ဂဏနာယ၊ အဗ္ဗုဒသင်္ချာအရေအတွက်ဖြင့်။ ပဏ္ဏေသကာသောပန၊ ကျက်ရာ ခံရာအရပ်ကိုကား။ အဗ္ဗုဒနိရယေယာတိ၊ အဗ္ဗုဒငရဲဟူ၍။ ဝုစ္စတ္တော၊ဆိုအပ်၏။ နိရဗ္ဗုဒါဒီသု၊ နိရဗ္ဗုဒငရဲ အစရှိသည်တို့၌။ ဧသ ဧသောနယော၊ဤသို့သောနည်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

**ပဟာသငရဲ**·····ထိုမှတပါး နတ်ဝင်တို့ခံရရာ အရပ်ကိုလည်း ပဟာသငရဲဟူ၍ဆိုအပ်၏။ ။ထိုကြောင့်—

ပဟာသော နာမ အဝိစိနိရယေ ဧကောဒ္ဓိ ကောဋ္ဌာ သေ နစ္စန္တိ ဝိယ ဂါယန္တိ ဝိယ ပစ္စန္တိ နိရယော။

ဟုလာ၏။

**အနက်ကား**···ပဟာသောနာမ၊ ပဟာသငရဲမည်သည်ကား။ ဝါ၊က ဟာန်, တီး ဟာန်, ရှင်သောအမှုအရာ ငရဲ မည်သည်ကား။ အဝိစိနိရယေ၊ အဝိစိငရဲ၌။ ဧကေဒ္ဓိ ကော ဋ္ဌာသေ၊တခုသောအစု၌။ နစ္စန္တိဝိယ၊ က, ကုန်သကဲ့သို့။ ဂါယန္တိ ဝိယ၊ သီ ကုန်သကဲ့သို့။ ပစ္စန္တိနိရယော၊ အကျက်ခံရသောငရဲ တည်း။

မိမိလူဖြစ်သောအခါ မကောင်းသော အကုသိုလ် ဒုစ္စရိုက်ကို ပြုဘူးသော အမှုအားလျော်စွာ ကံနှင့်အလား တူ အကျိုးအပြစ်ကို ခံရသည်ကား သေခါနီးသောကာလ မရဏာသန္နဇောဝင်သောအခါ၌ ကံ,ကမ္မနိမိတ်,ဂတိနိမိတ် အာရုံ ၃-ပါးတို့တွင် တပါးပါးကိုထင်၍ သေသော သူ သည် ငရဲ၌ ကမ္မသရိက္ခက ကံနှင့် အလားတူခံရချေသည်။ ကုသိုလ်ကောင်းမှု၏ အကျိုးဆက်၌လည်း ကံ, ကမ္မနိမိတ် ဂတိနိမိတ် ၃-ပါးတို့တွင် တပါးပါးသော အမှုအရာ ကမ္မ သရိက္ခက ကံနှင့် အလားတူကို အာရုံပြု၍ သုဂတိချန်စ်ဘုံ ၌ ကောင်းကျိုးကို စံစားရ၏ဟူ၍လည်း ယူအပ်သည်။

www.dhammaransi.com



**ပြိတ္တာ**····· ကလိက်ရာဇ်မင်း မိဖုရားသည် လူဖြစ်သောအခါ ငြူစူ စောင်းမြောင်းခြင်းရှိ၍ တပါးသော မိန်းမကို မီးကျီးစုဖြင့် ဦးခေါင်းကို သွန်းလိုက်ဘူးသော မကောင်းမှုကြောင့် ငရဲမှလွတ်သော် တဖန် ဦးခေါင်းကို မီးကျီးစုဖြင့်သွန်း၍ အပြစ်ကို ခံရလျက် ကောင်းကင်ဖြင့်သွားရလေ၏။ ။ဦးခေါင်း မရှိသော ပြိတ္တာလည်း ထိုပြိတ္တာ၏ရင်ဝ၌ ခံတွင်းဝရှိ၏။ ထိုပြိတ္တာကို ကျီး လင်းတ သိမ်း စွန်ရဲ ငှက်ဘီလူးတို့ လိုက်၍ ဆိတ်ကုန် ထိုးကုန် ဆွကုန်သောကြောင့် ပြိတ္တာသည် ပြင်းပြစွာသောအသံရှိ၍ ဒုက္ခ ဝေဒနာကို ခံရသည်ကား ရာဇဂြိုဟ်ပြည်၌ ခိုးသူ၏ဦးခေါင်းကို ဖြတ်လေ့ရှိ၍ ထိုသူ ငရဲမှလွတ်သည်ရှိသော် ဦးခေါင်းမရှိ ရင်ဝ၌ မျက်စိခံတွင်းရှိသော ပြိတ္တာဖြစ်ရချေသည်၊ ဤပြိတ္တာလည်း ကမ္ဘ သရိက္ခက ကံနှင့်အလားတူ ခံရချေသည်။ ။ထို့နောင် ကဿပ ဘုရားရှင် သာသနာတော်၌ ရဟန်း ယောကျ်ား ရဟန်း မိန်းမ သာမဏေယောကျ်ား သာမဏေမိန်းမတို့သည် မကောင်းသော ယုတ်သောအကျင့် ရှိချေသောကြောင့် ထိုကိုယ်၏အပြစ်မှ ရတော သော် ဘုရားတဆူ တဆူအကြား ငရဲ၌ဖြစ်ရချေသည်၊ ထိုငရဲမှ ရတောသော် ဂိဇ္ဈကုဋ်တောင်၌ သင်္ကန်းသပိတ် ပရိက္ခရာတို့သည် ရဲရဲတောက်လျက် ရဟန်းသဏ္ဌာန် ပြိတ္တာ ဖြစ်ရချေသည်။ ။ ထိုကြောင့် အဋ္ဌကထာ၌-

> တတော ဇကံ ဗုဒ္ဓန္တရံ နိရယေ ပစ္စိတွာ ပေတလော
> ကေ နိဗ္ဗတ္တန္တော ဘိက္ခုသဒိသေနေဝ အတ္တဘာဝေန
> နိဗ္ဗတ္တတိ။

ဟုလာ၏။

**အနက်ကား**·····တတော၊ ထိုလူ့ပြည်မှ။ စုတော၊ စုတေသည် ရှိသော်။ ဇကံဗုဒ္ဓန္တရံ၊ ဘုရားတဆူနှင့် တဆူ အကြားကာလပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစ္စိတွာ၊ ကျက်ရပြီး၍။ ပေတလောကေ၊ ပြိတ္တာဘုံ၌။ နိဗ္ဗတ္တန္တော၊ ဖြစ်ရသည်ရှိသော်။

www.dhammaransi.com



ဘိက္ခုသဒိသေနေ ဝ၊ရဟန်း၏အသွင်နှင့်တူသည်ဖြစ်သော။ အတ္တဘာဝေန၊ကိုယ်၏အဖြစ်ဖြင့်။ နိဗ္ဗတ္တတိ၊ဖြစ်ရလေ၏။

**တိုက်တွန်းချက်**……ဤသို့ဆိုခဲ့ပြီးသော တရားစကား အဓိပ္ပါယ်ကို ကြပ်ကြပ် တည်းတည်း နှလုံးမတုန်ယိုသည်ဖြစ်၍ ရတနာသုံးပါး ဂုဏ်တော်မြတ်ကို မပြတ်ကိုးကွယ် ဆောက်တည်သင့်လှ ပေတော့သတည်း။

အကုသိုလ်ကျိုးစု ပုံဝတ္ထုပြီး၏။

---

## သဒ္ဒါရှိ၏ဂုဏ်ကျေးဇူး

**ကဋ္ဌဝါဟနဇာတ်**……ချစ်သား ရဟန်းတို့၊ ဗာရာဏသီပြည်ကို အစိုးရသော ဗြဟ္မဒတ်မင်းသည် တနေ့သောနေ့၌ ဥယျာဉ်ကစားသော် ထင်းခွေမိန်းမ တယောက်သည် သီချင်းသာယာစွာ သီဆို၍လာသော အသံကို ကြား၍ တပ်သောစိတ်ဖြစ်၍ ထင်းခွေမိန်းမနှင့် ထိုခဏ၌ပင် ပျော်ပါးလေ၏၊ ဘုရားလောင်းသည် ထိုထင်းခွေမိန်းမဝမ်း၌ ပဋိသန္ဓေနေလေ၏၊ ဘုန်းရှိသောသူနေသောကြောင့် ထိုမိန်းမလည်း ချက်ခြင်းသိ၍ အရှင်မင်းကြီး အကျွန်ုပ်တွင် ပဋိသန္ဓေ တည်သတည်းဟုလျှောက်၏။ မင်းကြီးလည်း တသိန်းတန်သော ပတ္တမြားလက်စွပ်ကို ချွတ်၍ပေးပြီးလျှင် ထိုပဋိသန္ဓေနေသော သူငယ်သည် မိန်းမဖွားသော်ကား သည်လက်စွပ်ကိုရောင်း၍ အသက်မွေးကြလေ။ ယောကျ်ားဖွားသော်ကား ငါ့အထံသို့ခေါင်ခဲ့ဟူ၍ ဆိုပြီးသော် အမတ်ပေါင်းခြံရံလျက် နန်းတော်သို့ဝင်လေ၏။

**ဘုရားလောင်းကို ဖွားမြင်ခြင်း**……ထို ထင်းခွေမိန်းမလည်း ဆယ်လ စေ့လျှင် ဘုရားလောင်းကို မျက်နှာမြင်၏၊ ဘုရားလောင်းလည်း ကြီးလတ်လျှင် အဖကား အသူနည်းဟုမေးသော် မယ်တော်က ခေါင့်အဖ

www.dhammaransi.com



သည် ဗာရာဏသီမင်းကြီးတည်း၊ ပတ္တမြားလက်စွပ်ကိုပေး၍ မှာခဲ့သောအကြောင်းကို ဆိုပေ၏။

**ဖခင်ထံသို့လိုက်ခြင်း**..... ဘုရားအလောင်းသည် ယင်းသို့သော်ကား ငါ့အဖထံသို့ ပို့ပါ၍ ဆိုလျှင် မယ်တော်သည် မင်းရင်ပြင်သို့သွား၍ ပတ္တမြား လက်စွပ်နှင့်တကွ ဘုရားအလောင်းကို မင်းကြီးအားပြ၏။ ဤသူငယ်သည် အရှင်မင်းကြီး သားတော်တည်းဟု လျှောက်၏။ မင်းကြီးသိလျှင်မူလည်း ပရိသတ်တို့အလယ်၌ ရှက်စနိုး၍ ငါ့သားမဟုတ်ဟူ၍ ဆို၏။

**သစ္စာဓိဋ္ဌာန်**......မယ်တော်လည်း အကယ်၍ ဤသူငယ်သည် မင်းကြီးသားတော်မဟုတ်သော် မြေသို့ကျ၍ သေစေသော၊ ဟုတ်သည်ဖြစ်မူကား ကောင်းကင်၌တည်စေသောဟု ဓိဋ္ဌာန်သစ္စာပြု၍ ကောင်းကင်သို့ ပစ်လိုက်၏။

**တရားပြခြင်း**.....ဘုရားလောင်းလည်း တန်ခိုးတော်ကြောင့် သစ္စာပြုတိုင်း ကောင်းကင်၌ ထက်ဝယ်ဖွဲ့၍ နေပြီးလျှင် ခမည်းတော်မင်းကြီးအား တရားဟောတော်မူပေ၏။

ဓမ္မဥ္စရ မဟာရာဇ၊ ပုတ္တဒါရေသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတွာန၊ ရာဇာ သဂ္ဂံ ဂမိဿတိ။

ဤသို့ အစရှိသော မင်းတို့၏ တရားဆယ်ပါးကို ဟောတော်မူ၏။ ဗာရာဏသီမင်းကြီးလည်း ထိုသို့ အံ့ဘွယ်သရဲကို မြင်မှ ငါ့သားမှန်ပေ၏၊ ချစ်သား သက်တော်မူလော့ဟုဆိုလျှင် ခမည်းတော်ရင်ခွင်၌သက်၍ နေလေ၏။ ဗာရာဏသီမင်းကြီးသည်လည်း သားတော်ဘုရားလောင်းကို အိမ်ရှေ့အရာပေးလေ၏။ ဘုရားအလောင်းမယ်တော်ကိုလည်း မိဖုရားအရာ၌ ထားလေ၏။

ထိုရောအခါ ဗာရာဏသီမင်းကြီးကား ယခု ငါ့အဖ သုဒ္ဓေါဒနမင်းကြီးလျှင်တည်း၊ မိဖုရားကား ယခု ငါ့အမိ မဟာမာယာဒေဝီ မိဖုရားတည်း၊ မင်းသားငယ်ကား ငါဘုရား

www.dhammaransi.com



တည်းဟု ဖခတ်ကိုပေါင်း၍ ဟောတော်မူ၏။ ဤသို့ သဒ္ဒါရုံ ဟူသော ကျေးဇူးသည်လည်း မြတ်သော အဖြစ်သို့ ရောက်စေတတ်၏ဟု ဟောတော်မူ၏။

သဒ္ဒါရုံ၏ဂုဏ်ကျေးဇူးကိုပြဆိုခန်းပြီး၏။

---

## လောဘာဂတိအကျိုး

လောဘာဂတိသို့ရောက်၍ တံစိုးလက်ဆောင်စား၍ အကျိုးယုတ်သည်ကို ဟောတော်မူပေ၏။

**အသိလက္ခဏဝတ္ထု**......အခါတပါး သာဝတ္ထိပြည်၌ ပုဏ္ဏားတယောက်သည် သန်လျက်၏လက္ခဏာ တတ်၍ ပန်းဘဲတို့ဆက်လာသော သန်လျက်တို့ကို ပုဏ္ဏားအား ပြစေ၍ ကောင်း၏ဟုဆိုမှ မင်ကြီးဘဏ္ဍာတိုက်သို့ သွင်းစေ၏။ ထိုနေ့ကစ၍ ပန်းဘဲတို့သည် လက်ဆောင်တံဆိုးပေး၍ ပြလေကုန်၏။ ပုဏ္ဏားလည်း လက်ဆောင်ပေးသော ပန်းဘဲတို့၏ သန်လျက်ကိုကိုင်၍ လက္ခဏာကို သိယောင်ပြု၍ သန်လျက်သွားကိုနမ်းလေလျှင် ကောင်းပေ၏ဟု ဘဏ္ဍာတိုက်သို့ သွင်းရလေ၏။ တံစိုးမစားရသော ပန်းဘဲတို့၏ သန်လျက်ကိုကား ကောင်းပါလျက်ကို မကောင်းဟူ၍သာဆိုလေ၏။ ထိုအခါ ပန်းဘဲတယောက်သည် ကြံ၏၊ ငါတို့သန်လျက်ကို မကောင်းဆိုလေသည်၊ လက်ဆောင်စားရသောသူတို့ကိုမူကား ကောင်းလေသည်ဟု ဆိုလေသည် ဖြစ်သောကြောင့် နောက်ခါမဆိုဝံ့အောင် သန်လျက်အိမ်တွင်ငြုတ်ကိုအမှုန့်ပြု၍ ထည့်၏၊ သန်လျက်သွားကို ငြုတ်အမှုန့်ဖြင့် လူး၍ သန်လျက်အိမ်စွပ်ပြီးသော် မင်းကိုဆက်လေ၏။ မင်းလည်း ပုဏ္ဏားကို ပြပေ၏။ ပုဏ္ဏားလည်း သန်လျက်သွားကို နမ်းမြဲနမ်းပြန်လေ၏။ ငြုတ်မှုန့်သည် ပုဏ္ဏား၏ နှာခေါင်းကို ဝင်လေ၍ မချုပ်နိုင်။ ချေသောကြောင့် သန်လျက်သွားထက်သို့ ပြင်းစွာချေဆတ်မိ၍ နှာခေါင်းကွဲလေ၏။ ထိုပုဏ္ဏား နှာခေါင်းကွဲသည်ကို မြင်လေကုန်လျှင် မင်းခစားသော ပရိသတ်တို့သည် ပြင်းစွာရယ်

www.dhammaransi.com



ကြကုန်၏။ ဤသို့ ဂုဏ်ကျေးဇူးကို မသိမမြင်တဲ့ သူ၏လက်ဆောင်တံစိုးငဲ့၍ အကျိုးနည်းသည်ကိုဟောတော်မူပေ၏။

လောဘာဂတိရောက်၍ အကျိုးယုတ်ပုံပြီး၏။

---

## အကုသိုလ်ဥပပီဠကကံအကျိုး

ဘုရားသခင် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ အကုသိုလ် ဥပပီဠကကံဝတ္ထုတို့ကို ဤသို့ဟောတော်မူပေ၏။

**လောသကတိဿဝတ္ထု** ...... လောသကတိဿမထေရ်သည် ရှေးဘဝကပြုသော မကောင်းမှုကြောင့် ကောသလတိုင်း၌ တထောင်သော တံငါရွာတွင် ပဋိသန္ဓေ နေလေ၏။ ထိုသူ ပဋိသန္ဓေနေသောနေ့မှစ၍ တထောင်သော တံငါတို့သည် မြစ်၌ မြှုံးကွန်စသည်တို့ဖြင့် ရှာစားရလေသော် တရသောငါးကိုမျှ မရကုန်၊ ထိုတံငါတို့သည် ငတ်မွတ်ကုန်၏။ ထိုသူငယ်ကို ပဋိသန္ဓေနေလျှင် တံငါတို့၏ ရွာသည် ခုနစ်ကြိမ်မီးလောင်၏။ ခုနစ်ကြိမ်လည်း မင်းဒဏ်သင့်ချေ၏။ ဤသို့ ထိုသူငယ် ပဋိသန္ဓေနေသည်မှစ၍ ငြိုငြင်ကုန်သည်ဖြစ်၍ ထိုတံငါတို့သည် ကြံကြကုန်၏။

**လူစုခွဲခြင်း** ...... ငါတို့ရှေး၌လည်း သည့်နှယ်မဖြစ်စဘူး၊ ယခုမှ ဤသို့ ငြိုငြင်ဆင်းရဲ၏၊ သို့ဖြစ်သောကြောင့် ငါတို့တထောင်သော တံငါတို့တွင် ဘုန်းကြမ္မာမရှိသော သူယုတ်ဖြစ်လာသည်ဖြစ်မည်ဟု တထောင်သော တံငါတို့သည်ငါးရာစီခွဲ၍ ရှာစားကုန်သော် ထိုလောသကတိဿအလောင်း ပဋိသန္ဓေနေရာအရပ်မှ တံငါတို့သည် စီးပွါးယုတ်၍ လုပ်ကြီးလျက် မဖြစ်ကြကုန်၊ ၅၀၀ သော သူတို့မှာကား ရှာစား နိုးစား၍ ပွါးကုန်၏။ တဖန် ထို ငါးရာသောတံငါတို့သည် နှစ်စုခွဲ၍နေပြန်လေ၏။ ထိုနှစ်စုတွင် ထိုသူငယ် ပဋိသန္ဓေနေသောအစုသည် စီးပွါး ယုတ်ကုန်၏။ ဤသို့သောနည်းဖြင့် ခွဲဖန်များသော် ထိုသူငယ် ပဋိသန္ဓေနေသော အိမ်သာလျှင် တစုဖြစ်၍ ဆင်းရဲ၏။

www.dhammaransi.com



**နှင်ထုတ်ခြင်း**·····ယင်းသို့မှ တထောင်သော တံငါတို့သည် ထိုသူတအိမ်ထောင်ကို သူယုတ် အဖြစ်ကို သိ၍ နှင်ထုတ်လေကုန်၏၊ ထိုသူငယ်၏မိဖတို့သည်လည်း ဆင်းရဲ ငြိုငြင်စွာသူငယ်ကိုဖွားလေ၏၊ မိဖတို့လည်း ဤသူငယ်ကို ပဋိသန္ဓေနေသောနေ့မှစ၍ တထောင်သော တံငါတို့သည်လည်း ပျက်စီးလေ၏၊ ငါတို့လည်း ဆင်းရဲငြိုငြင်ကုန်၏ဟု ထိုသူငယ်၌ သနားခြင်းမရှိကုန်။ ပစ္ဆိမဘဝိက သတ္တဝါ[1] ဖြစ်သောကြောင့် ဖျက်ဆီးသတ်ညှစ်အံ့သော၌ မတတ်နိုင်၊ အိုးတွင်း၌ ညှိသော ဆီမီးကဲ့သို့ အိုးကိုဖွင့်သော် ထိုဆီမီးအရောင်သည် အမိုက်မှောင်ကိုပယ်၍ အလင်းကိုဖြင်သကဲ့သို့ ထိုသူငယ်၏နှလုံး၌ အရဟတ္တဖိုလ်၏အကြောင်းသည် ထွန်းတောက်ပလတ္တံ့တည်။

**အမိအဖကခွဲခြင်း**·····ထိုအခါ အမိအဖတို့သည် သူငယ်ကြီး လတ်၍ သွားတတ်သော် အိုးခြမ်းခွက် ငယ် တခုကို ပေး၍ အိမ်တွင်းသို့ဝင်ချေဟု လှည့်စားလိုက်၏၊ ထို သူငယ်လည်း အမိဆိုတိုင်း အိုးခြမ်းငယ်ကိုကိုင်၍ အိမ်တွင်းသို့ ဝင်လေစဉ် အမိအဖတို့သည် တပါးသို့ကွယ်၍ ပြေးလေကုန်၏။

**ခွက်လက်စွဲ၍တောင်းစားရခြင်း**··ထိုအခါ သူငယ်တယောက် တည်းလျှင် အိုးခြမ်းခွက် ကိုကိုင်၍ အိမ်တိုင်းဖုန်းစား၍ ခုနစ်နှစ်မြောက်သော အခါတိုင် အောင် ခွက်လက်စွဲလျက် တောင်း၍စားရ၏။ ထိုအခါ တနေ့သ၌ အရှင်သာရိပုတ္တရာသည် သာဝတ္ထိပြည်တွင် ဆွမ်းခံဝင်လေသော် ထိုသူငယ် တောင်းစားသည်ကို မြင်၍ သနားသောကြောင့် ခေါ်တော်မူ၍ သင်၏အမိအဖ အသူနည်းဟု မေးတော်မူ၏။ ထိုသူငယ်လည်း အရှင်ဘုရား အကျွန်ုပ်သည် ကိုးကွယ်ရာမရှိ၊

---

၁။ ပစ္ဆိမဘဝိကသတ္တဝါ-နောက်ဆုံး ဘဝသာရှိသော သတ္တဝါ၊ ဤ တဘဝသာလူ့ပြည်၌ဖြစ်၍ နိဗ္ဗာန်ရမည့်သူ။

www.dhammaransi.com



အကျွန်ုပ်၏ မိဖတို့သည် အကျွန်ုပ်မွေးသောနေ့မှစ၍ ဆင်းရဲ ငြိုငြင်သောကြောင့် အကျွန်ုပ်ကို ပစ်စွန့်ကြလေသည်ဟု ခရိ၏။

**ရှင်ရဟန်းဘဝ** …… အရှင် သာရိပုတ္တရာလည်း သူငယ်ကို ကျောင်းသို့ခေါ်၍ ရှင်ပြုလေ၏၊ မကြာ မြင့်သဖြင့် အသက်နှစ်ဆယ်ပြည့်လျှင် ပဥ္စင်းခံတော်မူ၏။ကြီးသော အရွယ်သို့ ရောက်လေသော် လောသကတိဿဟု ထင်ရှား၏။ ထိုလောသကတိဿသည် ဘုန်းလာဘ်သပ္ပကာမရှိ။ အသမိသဒါန လှူသောအခါလည်း ဝမ်းပြည့်အောင် မစားရလေ။ အသက်ရှည် ကာမျှသာ စားရသည်၊ထိုသူ၏သပိတ်၌ ယာဂုဟင်းချို ထည့်လျှင် ပင် ထည့်သောသူတို့သည် သပိတ်၌ ပြည့်လေပြီးသကဲ့သို့ ထင်၍ တပါး သပိတ်မှာသာ ထည့်လေကုန်၏။ ထို လောသကတိဿ ထေရ်၏ သပိတ်သို့ သံဃာစဉ်လှူ၍ ရောက်လာသောသူတို့သည် ယာဂုဆွမ်းခဲဘွယ် စားဘွယ်တို့ကိုခွက်၌ထည့်၍ လှူမည်ပြုသော် ယာဂုခွက်၌ ခဲဘွယ် စားဘွယ်တို့သည် ပျောက်ခဲ့ကုန်၏။

**ရဟန္တာဖြစ်ခြင်း**……ထိုလောသကတိဿ ထေရ်သည် အခါ တပါး နေ့၌ ဝိပဿနာကို ပွါးများ၍ ရဟန္တာအဖြစ်သို့ရောက်လေ၏။ထိုသို့ရဟန္တာဖြစ်ပါလျက်လည်း လာဘ်သပ္ပကာမရှိသည်သာလျှင်တည်း။

**နောက်ဆုံးနေ့**……ထိုလောသကတိဿ ထေရ်သည် အစဉ် သဖြင့် ပရိနိဗ္ဗာန် ပြုအံ့သောနေ့၌ အရှင် သာရိပုတ္တရာသိတော်မူ၍ ဤလောသကတိဿထေရ်သည် ယနေ့ ပရိနိဗ္ဗာန်ပြုတော့မည်ဖြစ်သောကြောင့် ထိုသူကိုဝအောင်အာဟာ ရကို ပေးအံ့ဟု ထိုလောသကတိဿထေရ်ကိုခေါ်၍ ဆွမ်းခံဝင် တော်မူသော် တဟင်းချိုမျှသော်လည်းမရချေ။ လူတို့လည်း ရှိခိုး ခြင်းကိုမျှမပြုပါလေ။ ယင်းသို့မှ ရှင်သာရိပုတ္တရာသည်လည်း ထို လောသကတိဿထေရ်သည် ဘုန်းကံမရှိသည်ကိုသိ၍ အသင် ငါ၏ကျောင်း၌ နေလင့်ဟုလွှတ်လိုက်၏၊ လောသကတိဿ သွား

www.dhammaransi.com



လေမှ ရှင်သာရိပုတ္တရာဆွမ်းခံဝင်လေသော် လူတို့သည် မြင်လျှင် ငါတို့ဆရာ ရှင်သာရိပုတ္တရာလာပြီဟု ဆွမ်းခဲဘွယ် စားဘွယ်ကို လှူကုန် ကျွေးမွေးကုန်၏။ အရှင်သာရိပုတ္တရာလည်း၎င်းဆွမ်းခဲဘွယ် တို့ကို လောသကတိဿအား ပို့ပါချေဟု ပို့စေလေ၏။ ထိုသို့ ပို့သောသူတို့သည် လောသကတိဿအား ခရီးအကြားတိုင်လျှင် မေ့ခဲ့၍ မိမိတို့စားကုန်၏။ အရှင်သာရိပုတ္တရာလည်း ကျောင်းသို့ ပြန်ခဲ့သော် လောသကတိဿထေရ်လည်း ရှင်သာရိပုတ္တရာကိုရှိခိုး၍ နေ၏။ အရှင်သာရိပုတ္တရာလည်း လောသကတိဿ ငါပို့လာစေ သောဆွမ်းခဲဘွယ် စားဘွယ်တို့ကို ဘုဉ်းပေးရပြီလောဟု မေး၏။ အရှင်ဘုရား မဘုဉ်းပေးရပါဟု လျှောက်၏၊ ထိုသို့လျှောက်သော် အရှင်သာရိပုတ္တရာလည်း ထိတ်လန့်ခြင်းဖြစ်လျက် နေအချိန်ကို ကြည့်သော် မလွန်သေးသောကြောင့် ၎င်းအရပ်၌ပင် နေနှင့်ဟု လောသကတိဿကို နေရာအရပ်၌ထားခဲ့၍ ကောသလမင်း၏ နန်းတော်သို့သွား၍ ဆွမ်းရပ်လေ၏၊ ကောသလမင်းကြီးလည်း အရှင်သာရိပုတ္တရာကိုမြင်လျှင် သပိတ်အပြည့် စတုမဓုရနှင့်တကွ လှူလိုက်၏။ အရှင်သာရိပုတ္တရာလည်း ဆွမ်းကိုယူခဲ့၍ ရောက်လာ လျှင် သပိတ်ကိုမပေးဘဲ ငါ့ရှင်လောသကတိဿ ၎င်းငါ့ကိုင်သော သပိတ်တွင် ဆွမ်းကိုယူ၍ စားလော့ဟု သပိတ်ကိုကိုင်၍ စားစေ၏။ ထိုလောသကတိဿထေရ်လည်း အရှင်သာရိပုတ္တရာ ကို ရိုသေသောကြောင့်မစားဝံ့ဘဲနေ၏။ အရှင်သာရိပုတ္တရာလည်း လောသကတိဿ ၎င်းသပိတ်ကိုငါလွှတ်က ဆွမ်းပျောက်လေအံ့၊ သင် မစားရပြီဟု ဆို၏။ ထိုသို့ဆိုမှ လောသကတိဿသည် ရှင်သာရိပုတ္တရာလက်တော်တွင်ကိုင်သော သပိတ်၌ ဆွမ်းခဲဘွယ် စားဘွယ်တို့ကိုရပ်လျက်ပင် စား၏။ ထိုလောသကတိဿထေရ် သည် ဝမ်းပြည့်အောင်စား၍ ထိုနေ့ပင်လျှင် ပရိနိဗ္ဗာန်ပြုလေ၏။

ဘုရားသခင်သည် လောသကတိဿထေရ်ကို သင်္ဂြိုဟ်တော် မူ၍ အရိုးဓာတ်စုကိုလည်း စေတီတည်၏၊ ထိုအခါ ရဟန်းသံဃာ တို့သည် တရားသဘင်၌ ပြောကြကုန်၏။ ထိုလောသကတိဿ

www.dhammaransi.com



ထေရ်သည် ဘုန်းလာဘ်သပ္ပကာ နည်းစွာ ဖြစ်လျက် အဘယ့် ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရလေသနည်းဟု ဆိုကြကုန်၏၊ ဘုရား သခင်လည်း ကြားတော်မူ၍ ရှေးဘဝကအတိတ်ကို ဟောတော် မူလို၍။

**အတိတ်ဝတ္ထု**.....ချစ်သားရဟန်းတို့ ဤလောသက တိဿ ထေရ်သည် ရှေးဘဝက ရဟန္တာတဦး၌ ဖြစ်သော လာဘ်သပ္ပကာကို ဖျက်ခဲ့ဘူးသောကြောင့် လာဘ်သပ္ပ ကာ မရှိသည်ဖြစ်၏။ အနိစ္စ,ဒုက္ခ,အနတ္တ-ဟူသော ဝိပဿနာကို ဆောက်တည် သောကြောင့် မဂ်ဖိုလ် တရားကို ရသည်ဟု မိန့်တော်မူ၍-ရှေးလွန်လေပြီးသော အကြောင်းကို ဟောတော် မူပေ၏။

ချစ်သားရဟန်းတို့ ဤလောသကတိဿထေရ်အား ကဿပ ဘုရားလက်ထက်တော်၌ ရဟန်းပြု၍ သူကြွယ်တယောက်သည် ကျောင်းဆောက်၍ ပြုရ၏၊ ထိုသူကြွယ်ကျောင်း၌ ဝိပဿနာကို လုံ့လပြု၍နေ၏။ အခါတပါးသောနေ့၌ ရဟန်းတဦးသည် ဟိမ ဝန္တာတောမှလာ၍ ထိုသူကြွယ်ရွာသို့ ရောက်လာ၏။ သူကြွယ် လည်းမြင်လျှင် သဒ္ဓါ၍ အိမ်ထက်သို့ပင့်၍ ဆွမ်းကျွေး ပြီးလျှင် အကျွန်ုပ်ဆရာကျောင်း၌ တည်းတော်မူပါ၊ တခြားကို သွားတော် မမူပါနှင့်၊ မသွားသင့်ရွှေ့လည်း ဆွမ်းလုပ်ကျွေးပါအံ့ဟုဆို၍ ဆရာ ကျောင်းကိုပို့လိုက်လေ၏။ ကျောင်းနေ ရဟန်းလည်း ဧည့်သည် ရဟန္တာနှင့် စကားစမြည် ပြောဟောကြ၍ အရှင် ဆွမ်းစားရပြီ လောဟုမေး၏။ ဧည့်သည်ရဟန္တာလည်း စားရပြီဟု ဆို၏။ ကျောင်းနေရဟန်းလည်း အဘယ်မှာ စားရသနည်းဟု မေးပြန်၏။ သူကြွယ်အိမ်မှာစားရသည်ဟုဆိုလျှင် ကျောင်းနေရဟန်းလည်း ဝန်တိုစိတ်ရှိ၍ တိတ်တိတ်နေ၏။

သူကြွယ်လည်း ညနေချမ်းအခါ ကျောင်းကိုလာလတ်၍ဆရာ နှင့် ဧည့်သည်ရဟန္တာကို ဆွမ်းဖိတ် လာ၏။ ဆရာကိုလည်း

ဧည့်သည်ရဟန်းကို ပင့်ပါဟုမှာခဲ့၍ သွား၏။ ကျောင်းနေရဟန်းလည်း ဝန်တိုခြင်းဣဿာမစ္ဆေရစိတ်ရှိ၍ ဧည့်သည် ရဟန်းကို ဤကျောင်းအရပ်၌ မနေဝံ့အောင်ကြံ၍ စကား တခွန်း မျှ မပြော တိတ်တိတ်နေ၏။ ဧည့်သည်ရဟန္တာလည်း ထိုကျောင်း နေရဟန်း မကောင်းသောနှလုံး ရှိသည်ကိုသိ၍ တပါးသောအရပ်သို့ သွားအံ့ဟုကြံ၏။ ကျောင်း နေ ရဟန်း သည် နံနက်စောစောက ထ၍ သင်္ကန်းရုံပြီးသော် ဧည့်သည်ရဟန်း နိုးမည်စိုး၍ ဝတ်၏ အလျောက် ကျောက်စည်ကို လက်သည်းဖြင့်ခြစ်၍ လက်သည်းဖြင့် တံခါးကိုခေါက်၍ သွားလေ၏။ ။သူကြွယ်လည်း ဧည့်သည် ရဟန်း မပါသည်ကိုမြင်၍ အရှင်ဘုရား ဧည့်သည် ရဟန်းကိုမပင့်ခဲ့ပါလေသဟု မေး၏။ တကာ ဧည့်သည်ရဟန်းကို နိုးစိမ့်မည်ဟူ၍ ကျောင်းဦး၌ရှိသော ကျောက်စည်ကို ထိုသော်လည်း မနိုးလို၊ တဖန် တံခါးရွက်ကို ခေါက်သော်လည်း နိုးစိမ့်သောငှါ မတတ်နိုင်။ ယမန်နေ့က တကာလှူသည့်ဆွမ်းကို စား၍ ဝလျှင် အစာမကျေနိုင်၍ အိပ်လေသည်ဖြစ်တော့သည်။ ထိုလို ရဟန်းကိုလည်း ဒါယကာသဒ္ဓါသလောဟုဆို၏။

ဧည့်သည်ရဟန္တာလည်း ဆွမ်းခံအခါ တန်လတ်သော် သင်္ကန်းရုံ၍ သပိတ်ကိုကိုင်ပြီးသော် ကောင်းကင်ဖြင့် သွား၍ တပါးအရပ်သို့ ဆွမ်းခံဝင်လေ၏။ ထိုသူကြွယ်သည် ဆရာကို ဆွမ်းကျွေးပြီးသော် ဧည့်သည်ရဟန်း ကို ဆွမ်းလှူပါဟု ဆွမ်းခဲဖွယ် စားဖွယ်တို့ကို ဆရာ့သပိတ်တွင်ထည့်လိုက်၏။ ကျောင်းနေ ရဟန်းလည်း ဧည့်သည်ရဟန်း သည် ဆွမ်းအရသာတို့ကိုစားလေကာ ငင်၍ထုတ်သော်လည်း မသွားပေပြီဟု ဝန်တိုစိတ်ဖြင့် တောအိုးလောင်ရာ အရပ်၌ ဆွမ်းထောပတ်ကိုသွန်ခဲ့၍ ကျောင်းသို့ သွားလေသော်--

**နောင်တ** .... ဧည့်သည်ရဟန်းကိုမမြင်၍ ဤရဟန်းသည်ကား ရဟန္တာဖြစ်မည် ငါ့အလိုကို သိ၍ သွားလေသည်ဟုသိ၍ ငါဝန်တိုသောစိတ်ဖြင့် သူ၏လာဘ်သပ္ပကာကို

www.dhammaransi.com



ပျက်ဆီးမိသည်ဟု အလိုလို စိတ်ပူ၍ ရတော့ခဲ့သော ငရဲ၌ဖြစ်လေ၏။

**မကောင်းကျိုး**……ထိုငရဲ၌ ခံပြီး၍ ငရဲမှ လွတ်သော်လည်း ဘဝငါးရာပတ်လုံး ဘီလူးဖြစ်၍ တနေ့မျှ ဝမ်းဝအောင် မစားရဘူးလေ။ ။ထိုဘီလူးအဖြစ်မှ အကြွင်းငါးရာ စေ့လျှင်လည်း ခွေးအဖြစ် ငါးရာစေ့အောင်ဖြစ်ပြန်လေ၏။ ထိုခွေး ဖြစ်ပြန်သောအခါလည်း တနေ့မျှဝမ်းဝအောင် မစားရဘူးလေ။

**မိတ္တဝိန္ဒက**…ထိုခွေးအဖြစ် ငါးရာစေ့၍ ရတော့ခဲ့သော ကာသိ ကရာဇ်တိုင်း၌ ရွာငယ်တရွာတွင် သူဆင်းရဲဝမ်း၌ ပဋိသန္ဓေနေလေ၏။ ထိုသူ ပဋိသန္ဓေနေသောနေ့မှစ၍ မိဖတို့ ပြုံငြင်ဆင်းရဲကုန်၏။ ဆယ်လစေ့လျှင် ဖွားလေသော ထိုသူငယ် သည် မိတ္တဝိန္ဒကဟုတွင်လေ၏။ ထိုမိတ္တဝိန္ဒကသည် သွားတတ် သောအခါရောက်သော် အမိအဖတို့သည် မွတ်သိပ်ခြင်းကို သည်း မခံနိုင်၍ နှင်ထုတ်လိုက်လေ၏။

ထိုသူငယ်လည်း ကိုးကွယ်ရာမရှိ၍ သွားလေသော ဗာရာ ဏသီပြည်သို့ရောက်လေ၏။ ထိုအခါ ဘုရားလောင်းသည် ဗာရာ ဏသီပြည်တွင် ဒိသာပါမောက္ခဆရာဖြစ်၍ တပည့်သားလုလင် ငါးရာတို့ကို အတတ်သင်၏။ ထိုမိတ္တဝိန္ဒကလည်း ဘုရားလောင်း ထံ၌နေ၍ အတတ်ပညာသင်၏။ ထိုမိတ္တဝိန္ဒက အတတ်ပညာ သင်လာသောနေ့မှစ၍ ဘုရားလောင်း ဒိသာပါမောက္ခ ဆရာ၌ လာဘ်သပ္ပကာမရောက် ဆိတ်ညံ့[၁] လေ၏။ မိတ္တဝိန္ဒကလည်း ဆရာ တပည့် လုလင်တို့နှင့် အငြင်းအခုံဖြစ်ကြလေ၏။ ဆရာဆုံးမသော စကားကိုမနာ၊ လုလင်တပည့်သားတို့နှင့် မသင့်၍ မိတ္တဝိန္ဒက လည်း အရပ်တပါးသို့ ပြေးလေ၏။ ရွာတရွာသို့ ရောက်သော် ကိုယ်အခလုပ်ဆောင်၍ အသက်မွေး၏။ကြီးလတ်သော် ထိုအရပ်

---

၁။ ဆိတ်ညံ့-တိတ်ဆိတ်ခြင်း၊ဆိတ်သုဉ်းခြင်း-လာဘ်တိတ်ခြင်း။

www.dhammaransi.com



၌ သူဆင်းရဲမတယောက်နှင့် အိမ်ထောင် ပြုလေ၏။ သားနှစ်ယောက်ဖွား၏။

ထို မိတ္တဝိန္ဒကကြောင့် ထိုရွာတို့သည်လည်း ခုနစ်ကြိမ်မီးလောင်ကုန်၏၊ ခုနစ်ကြိမ် မင်းဒဏ်သင့်ကုန်၏။ လယ် ချောင်းလုပ်သော တဖက်ဆည်ကန်တို့သည်လည်း ခုနစ်ကြိမ် ပျက်လေကုန်၏။ ထိုရွာသားတို့သည် မိတ္တဝိန္ဒကလာသောနေ့မှစ၍ ဤသို့ဆင်းရဲခြင်းဥပဒ် သင့်သည်ဖြစ်၏ဟု ရွာကနှင်ထုတ်လိုက်ကုန်၏။ သားမယားနှင့်တကွ တပါးအရပ်သို့သွားသော် ဘီလူးစားလေ၏။ မိတ္တဝိန္ဒကလည်း ပြေးလေ၏။ ဝေးသောအရပ်သို့ ပြေးလေသော် ဂမ္ဘီရသင်္ဘောဆိပ်သို့ရောက်လေ၏။ သင်္ဘောသူကြီး အကျွန်ုပ်ကို သူရင်းခပေးတော်မူပါ အတူလုပ်ဆောင်ပါမည်ဆိုလျှင် သင်္ဘောသားတို့လည်း သူရင်းခပေး၍ စီးစေလျက် အလုပ်ဆောင်ထည့်၍ သင်္ဘောလွှင့်လေသော် ခုနစ်ရက်တိုင်လျှင် သမုဒ္ဒရာအလယ်၌ သင်္ဘောသွေ့မသွားဘဲ တည်၍ထားဘိသကဲ့သို့နေ၍ သင်္ဘောသားတို့လည်း ငါတို့သင်္ဘောတွင် မသူတော်ပါမည်ဟု စာရေးတံကောက်သော် မိတ္တဝိန္ဒကသည် နှစ်ကြိမ်စေ့အောင် ကောက်မိလေ၏။ ထိုကြောင့်လျှင် မိတ္တဝိန္ဒကကို ဝါးစည်းဘောင်ပေးပြီးလျှင် မြစ္စာကိုင်စေ၍ သမုဒ္ဒရာအလယ်၌ မျှောလေ၏။

သင်္ဘောလှေသည် မိတ္တဝိန္ဒကကို ချလျှင်ပင် သိမ္ဗောမြင်းကဲ့သို့ ပြေးလေ၏။ မိတ္တဝိန္ဒကလည်း ဝါးစည်းကို စီး၍မျှောလေသော် ကဿပဘုရားသခင်လက်ထက် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော ဝိပဿနာ စောင့်ဘူးသောသီလ၏ စေတနာအားဖြင့် သမုဒ္ဒရာအလယ်တွင် ကျွန်းတချဉ်း ဗိမာန်တခုတွင် နတ်သမီးလေးယောက်နှင့်တကွ ခုနစ်ရက်စံစားရ၏။

ထိုနတ်သမီးတို့သည်လည်း ဝိမာနပေတ နတ်သမီးဖြစ်သောကြောင့် ခုနစ်ရက်စံ၍ ခုနစ်ရက် ဆင်းရဲခံရ၏။ ထိုနတ်သမီးတို့သည် ထိုမိတ္တဝိန္ဒကကို ငါတို့လာအောင် ဤဗိမာန်၌နေနှင့်ဟု မှာခဲ့၏၊ ဆင်းရဲခံအံ့သောငှါ သွားလေကုန်၏။ ထိုမိတ္တဝိန္ဒကလည်း

www.dhammaransi.com



နတ်သမီးတို့သည်သွားလေသော် ဝါးစည်းကို စီး၍ သမုဒ္ဒရာသို့ မျောလေလျှင် ကျွန်းတခုတွင် ငွေဗိမာန်၌ နတ်သမီး ရှစ်ယောက်နှင့် စံစားလေ၏။

ထိုငွေဗိမာန်မှ တပါးသောအရပ်သို့ မျောပြန်လေသော် ကျွန်းတခုတွင် ရွှေဗိမာန်၌ နတ်သမီး တကျိပ် ခြောက်ယောက်နှင့်တကွ စံစားရလေ၏။ ထိုကသွားပြန်လေသော် ပတ္တမြားဗိမာန်၌ နတ်သမီး သုံးကျိပ်နှစ်ယောက်နှင့်တကွ စံစားရလေ၏။ ထိုနတ်သမီးတို့သည်ကား ဝိမာနပေတ နတ်သမီးတို့ချည်းတည်း။ ခုနစ်ရက် ချမ်းသာစံစား၍ ခုနစ်ရက် ဆင်းရဲခံရသတည်း။နတ်သမီးတို့သည် မိတ္တဝိန္ဒကကို ဤဗိမာန်၌ နေနှင့်ပါဟု မှာခဲ့သော်လည်း မနေဘဲ ဝါးစည်း စီး၍မျောလေသော် သမုဒ္ဒရာအလယ်တွင် ကျွန်းတခု၌ ဘီလူးမ, နေရာသို့ ရောက်လေ၏။ ထိုအခါ ဘီလူးမတယောက်သည် ဆိတ်ယောင်ဖန်ဆင်း၍နေနှင့်၏။ မိတ္တဝိန္ဒကလည်း ဘီလူးမ, မှန်းမသိ၍ ဆိတ်သားစားအံ့ဟု ခြေကိုကိုင်၍ သတ်မည်ပြု၏။

ထိုဘီလူးမတို့သဘောသည် နတ်မျိုးဖြစ်သောကြောင့် ဘုန်းအာနုဘော်အားဖြင့် ထိုမိတ္တဝိန္ဒကခြေကို ကိုင်၍ပစ်သော် ဗာရာဏသီပြည်တံခါးပြင်၌ ကျလေ၏။ ထိုသို့ကျသောအခါ တံခါးပြင်၌ ဗာရာဏသီမင်း၏ဆိတ်ကို သူခိုးတို့ ခိုးနှင့်ကုန်၏။ ဆိတ်ထိန်းတို့သည်လည်း ခိုးသူကိုလိုက်လေသောအခိုက်တွင် မိတ္တဝိန္ဒကသည် ဆိတ်တခုခြေကို ဆွဲလျက်နှင့် ဆိတ်လည်း အသံပြင်းစွာ မြည်လတ်သတည်း။ ဆိတ်ထိန်းတို့လည်း မိတ္တဝိန္ဒကကို ခိုးသူဟု ဖမ်း၍ ပုတ်ခတ်ပြီးသော် မင်းကိုဆက်မည်လာ၏။

ထိုအခါ ဘုရားလောင်း ဒိသာပါမောက္ခဆရာသည် လုလင်ငါးရာနှင့်တကွ ရေချိုးမည်ဟု မြို့ကထွက်လတ်သော် မိတ္တဝိန္ဒကကို မြင်လျှင် ဤသူသည် ငါ့တပည့်ဖြစ်သောကြောင့် လွှတ်ပါဟုဆိုလျှင် ဆိတ်ထိန်းတို့လည်း လွှတ်၍သွားလေ၏။ မိတ္တဝိန္ဒကလည်း ဘုရားလောင်းထံ၌ နေလေ၏။ ဘုရားအလောင်းလည်း မိတ္တဝိန္ဒကကိုမေး၏။ ဤအခါတိုင်အောင် အဘယ်သို့ သွားချေသနည်းဟု

www.dhammaransi.com



မေးသော် မိတ္တဝိန္ဒကလည်း အလုံးစုံသော မိမိဖြစ်ဟန် များကို ပြန်ပြော၏၊ ဘုရားအလောင်းသည် အကျိုးကိုလိုသော သူတို့၏ စကားကို မနာသောသူသည် ဆင်းရဲရ၏ ဟူ၍ ဂါထာကို ဟောတော် မူပေ၏။

ယော အတ္ထကာမဿ ဟိတာနုကမ္ပိနော၊ ဩဝဇ္ဇမာနော
န ကရောတိ သာသနံ။
အဇာယ ပါဒ မောလုမ္ဗ မိတ္တဝိန္ဒကော ဝိယသောစတိ။

ဤဂါထာဖြင့် တရားဟောတော်မူပေသည်။

ထိုအခါ မိတ္တဝိန္ဒကသည်ကား ယခုလောသကတိဿရဟန္တာတည်း ဟုဟောတော်မူ၏။

ဤသို့လျှင် လောသကတိဿ ရဟန္တာသည် ရှေးဘဝက သူတပါး၌ ဖြစ်သော လာဘ်သပ္ပကာ စည်းစိမ် ချမ်းသာတို့ကို ဝန်တိုခြင်း တည်းဟူ သော ဣဿာ မစ္ဆေရစိတ် ရှိ၍ ဖြစ်ခဲ့ဘူး သောကြောင့် ငရဲခံရပြီးမှ လူဖြစ်ပါသော်လည်း ဝမ်းဝအောင် အစာကိုမျှ မစားရလေ။ ရဟန္တာ ဖြစ်သော်လည်း ထိုပြစ်မှားသော မကောင်းမှုကြောင့် တနေ့မျှ ဝမ်းဝ အောင် မစားရဘူးလေ။ ပရိနိဗ္ဗာန်ပြုသော နေ့၌သာလျှင် ရှင်သာရိ ပုတ္တရာ ဘုန်းတော်ကြောင့် ဝမ်းဝအောင်စားရ၍ ပရိနိဗ္ဗာန်ပြုရလေ၏။

**တိုက်တွန်းချက်....ထို့ကြောင့် အကြင် ရှင်, လူ, ရဟန်းတို့သည် စည်း စိမ် ချမ်းသာ လာဘ် သပ္ပကာ တို့ကို ဝန်တိုငြူစူ** ခြင်းကို မပြုကုန်ရာဟု ဘုရားသခင် ဟောတော်မူပေ၏။"

ဤသို့လျှင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အကျိုး အပြစ်တို့ကို ယထာဘူတဉာဏ်ဖြင့် သခ်ါရတရားတို့ကို အခါမလပ် မပြတ် နှလုံးသွင်း ကြကုန်ရာ၏။

ဤတွင်ရွှေကား-သခ်ါရဘာဇနီကျမ်းပြီး၏။

www.dhammaransi.com

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

ဟံသာဝတီစာအုပ်တိုက်
၃၅၇-ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့

5.

ဟံသာဝတီစာအုပ်တိုက်
အမှတ်-၃၅၇၊ ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့။